ලෝක ශ්‍රේෂ්ඨ කතා

ලියන්නේ

ලියන්නේ

ලියන්නේ

ရန်ကုန်မြို့၊ အာဘိဓမ္မာပြန့်ပွားရေးအသင်း

၏

ပထမ သြဝါဒါစရိယ

အဂ္ဂမဟာပဏ္ဍိတ.မူလပဋ္ဌာန်းဆရာတော်ဘုရား

ကိုယ်တော်တိုင်နည်းပေးခါ အဓိပ္ပါယ်များနှင့်တကွ

အဌကထာ ဋီကာမိန့်ဆိုချက်များပါ

ပဋ္ဌာန်းဆဝါရသင်္ချာ

ကို

တပည့်များအား ဝေဝေဆာဆာပို့ချပေးစဉ် အသံဖမ်းကြိုးခွေမှ

တဆင့်ကူးယူ ထုတ်ဝေလိုက်သော

အာသံဖမ်း

ဝ ဝ

ပဋ္ဌာန်းပို့ချစဉ်ကျမ်း

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် - ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၄။ ကောဇာ-၁၃၄၂။ ခရစ်-၁၉၈၀။

ဆုတ်ဝေသူ – ဦးဘင့ေ အကျိုးဆောင်ချုပ်
အဘိဓမ္မာပြန့်ပွားရေးအသင်း
ဆူးလေစေတီယင်ပြင်တော်-ရန်ကုန်မြို့။
ကင်းလွတ်ခွင့် အမှတ် (၃၃၀)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၅၄)

ပုံနှိပ်သူ – ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် (၀၂၁၅၅)
သုဓမ္မဝတီစာပုံနှိပ်တိုက်
အမှတ် ၅၃၊ မောင်ခိုင်လမ်း- ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် သုဓမ္မဝတီစာပုံနှိပ်တိုက်။

ကုဋေ ၁၀၀၀။ ဓမ္မဒါန ပထမအကြိမ်။
၁၉၈၀-ခု၊ နိုဝင်ဘာလ၊

ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဌာန်းကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

မူလပဌာန်းဆရာတော်ဘုန္တန်နာရဒ

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာန်းတရားတော်ကြီး၏ သဘာဝအားဖြင့် နက်နဲသိမ်မွေ့ပုံ နယအားဖြင့် အနန္တအပရိမာဏ နယတို့ဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူပုံကို ပဋ္ဌာန်းသင်ဘူးသူများသာ သိကြပါသည်၊ မသင်ဘူးသူများအနေဖြင့် မသိနိုင်ကြပေ။

ပဋ္ဌာန်းကျမ်းကြီး၏ အဦးအစ ကုသလတိုက်၏ သင်ရိုး ဟောရိုး အရကောက်မှုကိုပင် နည်းနာနယကောင်းစွာ မရကြပါက ငြိုငြင်ပင်ပန်းစွာ ရှေးအခါက ၂-နှစ် ၃-နှစ်ကြာမျှ သင်ကြားအားထုတ်ကြရပါသည်၊ ပဋ္ဌာန်းကျမ်းကြီးတွင် ဝိဘင်္ဂဝါရ သခ္ခါဝဝါရအားဖြင့်ရှိရာ ဝိဘင်္ဂဝါရများမှာ လွန်စွာခက်ခဲခြင်းမရှိဟု ဆိုနိုင်သေးသော်လည်း သခ္ခါဝဝါရများကို လေ့လာသင်ကြားရာ၌ နည်းနာနယကောင်းစွာ မရရှိပါက ဉာဏ်သက်ဝင်နိုင်ရန် အလွန်ခဲယဉ်းကြောင်း သင်ကြားဘူးသူတိုင်း ဝန်ခံပေလိမ့်မည်။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွါးရေးအသင်းတို့က၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကစ၍ ယနေ့တိုင်အောင် နေ့စဉ်မပြတ် အဘိဓမ္မာသင်တန်းများကို ဓမ္မဒါနအဖြစ် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ရာ ရဟန်းရှင်လူများစွာပင် တက်ရောက်သင်ကြားလျက် ရှိပါသည်။

ထိုအဘိဓမ္မာသင်တန်းများတွင် အသင်းကြီး၏ ပထမ ဩဝါဒါစရိယ ဆရာတော်ဖြစ်တော်မူသော ခင်ဦးတောရ မူလပဋ္ဌာန်းဆရာတော်ဘုရားသည် ပဋ္ဌာန်းသင်တန်းများတွင် ကိုယ်တိုင်ပို့ချပေးခဲ့ပါသည်။

ပဋ္ဌာန်းကျမ်းကြီး၏ ခက်ခဲမှုမှာ သခ္ခါဝဝါရများ ဖြစ်၏။ ထိုသခ္ခါဝဝါရတို့၌ ဆဝါရသခ္ခါ, ပဋ္ဌာဝါရသခ္ခါဟု နှစ်မျိုးရှိရာတွင် ပဋ္ဌာဝါရသခ္ခါများကပို၍ ခက်ခဲပါသည်၊ ဆဝါရသခ္ခါများသည် ပဋ္ဌာဝါရသခ္ခါလောက် ခက်ခဲမှုမရှိပါ။

သုမင်္ဂလတီ (က) ၁၅၅-ဂ

ပါဠိတော်

ပါဠိတော်၌ ထိုဆဝါရသခ်ၢများကို ပေယျာလပေါင်း များစွာဖြင့် သံဂါယနာတင်ထားခဲ့ရာ ပဋ္ဌိစ္စဝါရအနုလုံမှာ စာမျက်နှာ (၄) မျက်နှာ အပြည့်ပင် မရှိပါ၊ ပေယျာလထိုးထားပုံမှာလည်း ဝါရတခုနှင့်တခု မည်ညွတ်သဖြင့် အာဂုံဆောင်သော ပုဂ္ဂိုလ်များအတွက် အခက်အခဲရှိပါသည်၊ ပစ္စနိုက် စသည်တို့၌လည်း ပေယျာလထိုးပုံ မည်ညွတ်ပါ။

အဋ္ဌကထာ

အဋ္ဌကထာ၌ သခ်ၢဝါရများကို သခ်ၢအချင်းချင်းတိုက်၍ အရတူသော သခ်ၢ (သို့မဟုတ်) အရနည်းသောသခ်ၢ၏ အရကောက်ယူရပုံကို နည်းပေးထားပါသည်၊ ထိုနည်းသည် အနုလုံအဟုက် လျောက်ပတ် သင့်သလောက် လျောက်ပတ်နိုင်သော်လည်း ပစ္စနိုက်,အနုလောမပစ္စနိုက်, ပစ္စနိယာနုလောမတို့ အတွက်၌ကား မလျောက်ပတ်ပါ။

မူလဋီကာ

မူလဋီကာဆရာသည် ပဋ္ဌိစ္စဝါရပစ္စနိုက်၌ နဟေတုပစ္စည်း၏ သခ်ၢက ဒ္ဒေ နာရမ္မဏပစ္စည်း၏ သခ်ၢက ပဌမရှိရာတွင် ဒ္ဒေ မရဘဲ ကော်သာရကြောင်းကို "နဟေတုပစ္စယာ နာရမ္မဏော ဂဝ်" ဟူ၍ဝင်း၊ အနုလောမပစ္စနိုက်၌လည်း အညမညပစ္စည်းက သခ်ၢတိုကို၊ နာရမ္မဏပစ္စည်း၏သခ်ၢက ပဌမရှိရာတွင် တိုကို မရဘဲ ကော်သာ ရကြောင်းကို "အညမညပစ္စယာ နာရမ္မဏော ဂဝ်" ဟု ဟောထားကြောင်းကို လောက်ပြသဖြင့် သခ်ၢဝချင်းတိုက်ယူမှုမှာမလျောက်ပတ်ပါ။

အရကောက်

အရကောက်ဆရာပေါ်ကြီးသည် ပဌာန်းသခ်ၢခဏ်းများကို ကောက်ပြ ရာဝယ် ယမိုက်ကဲ့သို့ လေးချက်သေနည်းကို အသုံးပြု၍ကောက်ပြသဖြင့် အနုလုံပစ္စနိုက်သုဒ္ဓသခ်ၢများကို ကြည်လင်ခြင်းမရှိသော စာသင်သားများအတွက် အခက်အခဲတွေ့ရှိရပါသည်။

မူလပဋ္ဌာန်း ဆရာတော် ဘုရားရှင်သော အစီအစဉ်

မူလပဋ္ဌာန်းဆရာတော်သည် ပါဠိတော်အတိုင်း အနုလုံ,ပစ္စနိုက်,အနုလောမ ပစ္စနိုက်, ပစ္စနီယာနုလောမများကို တသန့်စီ တသန့်စီ ပို့ချရာတွင် အနုလုံနှင့် အနုလောမပစ္စနိုက်ကို ဆဝါရလုံးအတွက်ရင်း၊ ပစ္စနိုက်နှင့် ပစ္စနီယာနုလောမ များကို ဒွေဝါရ စတုဝါရဟု ခွဲခြားချိန်ရင်း၊ တခါတည်းကိစ္စပြီးလွယ်အောင် လွယ်ကူစွာ ပါဠိတော်အာဂုံဆောင်နိုင်မှု အရကောက်ဆိုရိုးများထုတ်မှု ပေ ယျာလများကို ဖော်စွမ်းနိုင်မှုနှင့်တကွ ခက်ဆစ်အဓိပ္ပါယ်များကိုပါ ဆိုင်ရာ ဆိုင်ရာ ဟောပြောပြသ ,သင်ကြားပေးခဲ့ပါသည်။

ထိုသို့ သင်ကြားပေးခဲ့သဖြင့် အလွန်ခက်ခဲလှပါသည်ဟု ဆိုရသော ပဋ္ဌာန်း သင်္ချာဝါရခဏ်းများမှာ ယခုအခါ လွယ်ကူစွာ တတ်မြောက်နိုင်ကြောင်း သင်တန်းတက်သူ သောတုဇနများ၏ ကိုယ်တွေ့ဖြစ်ပါသည်၊ ဤအသင်းကြီး ၏ အာဂုံနှင့် သဘောအဓိပ္ပါယ်ရေးဖြေ စာတော်ပြန်ပဲ့ကြီးက သာဓကပြလျက် ရှိပါသည်။

မှန်ပါသည်၊ မူလပဋ္ဌာန်းဆရာတော်ဘုရားသည် ခင်ဦးဌ္ဌ ဤသင်္ချာခဏ်း များကို နည်းပေးချိန် အမျိုးသမီးငယ်များအား သင်ကြားပေးရာတွင် သုဒ္ဓ သင်္ချာမျှကိုသာ ကျက်မှတ်ကြရသော အမျိုးသမီးငယ်များသည် နောက်ထပ် တစုံတရာကျက်မှတ်ဘွယ်ရာမရှိဘဲ ဆိုခိုင်းသမျှ ဟောခိုင်းသမျှ ဆိုနိုင်စွမ်း ဟောနိုင်စွမ်းရှိကြသည်ကို ပဋ္ဌာဝါရ ဝိဘင်္ဂ၏ ပါဠိအရကောက်များကို ကျက်မှတ်နေကြသော အမျိုးသမီးငယ်များက သူတို့တော့ ဘာတလုံးမျှ မကျက်မှတ်ရဘဲ ဆိုနိုင်လိုက်ကြတာ၊ ဒို့တော့ ကျက်လိုက်ရတာ သေလုရောဟူ ပြောကြောင်း ဆရာတော်အမိန့်ရှိသည်ကို ကြားဘူးခဲ့ရာ ကိုယ်တိုင်သင်ယူ သောအခါ၌ မှန်ကန်ကြောင်း တွေ့ရှိရပေသည်။

ပဋ္ဌာဝါရဝိဘင်္ဂကို တတ်မြောက်ရန် ကျက်မှတ်ရမှု များပြားပါသည်၊ ဆဝါရသင်္ချာအတွက် ဆရာတော်၏ နည်းနာနယသည် သုဒ္ဓသင်္ချာဖြင့် ဂဏိတ်ပြီး ပါသည်၊ အနုလုံ, ပစ္စနိုက် သုဒ္ဓသင်္ချာမျှကိုသာ ကြည်ညက်စွာ သရုပ်ကိုသိမှုဖြင့် ကျက်မှတ်ဆောင်ထားပါက ဆဝါရသင်္ချာအားလုံးကို ပင်ပန်းကြီးစွာ မကျက် မှတ်ရဘဲ အာဂုံဆောင်နိုင်မှု, ဆိုင်ရာအရကောက်တရားများ ထုတ်မှုတို့ကို ပြုနိုင်ပါလိမ့်မည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ ၁၃၂၈-ခုနှစ်တွင် ပဋ္ဌာန်းသင်္ချာဝါရများကို မူလပဋ္ဌာန်းဆရာတော်ဘုရား ပို့ချပေးစဉ်က အသံဖမ်းယူထားခဲ့ပါသည်၊ သောတုဇနတို့၏ တောင်းပန်မှုကြောင့် အသံဖမ်းကြိုးခွေမှ ပြန်လည်ကူးယူပြီး ဂက်စတင်နှာ ပုံနှိပ်စာအုပ်အဖြစ် ပြုလုပ်ဝေငှခဲ့ပါသည်၊ ယင်းဂက်စတင်နှာစာအုပ်စာမူတွင် ပုံနှိပ်မှား၊ လက်လွှဲမှု သတိချွတ်ချော်မှုများရှိက ပိုမိုသန့်ရှင်းစေရန် ဆရာတော်ဘုရား၏ အောက်ပါ တပည့်ကြီးများပါဝင်သော စီစစ်ရေးအဖွဲ့ကို ဖွဲ့စည်းစေပါသည်။

၁။ ဦးကျော်၊ ဥက္ကဋ္ဌ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။

၂။ ဦးဘိုးရွှေ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ၊သင်တန်းပြဆရာ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။

၃။ ဦးဘဝေ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ၊ သင်တန်းပြဆရာ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။

၄။ ဦးတွန်းမြင့်၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ၊ အမှုဆောင်လူကြီး၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။

၅။ ဦးညွှန့်စိန်၊ မဏ္ဍိမ အာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ၊ အမှုဆောင်လူကြီး၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။

၆။ ဒေါ်မြမြသန်း၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ၊ တာသက်ပန် အသင်းသူ၊အဘိဓမ္မာပြန့်ပွားရေးအသင်း။

၇။ ဒေါ်သန်းမြင့်၊ စူဠအာဘိဓမ္မိက ဝိသိဋ္ဌဥက္ကဋ္ဌကလျာဏဉာဏဓဇ၊ တာသက်ပန်အသင်းသူ၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း။

ယင်းစီစစ်ရေးအဖွဲ့သည် အကြိမ်ကြိမ်စည်းဝေးစီစစ်ကြပြီး ညှိနှိုင်းခဲ့ကြသည်၊ လိုအပ်သော အချက်အလက်များကို ဆရာတော်ဘုရားအား တင်ပြကာ အဆုံးအဖြတ်ယူကြပါသည်၊ ဤစာအုပ်သည် ပဋ္ဌာန်းသာသနာအတွက် မုချအကျိုးရှိမည်ဖြစ်သည့် "အသံဖမ်းပဋ္ဌာန်းပို့ချစဉ် ဆဝါရသင်္ချာစာအုပ်" ဟူသောအမည်ဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းမှ စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ပါသည်။

သာသနာတော်နှစ် ၂၅၂၄
ကောဇာသက္ကရာဇ် ၁၃၄ ၂-ခု
သီတင်းကျွတ်လပြည့် အဘိဓမ္မာအဝါတော်နေ့။

အမှုဆောင်အဖွဲ့
အဘိဓမ္မာပြန့်ပွားရေး အသင်း
ရန်ကုန်မြို့။

အသံဖမ်း ပဋ္ဌာန်း ပိုဋ္ဌစဉ် ဆဝါရ သန္ဓေါ

မာတိကာ

အမှတ်				
		အကြောင်းအရာ		စာမျက်နှာ
	နိဒါန်း			၈
		အနုလုံ		
၁	သုဒ္ဓသင်္ခေါ	....	....	၁
၂	ပေါတူမ္ဗု	....	....	၂၀
၃	အာဝရမ္ဗဏမ္ဗု	....	...	၄၅
၄	အဓိပတိမ္ဗု	....	....	၄၉
၅	အနန္တရ-သမနန္တရမ္ဗု စသည်	....	....	၅၃
၆	သဟဇာတမ္ဗု	....	....	၅၃
၇	အညမညမ္ဗု	....	....	၅၆
၈	ပုရေဇာတမ္ဗု	....	....	၆၅
၉	အာသေဝနမ္ဗု	....	....	၇၂
၁၀	ကမ္မမ္ဗု	....	....	၈၂
၁၁	ဝိပါကမ္ဗု	....	....	၉၀
၁၂	အာဟာရမ္ဗု	....	....	၉၈
၁၃	ဣန္ဒြိယမ္ဗု	....	....	၁၀၁
၁၄	ဈာနမ္ဗု	....	....	၁၀၄
၁၅	မဂ္ဂမ္ဗု	....	....	၁၀၇
၁၆	ဝိပ္ပယုတ္တမ္ဗု	....	....	၁၁၀

အစဉ်		အကြောင်းအရာ			စာမျက်နှာ
		ပဋ္ဌာန်း			
၁၇		သုဒ္ဓသခ်ျာ	....	....	၁၃၅
၁၈		နဟေတုမူ	....	....	၁၅၀
၁၉		နဝရမ္မဏမူ	....	....	၁၆၂
၂၀		နဝဓိပတိမူ	....	....	၁၆၅
၂၁		နအညမညမူ	....	....	၁၇၀
၂၂		နပုရေဇာတမူ	....	....	၁၇၆
၂၃		နပစ္ဆာဇာတမူ	....	....	၁၈၄
၂၄		နဝသေဝနမူ	....	....	၁၈၆
၂၅		နကမ္မမူ	....	....	၁၉၃
၂၆		နဝိပါကမူ	....	....	၁၉၉
၂၇		နအာဟာရမူ	....	....	၂၀၄
၂၈		နဈာနမူ	....	....	၂၀၆
၂၉		နစျာနမူ	....	....	၂၀၈
၃၀		နမဂ္ဂမူ	....	....	၂၁၀
၃၁		နဝိပ္ပယုတ္တမူ	....	....	၂၁၃
		ဗဟေါရ			
၃၂		နဟေတုမူ	....	....	၂၂၃
၃၃		နဝမ၀ပတမူ	....	....	၂၂၈
၃၄		နပုရေဇာတမူ	....	....	၂၃၁
၃၅		နပစ္ဆာဇာတမူ	....	....	၂၃၄
၃၆		နဝသေဝနမူ	....	....	၂၃၅
၃၇		နကမ္မမူ	....	....	၂၄၀
၃၈		နစျာနမူ	....	....	၂၄၇

အစဉ်			အကြောင်းအရာ			စာမျက်နှာ
၃၉	နှ		မဂ္ဂမူ	....	....	၂၄၈
၄၀	နှ		ဝိပွဿနာတ္တမူ	....	....	၂၅၁

အနုလေဝမပစ္စနိုက်

၄၁			ဟေတုမူ	....	....	၂၆၁
၄၂			အာရုမ္မဏမူ	....	....	၂၇၃
၄၃			အဓိပတိမူ	....	....	၂၇၅
၄၄			သဟဇာတမူ	....	....	၂၇၇
၄၅			အညမညမူ	....	....	၂၇၉
၄၆			ပုရေဇာတမူ	....	....	၂၈၆
၄၇			အာသေဝနမူ	....	....	၂၈၉
၄၈			ကမ္မမူ	....	....	၂၉၄
၄၉			ဝိပါကမူ	....	....	၃၀၀
၅၀			အာဟာရမူ	....	....	၃၀၅
၅၁			ဣန္ဒြိယမူ	....	....	၃၀၇
၅၂			စျာနမူ	....	....	၃၀၉
၅၃			မဂ္ဂမူ	....	....	၃၁၀
၅၄			ဝိပွဿနာတ္တမူ	....	....	၃၁၄

ပစ္စနိယာနုလေဝမ

၅၅	နှ		ဟေတုမူ	....	....	၃၂၄
၅၆			နာရုမ္မဏမူ	....	....	၃၃၁
၅၇			နာဓိပတိမူ	....	....	၃၃၃
၅၈	နှ		အညမညမူ	....	....	၃၃၇
၅၉	နှ		ပုရေဇာတမူ	....	....	၃၄၀
၆၀	နှ		ပစ္ဆာဇာတမူ	....	....	၃၅၀

အစဉ်		အကြောင်းအရာ			စာမျက်နှာ
၆၁		နာသေဝနမူ	....	....	၃၅၂
၆၂		နှ ကမ္မမူ	....	....	၃၅၈
၆၃		နှ ဝိပါကမူ	....	....	၃၆၄
၆၄		နှ အာဟာရမူ	....	....	၃၆၉
၆၅		နှ ဣန္ဒြိယမူ	....	....	၃၇၀
၆၆		နှ စျာနမူ	....	....	၃၇၁
၆၇		နှ မဂ္ဂမူ	....	....	၃၇၂
၆၈		နှ ဝိပ္ပယုတ္တမူ	....	....	၃၇၄
		ဒွေဝါရ			
၆၉		နှ ဟေတုမူ	....	....	၃၈၆
၇၀		နှ ဝိပတိမူ	....	....	၃၉၂
၇၁		နှ ပုရေဇာတမူ	....	....	၃၉၄
၇၂		နှ ပစ္ဆာဇာတမူ	....	....	၃၉၈
၇၃		နာသေဝနမူ	....	....	၃၉၉
၇၄		နှ ကမ္မမူ	....	....	၄၀၄
၇၅		နှ ဝိပါကမူ	....	....	၄၀၇
၇၆		နှ စျာနမူ	....	....	၄၀၉
၇၇		နှ မဂ္ဂမူ	....	....	၄၁၀
၇၈		နှ ဝိပ္ပယုတ္တမူ	....	....	၄၁၂

မာတိကာပြီး၏။

န�၏ သီ ဘဂဝတော အရဟတော သမ္မာ သမ္ဗုद္ဓဿ။

ဆဝါရ အနုလုံ သုဒ္ဓသစ္စာ ၎င်း

ပန္နည်းဆမည်	နာဓ	ရူဓ	သုံးပါး ပဋိဗေဓ ပစ္စယ သံသုဒ္ဓ
ဟေတု	သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒ္ဒေ၌ မောဟ ကြောင့်သော သဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာ လေးပါး	သဟိတ်စိတ်တွင်ရှိ၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရှိ	၉ ၁ ၂ ၃
အာ၊နုံ၊သနုံ၊ ဥ၊သံ၊နတ်၊ဝိဂ	စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာလေးပါး		၃ ၂ ၃
အဝိပတိ	အဝိပတိပစ္စည်းကို ရသောအခါ အဝိ တိတရား ကိုယ်ကြောင့်သော သာဝိပတိဇော ၅ ခု နာမ	သာဝိပတိ စိတ်တွင်ရှိ	၉ ၁ ၂ ၃
သဟ၊ နိ၊ အတ်၊ အဝိ	အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမ လေးပါး	ရူတွင်ရှိ-ပဋိသန္ဓေ ကမ္မဇ-ဗာဟိရ-အာဟာရဇ-ဥတုဇ-အသညသတ်ကမ္မဇ-ပဝတ္တိကမ္မဇရှိ	၉ ၁ ၂ ၃
အညမည	အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာ လေးပါး	ပဋိသန္ဓေ နာမကွန်ရာမှ ထောက်အပ်သော ဟာဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ်တွင် မဟာဘူတ် - ပဋိသန္ဓေ ကမ္မဇ - ဗာဟိရ - အာဟာရဇ - ဥတုဇ - အသညသတ် ကမ္မဇ - ပဝတ္တိ ကမ္မဇ မဟာဘူတ်	၃ ၂ ၃
ဃရေဇာတ	အရူပ ဝိပါက် ၄ ခု ကြောင့်သော ပဋ္ဌေဝါကာရ ပဝတ္တိ နာမကွန်ရာ လေးပါး		၃ ၂ ၃
အာသေဝန	အကုသိုလ် ဒွါဒသ, ဟသိတုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ, မဂ် ၄ ခု နာမကွန်ရာ		၃ ၂ ၃
ကမ္မ	ကုသိုလ် အကုသိုလ် ကြိယာ စေတနာ ကြောင့်သော အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမကွန်ရာလေးပါး	စိတ်တွင်ရှိ, ပဋိသန္ဓေ ကမ္မဇရှိ, အသညသတ် ကမ္မဇရှိ, ပဝတ္တိကမ္မဇရှိ	၉ ၁ ၂ ၃
ဝိပါက	အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာ လေးပါး	ဝိပါက်ပြုအပ်သောစိတ်တွင်ရှိ, ပဋိသန္ဓေ ကမ္မဇရှိ	၁ ၁ [illegible]
အာဟာရ	အလုံးစုံသောပဝတ္တိ ပဋိသန္ဓေနာမကွန်ရာလေးပါး	စိတ်တွင်ရှိ, ပဋိသန္ဓေ ကမ္မဇရှိ, အာဟာရဇရှိ	၉ ၁ [illegible]
ဇုန္ဒြိယ	အလုံးစုံသောပဝတ္တိ ပဋိသန္ဓေနာမကွန်ရာလေးပါး	စိတ်တွင်ရှိ, ပဋိသန္ဓေကမ္မဇရှိ, ရှင်ဇီဝိတိန္ဒြေ ကြောင့်သော အသညသတ် ကမ္မဇရှိ, ပဝတ္တိကမ္မဇရှိ	[illegible] ၂
ဈာန	ဒွေပဉ္စဝိညာဉ် တဆယ် ကြောင့်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာလေးပါး	စိတ်တွင်ရှိ, ပဋိသန္ဓေ ကမ္မဇရှိ	[illegible] ၂
မဂ	သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက်ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာ လေးပါး	သဟိတ်စိတ်တွင်ရှိ, [illegible]	[illegible]
ဝိပဿနာ	အရူပ ဝိပါက် ၄ ခု ကြောင့်သော ပဋ္ဌေဝါကာရ ပဝတ္တိ ပဋိသန္ဓေ နာမကွန်ရာလေးပါး	စိတ်တွင်ရှိ, ပဋိသန္ဓေ ကမ္မဇ[illegible]	[illegible] ၂

သံသရာနှင့် သမ္ပယုတ္တဝါရဒ္ဒ ရူပ်တရားများကို ချန်ခဲ့ပါ

အသိပညာနိုးဦးချစဉ်

ဆဝါရသချ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* ပဋ္ဌာန်းကုသလတိက် ဆဝါရ အနုလုံသင်္ချာဝါရ

တပည့်တော်တို့ ပဋ္ဌာန်းတရားတော်ကြီးဟာ အင်မတန် ခက်ခဲနက်နဲ သိမ်မွေ့ပါတယ်၊ ခက်ခဲနက်နဲ သိမ်မွေ့တယ် ဆိုပေတယ်လို့ ခက်ခဲနက်နဲ သိမ်မွေ့ကြောင်းကို ပဋ္ဌာန်းမဿင်ဘုံးတဲ့ ပုဂ္ဂိုလ်ကြီး နားမလည်ကြပါဘူး၊ ပဋ္ဌာန်းသင်ဘုံးတဲ့ပုဂ္ဂိုလ်တွေကျမှသာ နားလည်ကြပါတယ်၊ တပည့်တော်တို့ ပဋ္ဌာန်းပါဠိတော်ကြီးရဲ့ ပထမအုပ်မှာ ကုသလတိက် ဝေဒနာတိက် စသည်ဖြင့် (၅) တိက် ရှိပါတယ်၊ အဲဒီ(၅)တိက် ရှိတဲ့အနက်က ကုသလတိက်မှာ ဝိဘင်ဝါရတွေကို အပြည့်အစုံ ဟောပါတယ်၊ ပဥ္စဝါရပစ္စနိုက် ပစ္စနိယာနုလောမကျတော့ ပေယျာလကြီး အတော်ဘဲ ထိုးပြီးထားပါတယ်၊ ဒီတော့ ပဋ္ဌာန်းဝိဘင်ဝါရမှာ ပါဠိတော်နှင့်တကွပြည့်ပြည့်စုံစုံရှိခြင်းကြောင့် ၎င်းပါဠိကိုကြည့်ပြီး အရကောက်များ ကောက်မယ်ဆိုရင် အလွန်တရာ မခက်ခဲလှပါဘူး၊ သင်္ချာဝါရတွေကျတော့ အင်မတန်ခက်ပါတယ်၊ သင်္ချာဝါရတွေခက်ပုံကို ပြောရမယ်ဆိုရင် တပည့်တော်တို့ မြန်မာပြည်မှာ အင်မတန် ထင်ရှား ကျော်စောတဲ့

---

* ၁၃၂၈-ခု၊ ဒုတိယဝါဆိုလဆန်း (၂) ရက် (၁.၉-၇-၆၆)အပါနေ့၊ ပထမအကြိမ်။ သုဓမ္မဝတီ (က) ၁၅၅-၁

ဆရာတော်ကြီးတပါး ရှိပါတယ်၊ ဒီဆရာတော်ကြီးဟာ စာပေကို တပါးသော ဆရာထံမှ သင်ကြားမှုမရှိသလောက် အင်မတန်ဘဲ နည်းပါတယ်၊ မိမိကိုယ်တိုင် ကြံဆပြီးယူတာတွေ အင်မတန် များပါတယ်၊ ဒီဆရာတော်ကြီးဟာ တနေ့ကျတဲ့အခါမှာ ပဌာန်းပစ္စည်း ပြိုင်ခေါ်တဲ့ ဃဋ္ဌနာကို ကြံဆတော်မူပါတယ်၊ ကြံဆတဲ့အခါမှာ အင်မတန်ကြီးကျယ်တဲ့ ဉာဏ်ပညာရှိတော်မူတဲ့ ဆရာတော်ကြီးသော်မှ ပစ္စည်းပြိုင်ကို သဘောမကျပါဘူး၊ ကျကျနန နားလည်နိုင်ဘို့ရာ မစွမ်းခဲ့ပါဘူး၊ အဖန်ဖန်အထပ်ထပ် ကြံဆလို့မရတဲ့အခါ မျက်ရည် ကျတော်မူတယ်၊ ပစ္စည်းပြိုင်ခေါ်တဲ့ဃဋ္ဌနာကို တပါးသော ဆရာသမားထံသွားပြီးကြံဆမှာဘဲ၊ ငါကြံဆလို့တော့ဖြင့် မဖြစ်ဘူးဆိုပြီး မန္တလေးသွားပြီးသင်ရန် လှေကလေးနဲ့ ထွက်လာတယ်ဆိုတဲ့အကြောင်းကို ၎င်းဆရာတော်ကြီးရဲ့ တပည့်ကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တဦးက ပြောပြသဖြင့် ကြားခဲ့ရဘူးပါတယ်။

ဒီတော့ ဒီသင်္ချာဝါရတွေဟာ အင်မတန်ဘဲ ခဲယဉ်းပါတယ်၊ နှက်နဲ့ပါတယ်၊ တပည့်တော်များ ဒီသင်္ချာဝါရတွေကို အင်မတန်လွယ်ကူတဲ့ နည်းနာနယ ရဘို့ရာအတွက် အင်မတန်ဘဲ ကြံဆပြီးယူရပါတယ်၊ တခါတခါ ဇယားကလေးတခုရဘို့ရာအတွက် (၇)ရက် (၁၅)ရက်၊ တခါတလေ တလနီးပါးမျှ ကြံဆပြီး ယူခဲ့ရပါတယ်၊ ဒီလို ကြံဆတဲ့အခါမှာ ပဥ္စာဝါရဆိုင်ရာ သဘာဂဃဋ္ဌနာဆိုတဲ့ အနှုလုံးကို သဘောကျသွားပါတယ်၊ သဘောကျသွားလို့ ပစ္စနိုက်ကို ကြံဆတဲ့အခါ အင်မတန်ခဲယဉ်းပါတယ်၊ ပစ္စနိုက်တရားကြီးကို အခ္ခါဆရာတွေ ရေးတဲ့စာအုပ်တွေ ကြည့်ပြန်တော့ ပိုမိုပြီး ရှုပ်ထွေးပါတယ်၊ တပည့်တော်များရဲ့ ကိုယ်တိုင် ဒီပစ္စနိုက်တရားကြီးကို ကြံဆတဲ့အခါမှာ ဉာဏ်မသက်ဝင်နိုင်ဘဲဖြစ်နေပါတယ်၊ ဒါနဲ့ တပည့်တော်ဟာ တနေ့ မန္တလေးသွားပြီး ဆရာတော် တပါးထံချဉ်းကပ်ခါ ဘုရားတပည့်တော်များဖြင့် ဒီပဥ္စာဝါရပစ္စနိုက်ကို ကြံဆမှုအတွက် အင်မတန်ဘဲ ခဲယဉ်းနေပါပြီ ဆရာတော်များ နှည်းနာနယ ပေးနိုင်ခဲ့လို့ရှိရင် ပေးတော်မူပါလို့ လျှောက်ကြားခဲ့ပါတယ်၊ လျှောက်ကြားတော့ ဒီဆရာတော်ကလဲ ခပ်လွယ်လွယ်ဘဲ ငါလဲ မသိဘူးတဲ့၊ ငါလဲ မသိဘူးဆိုတော့ ညဝါမှာ တော်တော်ကျော်ကြားတဲ့ ဆရာတော်ကြီးမှ မသိခဲ့လို့ရှိရင် တပါး တခြားသော ပုဂ္ဂိုလ်တွေသိတော့မှာ မဟုတ်တော့ပါဘူး၊ တပါးတခြား

သောပုဂ္ဂိုလ်တွေကိုအားကိုးနေလို့တော့ဖြင့် မဖြစ်ဘူး၊ ငါ့ဟာငါပြန်ပြီးကြံဆ လေမှာဘဲလို့ မိမိနေရာဌာန ခင်ဦးပြန်ပြီး ကြံဆရပါတယ်၊ ကြံဆတဲ့အခါမှာလဲ အကြိမ်ပေါင်းများစွာပါဠိတော်နဲ့လဲ ကိုက်ညီအောင်-အရကောက်နဲ့လဲကိုက်ညီ အောင်-ထုတ်ထုနေရာဌာနမှာ လုံလေသေးမရှိ-ပေယျာလ စသည်တွေကုလည်း ဖေါ်နိုင်အောင် အတော်ဘဲကြံဆခဲ့ရပါတယ်၊ ထို့နောက် အနုလောမပစ္စနိုက် ကျပြန်တော့ပါဠိတော်ကပေယျာလမထိုးဘူး၊ဣန္ဒြိယပစ္စည်းမှာသာနဲ့နဲပါးပါး ထိုးပြီးဟောထားတော့ ရှေးအခါက စာမျက်နှာ (၅၄)မျက်နှာ ရှိခဲ့ပါတယ်၊ အဲဒါတွေကိုလဲဘဲ ကြံဆလို့ရခဲ့ပါတယ်၊ ဒါတွင်မှမကဘဲ တိုးတက်ပြီး ပဋ္ဌာန်း (၂၄)ကျမ်းလုံးကုန်သည့်တိုင်အောင်ကြံဆပြီးလာခဲ့ပါတယ်၊ဒီလိုကြံဆတဲ့အခါ အထက်အထက်ဖြစ်တဲ့ ဓမ္မပစ္စနိုက်ပဋ္ဌာန်းတွေကတော့ အင်မတန်ခက်ပါတယ်၊ သင်္ချာကလေးတလုံး ရဘို့ရာအတွက် တခါတရံ နာရီဝက်လောက် တွက်ပြီး ယူရပါတယ်၊ တရားတွေကိုလဲ ကိုယ့်ဟာကိုယ်ထုတ်ပြီး ယူရပါတယ်၊ ဒါကြောင့် ဒီသင်္ချာဝါရတွေဟာ အင်မတန်ဘဲ့ ခက်ပါတယ်၊ ယခု အင်မတန်ခက်တဲ့ သင်္ချာ ဝါရတွေကို အင်မတန် လွယ်ကူတဲ့ နည်းနာနယရအောင် ကြံဆပြီးထားတဲ့ အတိုင်း ဤသင်္ချာဝါရတွေဟာ ယခု လွယ်ကူလို့လာပါပြီ၊ အဲဒီ သင်္ချာဝါရ မှာလဲ ဆဝါရသင်္ချာ၊ ပဥ္စာဝါရသင်္ချာရယ်လို့ ၂-မျိုးရှိတဲ့အနက် ပထမရှေးဦးစွာ ဆဝါရသင်္ချာကို ယနေ့ကစ၍ ပို့ချပေးပါမယ်၊ ဆဝါရသင်္ချာ ပို့ချပေးတော့ အနုလုံသုဒ္ဓသင်္ချာ ဇယားကို ကြည့်ပါ။

တပည့်တော်များ ယခု ပဋ္ဌာန်းကျမ်းကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရာမှာ ပစ္စည်းတရား ပစ္စယုပ္ပန်တရား နှစ်မျိုးလုံးကို ဝိဘင်္ဂနှင့်သင်္ချာ ထုတ်တဲ့အခါမှာ ထည့်ပြီးရေးဘို့ရာ စိတ်ကူးထားပါတယ်၊ တချို့လဲ အသင့်အတင့် ရေးပြီးပါပြီ၊ ဒါပေတဲ့ ယနေ့ ဤဆဝါရကို ပို့ချရာမှာတော့ အရကောက်နှင့် ကိုက်ညီသွား အောင် သုဒ္ဓသင်္ချာ ဇယားကိုကြည့်ပြီး ဆိုကြပါ၊ ဆိုရိုးကလေးကို ဆိုပြီး ပြပါ့မယ်။

ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဓေ ၌ မောဟကြည်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ဤ တရားတို့သည်

ဟောတုပစ္စည်း၏ ပစ္စယုပ္ပန္နပမာဏဖြစ်သောတရားတို့ ပည်ကုန်၏၊ သခ္ခါ နဝ-သတ္တ ရသ- တိဏဟူသည်တည်း။

နဝ-သတ္တရသ-တိဏရတဲ့ သခ္ခါရတွေကို ပြောပြပါမယ်၊ အထက်ခေါင်းစဉ်မှာ ပဋ္ဌိစ္စလို့ ရေးထားပါတယ်၊ ပဋ္ဌိစ္စလို့ ရေးထားရင် ဆဝါရဖြစ်တဲ့အတွက် သဟဇာတ ဝါရလဲ ပါပါတယ်၊ ပစ္စယလို့ ရေးထားတဲ့နေရာမှာ နိဿယဝါရလဲပါပါတယ်၊ သံသဋ္ဌလို့ ရေးထားတဲ့နေရာမှာ သမ္မယုတ္တဝါရလဲ ပါပါတယ်၊ ဒီလိုပါမှသာ ဆဝါရ ဖြစ်ပါတယ်၊ ဒါပေတယ်လို့ လွယ်ကူဘို့ရာအတွက် တူကြတဲ့ သဟဇာတ- နိဿယ -သမ္မယုတ္တပစ္စည်းတွေကို မထည့်တော့ဘဲ ပဋ္ဌိစ္စ-ပစ္စယ- သံသဋ္ဌ ရယ်လို့ ၃- မျိုးသာ ရေးထားပါတယ်၊ ဆဝါရတွင် ပထမ ရှေးဦးစွာ ပဋ္ဌိစ္စဝါရမှာ သဟဇာတပစ္စည်းကို ဟောပါတယ်။

တပည့်တော်တို့ သဟဇာတပစ္စည်းကို ဟောတယ်လို့ဆိုတော့ သဟဇာတပစ္စည်းရဲ့ ပစ္စယုပ္ပန်ကို သိရပါလိမ့်မယ်၊ ဒီသဟဇာတပစ္စည်းရဲ့ ပစ္စယုပ္ပန်ကို ပစ္စယနိဒ္ဒေသမှာရင်း၊ ပဉ္စဝါရမှာရင်း ဟောထားပါဘယ်၊ အကျဉ်းချုပ် အားဖြင့်-သဟဇာတရဲ့ ပစ္စည်းတရားဟာ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသမဟာဘုတ် ,-ပါးဟဒယဝတ္ထုဖြစ်ပါတယ်၊ပစ္စယုပ္ပန်တရားကျတော့ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ရူပ် အင္ဂပီသဖြစ်ပါတယ်၊ ဒီရူပ် အင္ဂဝီသကို ပဌာန်းကျတော့ ရူပ်ခုနှစ်မျိုးခွဲပြီး စိတ္တဇရူပ်, ပဋိသန္ဓေကမ္မဇရူပ်, ဗာဟိရရူပ်, အာဟာရဇရူပ်, ဥတုဇရူပ်, အသညသတ်ကမ္မဇရူပ်, ပဝတ္တိကမ္မဇရူပ်လို့ ဟောထားပါတယ်၊ ဟောတုပစ္စည်းမှာ သဟဇာတပစ္စည်း ပစ္စယုပ္ပန် အားလျော်စွာ"သဟိတ်စိတ် ဧကသတ္တတိ စေတသိက်ဒွေပညာသ သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ် ဟဒယဝတ္ထု" လို့ ပစ္စည်းတရားရပါတယ်၊ ပစ္စယုပ္ပန်တရားက ခုနကဆိုခဲ့တဲ့ အတိုင်းပါဘဲ၊ သဟဇာတပစ္စည်းလို့ ဆိုဒါဟာ တဥပါဒ် တဋ္ဌိ တည်းမှာ အတူကကွ ဖြစ်ကြတဲ့တရားမျိုး ဖြစ်ပါတယ်၊ အတူတကွ ဖြစ်ကြတဲ့ တရားမျိုးဖြစ်ခြင်းကြောင့် ကုသလတိုက်ကိုယခုဟောမှာဖြစ်တဲ့အတွက် ကုသိုလ်ဆိုင်ရာ အကုသိုလ်ဆိုင်ရာ အဗျာကတဆိုင်ရာ တရားတွေကို ရှေးချယ်ရပါလိမ့်မယ်၊ ရှေးချယ်တော့ တပည့်တော်တို့ ပစ္စည်းတရားဘက်က ကုသိုလ်ရှေးလိုက်

မယ်ဆိုလျှင် သဟိတ်စိတ် ကေသတ္တတိထဲက ကုသိုလ်စိတ် ကေဝိသ ရပါတယ်၊ ပစ္စယုပ္ပန်တရားမှာလည်းဘဲ သဟိတ်စိတ် ကေသတ္တတိထဲက ကုသိုလ်စိတ် ကေဝိသပင်ရပါတယ်၊ ဒီတော့ ပစ္စည်းကလဲဘဲကုသိုလ်စိတ် ကေဝိသ ၎င်းတသိုက်အဌ တိုံသ ပစ္စယုပ္ပန်ကလဲဘဲ ကုသိုလ်စိတ် ကေဝိသ စေတသိုက် အဌတိုံသဖြစ်နေ လေတော့ ပစ္စည်းပစ္စယုပ္ပန်တရားဟာ တူသယောင်ယောင် ထင်ရပါတယ်၊ ကုသိုလ်စိတ် ကေဝိသ စေတသိုက်အဌတိုံသကို ခန္ဓာဖွဲ့လိုက်ရင် နာမကွန္ဓာ လေးပါး ရပါတယ်၊ ပစ္စည်းဘက်ကနည်းတူစွာ ပစ္စယုပ္ပန်ဘက်ကလဲ နာမကွန္ဓာ လေးပါး ရပါတယ်၊ နာမကွန္ဓာလေးပါးထဲက တပါးဟာ ပစ္စည်းဖြစ်လျှင် သုံးပါးဟာ ပစ္စယုပ္ပန် ဖြစ်ပါတယ်၊ သုံးပါးဟာ ပစ္စည်းဖြစ်လျှင် တ၀ပါးဟာ ပစ္စယုပ္ပန်ဖြစ်ပါတယ်၊ နှစ်ပါးဟာ ပစ္စည်းဖြစ်လျှင် နှစ်ပါးဟာ ပစ္စယုပ္ပန်ဖြစ် ပါတ့ယ်၊ အဲဒါကိုပင် ဝိဘင်္ဂ၀ါရမှာ– ကုသလံ ကေ၀ံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ, တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော, ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေခန္ဓာ ·လို့ ဟောပါတယ်၊ ဒီတော့ကာ ပစ္စည်းကလဲဘဲ ကုသိုလ် ပစ္စယုပ္ပန်ကလဲ ကုသိုလ်ရှိခြင်းကြောင့် သင်္ချာနဝထဲက ကုသလေန ကုသလံ ရပါတယ်။

အကျယ်တ၀င့် ပြောနေမယ်ဆိုရင် အချိန် အလွန်ကုန်ပါလိမ့်မယ်၊ အဲဒီ တော့ကာ တပည့်တော် ခပ်လွယ်လွယ်ဘဲပြောမယ်၊ ပစ္စည်း သဟိတ်စိတ် ကေ သတ္တတိထဲက ကုသိုလ်ရှိပါတယ်၊ ပစ္စယုပ္ပန်မှာ သဟိတ်စိတ္တဇရူပ် ရှိပါတယ်၊ ဒီတော့ ပစ္စည်းကကုသိုလ် ပစ္စယုပ္ပန်သဟိတ်စိတ္တဇရူပ်က အဗျာကတ ဖြစ်ခြင်း ကြောင့် ကုသလေနအဗျာကတံ ရပါတယ်၊ တဖန် ပစ္စည်းဘက်က ကုသိုလ် စိတ် ကေဝိသပါဘဲ၊ ပစ္စယုပ္ပန်က ကုသိုလ်စိတ် ကေဝိသနဲ့ ခုနက အဗျာကတ ဖြစ်တဲ့ သဟိတ်စိတ္တဇရူပ်ကို ယူလိုက်တဲ့အခါမှာ ကုသလေန ကုသလာ-ဗျာကတံ–ရပါတယ်၊ ဒါကြောင့် သင်္ချာနဝထဲက ကုသိုလ်(၃)ချက် ရပါတယ်၊ ကုလလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာ-ဗျာကတံ။

ထိုနည်းတူစွာ သဟိတ်စိတ် ကေသတ္တတိ စေတသိုက်ဒွေပညာသထဲမှာ အကု သိုလ်ရှိတယ်၊ ပစ္စယုပ္ပန်ကလဲ အကုသိုလ်ရှိတယ်၊ ဒါကြောင့် အကုသလေန အကု သလံ- အကုသိုလ်က စိတ္တဇရူပ်ကို သွားတဲ့အခါမှာ အကုသလေန အဗျာကတံ–

အကုသိုလ်က အကုသိုလ်နဲ့ စိတ္တဇရုပ်ကို သွားတဲ့အခါမှာ အကုသလေန အကု-သလာဗျာကတံ-လို့(.)ချက်ဘဲ ရပြန်ပါတယ်၊ ဒီတော့(၆)ချက်ရှိသွားပါပြီ။

တဖန် သဟိတ်စိတ် ဧကသတ္တတိထဲက ကုသိုလ် အကုသိုလ် ယူသွားတော့ ဘာတွေကျန်သလဲ၊ သဟိတ်ဝိပါက် ကြိယာတွေကျန်ပါတယ်၊ ပစ္စည်းသဟိတ် ဝိပါက်ကြိယာတွေနဲ့ ပစ္စယုပ္ပန်က သဟိတ်ဝိပါက်ကြိယာတွေနှင့်တကွ ပဝတ္တိ အခါမှာ စိတ္တဇရုပ်-ပဋိသန္ဓေအခါမှာ ပဋိသန္ဓေကမ္မဇရုပ် ဒါတွေဟာ အဗျာ ကတတွေဘဲ ဖြစ်ပါတယ်၊ အဲဒါကြောင့် သူ့အတွက် အဗျာကတေန အဗျာ ကတံရပါတယ်၊ ပြီးတော့ ပစ္စည်းဘက်က မဟာဘုတ်နဲ့ ပစ္စယုပ္ပန်ဘက်ရုပ်ထဲက မဟာဘုတ် ဥပါဒါရုပ်တွေဟာလဲ အဗျာကတေန အဗျာကတံဘဲ ဖြစ်ပါတယ်၊ ဒါကြောင့် သခ်္ခ်ာဟာ (၇)ခု ရသွားပါပြီ။

တဖန် ကုသိုလ်စိတ်ရယ် - မဟာဘုတ်ရယ် ပစ္စည်းဘက်ကယူ၍ ပစ္စယုပ္ပန် ဘက်က စိတ္တဇရုပ်ယူတဲ့အခါမှာ ကုသလာဗျာကတေန အဗျာကတံ၊ ထိုနည်း တူစွာ အကုသိုလ်နဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ ပစ္စယုပ္ပန်ကို စိတ္တဇရုပ် ယူတဲ့ အခါမှာ အကုသလာဗျာကတေန အဗျာကတံလို့ သခ်္ခ်ာနဝ. လာရပါတယ်၊ အဲဒီ သခ်္ခ်ာနဝကို ပေါင်းလိုက်မယ်ဆိုယင် - ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ၊ အကုသလေန အကုသလံ၊ အကု သလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ-လို့ ဒီလိုဆိုရပါမယ်။

ဒါကြောင့်ဆိုရိုးကသခ်္ခ်ာနဝဟူသော်ကား-ကုသလေန ကုသလံ၊ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ၊ အကုသလေန အကုသလံ၊ အကု သလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။

အဲဒါ တပည့်တော်တို့ ပဋိစ္စဝါရ - သဟဇာတဝါရအတွက် သဟဇာတကို ဟောခြင်းကြောင့် သခ်္ခ်ာနဝ ရပါတယ်၊ ပစ္စယဝါရကျတော့ နိဿယပစ္စည်းကို ဟောပါတယ်၊ နိဿယပစ္စည်းမှာ သဟဇာတနိဿယ-ဝတ္ထုပုရေဇာတနိဿယ-

ရယ်လို့ ၂-မျိုးရှိပါတယ်၊ ဒီ ၂-မျိုးလုံးကိုပင် ပစ္စယဝါရမှာ ဟောပါတယ်၊ သဟဇာတနိဿယသည် သဟဇာတနဲ့တူခြင်းကြောင့် ပဋ္ဌိစ္စဝါရကရခဲ့တဲ့ သင်္ချာနဝကို ရပါတယ်၊ အဲဒီ နဝထဲက အဗျာကတေန အဗျာကတံမှာ ဟေတုလို့ ဆိုတော့ သဟိတ်တွေ ဖြစ်ခြင်းကြောင့် ဒေ့ပဋ္ဌဝိညာဉ်တဆယ်နဲ့ မဆိုင်ပါဘူး၊ ပဋ္ဌဝတ္ထုတွေနဲ့လဲ မဆိုင်ပါဘူး ဟဒယဝတ္ထုသာ ရပါတယ်၊ ဝတ္ထုံပစ္စယာ ဝိပါ-ကာ ဗျာကတာ ကြိယာဗျာကတာ ခန္ဓာ-လို့ ပစ္စယဝါရကျတော့ ဟောပါလိမ့်မယ်၊ ဒါလဲ အဗျာကတေန အဗျာကတံပါဘဲ၊ ဘာတိုးထူးသလဲဆိုရင် ဟဒယဝတ္ထုပါလာခြင်းကြောင့် 'ဤဟဒယဝတ္ထုကိုမှီကြတဲ့ မနောဝိညာဏဓာတ်တွေ အတွက် သင်္ချာတိုးလာပါတယ်၊ ဘယ်လိုတိုးလာမလဲ၊ ပစ္စည်းဟဒယဝတ္ထုကို သဟိတ်စိတ် ကေသတ္တတိထဲမှာရှိတဲ့ ကုသိုလ်က မှီလိုက်တဲ့အခါ ဟဒယဝတ္ထုက အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတေနကုသလံလို့ ဖြစ်ပါတယ်၊ အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ - လို့ ဝိဘင်ဝါရကျတော့ ဟောပါတယ်၊ ဒါကြောင့် အဗျာ-ကတေန ကုသလံ၊ ထိုနည်းတူစွာ အကုသိုလ်ကမှီခြင်းကြောင့် အဗျာကတေန အကုသလံလို့ ၂-ချက်ရလာပါတယ်။

တဖန် ဒီဟဒယဝတ္ထုကို ကုသိုလ်ကမှီတယ်၊ မှီတော့ ဟဒယဝတ္ထုက အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတေန ကုသလံလို့ ခုနကဆိုခဲ့တဲ့အဘိုင်း ရမယ်၊ ပြီးတော့ မဟာဘုတ်နဲ့ စိတ္တဇရုပ်တွေသည် သဟဇာတ ဖြစ်ပါတယ်၊ ဒီတော့ ဟဒယဝတ္ထုနဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ ပစ္စယုပ္ပန်သဟိတ်ထဲကကုသိုလ်နဲ့ စိတ္တဇရုပ်ကိုပစ္စယုပ္ပန်ယူလိုက်တဲ့အခါမှာ ပစ္စည်းဘက်က မဟာဘုတ်ကလဲအဗျာကတ ဟဒယဝတ္ထုကလဲ အဗျာကတ ဖြစ်ခြင်းကြောင့် အဗျာကတေန ကုသလာ ဗျာကတံလို့ ရပါတယ်၊ မဟာဘုတ်နဲ့ ဟဒယဝတ္ထုဟာ အဗျာကတပါ၊ ပစ္စယုပ္ပန်ဘက်က ကုသိုလ်နဲ့စိတ္တဇရုပ်ကို ယူပါတယ်၊ အဲဒါကို ဝိဘင်ကျတော့ - ဝတ္ထုံ-ပစ္စယာ ကုသလာခန္ဓာ မဟာဘူတေပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ-လို့ဟောပါတယ်၊ ဒါ့ကြောင့် အဗျာကတေန ကုသလာဗျာကတံ၊ ထိုနည်းတူစွာ ကုသိုလ်နေရာမှာ အကုသိုလ်ယူလိုက်တဲ့အခါ အဗျာကတေန အကုသလာ ဗျာကတံလို့ ရလာပြန်ပါတယ်၊ ဒါကြောင့် အဗျာကတအတွက် ဘာတွေပိုလာသလဲ၊ အဗျာကတေန

ကုသလံ အဗျာကတေန အကုသလံ၊ အဗျာကတေန ကုသလာဗျာကတံ အဗျာကတေန အကုသလာဗျာကတံ-လို့ (၄)ချက် ပိုလာပါတယ်၊ အဲဒီတော့ (၉) ထဲမှာ (၄)ပေါင်းလိုက်ရင် (၁၃)လာဖြစ်ပါပြီ၊ တဖန် ပစ္စည်းဘက်က ကုသိုလ် အဗျာကတ ပစ္စယုပ္ပန်ဘက်က ကုသိုလ်ယူရပါတယ်၊ ဘယ်လိုယူရသလဲဆိုရင် ပစ္စည်းဘက်က သဟိတ်စိတ် ကေသတ္တာတိထဲမှာ ကုသိုလ်စိတ်ရှိပါတယ်၊ ရုပ်က ဟဒယဝတ္ထု ရှိပါတယ် အဲဒီကုသိုလ်ဟာ ပစ္စယုပ္ပန်ဘက်က ကုသိုလ်နှင့် သဟဇာတ ဖြစ်ပါတယ်၊ ပစ္စည်းဟဒယဝတ္ထုနှင့် ပစ္စယုပ္ပန်ကုသိုလ်ဟာ ပုရေဇာတ ဖြစ်ပါတယ်၊ ပစ္စည်းဘက်က ကုသိုလ်နဲ့ ဟဒယဝတ္ထုကိုယူ၍ ပစ္စယုပ္ပန်ဘက်က ကုသိုလ်ယူတဲ့အခါမှာ ကုသလာဗျာကတေန ကုသလံလို့ ဖြစ်ပါတယ်၊ ဒါကို ဝိဘင်္ဂကျတော့ ဘယ်လိုဟောမလဲ၊ ကုသလံ ကေ၊ ခန္ဓာ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ကော ခန္ဓော ဒ္ဝေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒ္ဝေခန္ဓာလို့ ဟောပါတယ်၊ ကုသလာ ဗျာကတေန အဗျာကတံ ကျတော့ ပဋ္ဌိစ္စဝါရက ယူခဲ့တဲ့အတိုင်း ကုသိုလ်မဟာဘုတ်ပစ္စည်း ယူ၍ စိတ္တဇ ရုပ်ကို ပစ္စယုပ္ပန်ယူတဲ့အခါမှာ-ကုသလာဗျာကတေန အဗျာကတံ ဖြစ်ပါတယ်။

နောက်ဆုံးအချက်က ပစ္စည်းဘက်ကလဲ ကုသိုလ် အဗျာကတ ယူရမယ်၊ ပစ္စယုပ္ပန်ဘက်ကလဲဘဲ ကုသိုလ်အဗျာကတယူရလိမ့်မယ်၊ ပစ္စည်းဘက်ကကုသိုလ် အဗျာကတဆိုတာ ခုနကပြောခဲ့တဲ့အတိုင်း ကုသိုလ်စိတ် ကေဝိသရယ် ဟဒယ ဝတ္ထုရယ် ပစ္စည်းဘက်ကယူလိုက်၊ ပစ္စယုပ္ပန်ဘက်က သဟိတ်စိတ် ကေသတ္တာတိ ထဲက ကုသိုလ်ယူလိုက်ရင် ကုသလာဗျာကတေန ကုသလံလို့ဖြစ်လာပါလိမ့်မယ်၊ ပြီးတော့ ပစ္စည်းဘက်က ကုသိုလ်မဟာဘုတ်ယူ၍ ပစ္စယုပ္ပန်ဘက်က စိတ္တဇရုပ် ယူလိုက်တဲ့အခါ ကုသလာဗျာကတေန အဗျာကတံလို့ ဖြစ်ပါလိမ့်မယ်၊ အဲဒါကို ၂-ချက်ခွဲရတယ်၊ ပထမအချက်ကတော့ကာ သဟဇာတ–ဝတ္ထုပုရေဇာတ ရောထားတဲ့မိဿကပါ၊ဒုတိယအချက်ကတော့ သဟဇာတသက်သက်ပါ၊ဒါကြောင့် ဝိဘင်္ဂမှာ ကုသလာဗျာကတေန ကုသလာဗျာကတံ အတွက်ကို ကုသလ ာဗျာ-ကတေန ကုသလံ ၁-ချက်၊ ကုသလာဗျာကတေန အဗျာကတံ ၁-ချက် ရယ်လို့ ၂-ချက်ခွဲယူရပါတယ်၊ ဝိဘင်းကိုတော့ ကုသလံ ကေ၊ ခန္ဓာ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ၁ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ကော ခန္ဓော၊ ဒ္ဝေ ခန္ဓေ စ

ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ဒါက ကုသလာဗျာကတေန ကုသလံ အတ္တက်ပါ၊ ကုသလာဗျာကတေန အဗျာကတံ အတ္တက်က ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ လို့ ဟောပါတယ်၊ အဲဒီတော့ ကုသလာဗျာကတေန ကုသလာဗျာကတံကို ဘယ်လိုလုပ်ယူထားသလဲဆိုရင် ရှေကယူခဲ့တဲ့ ကုသလာဗျာကတေန ကုသလံရယ်–ကုသလာဗျာကတေန အဗျာကတံရယ်– ဒီ၂-ချက်ကို ပေါင်းပြီး ကုသလာဗျာကတေန ကုသလာဗျာကတံလို့ ယူပါတယ်၊ ထိုနည်းတူစွာ အကုသလာဗျာကတေနမှာလဲ ကုသိုလ်နေရာမှာ အကုသိုလ် ယူလိုက်ရင် အကုသလာဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အကုသလာဗျာကတံ လို့ – ၃-ချက် ထွက်ပါတယ်၊ အဲဒါကြောင့် ပစ္စယဝါရအတွက် သင်္ချာသတ္တရသထုတ်မယ်ဆိုရင် – သတ္တရသ ဟူသော်ကား-ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသ-လာဗျာကတံ။ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အကု-သလေန အကုသလာဗျာကတံ။ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ အဗျာကတေန ကုသလာဗျာကတံ၊ အဗျာကတေန အကုသလာဗျာကတံ၊ကုသလာဗျာကတေန ကုသလံ၊ ကုသလာ-ဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန ကုသလာဗျာကတံ၊ အကု-သလာဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အဗျာကတံ၊ အကု-သလာဗျာကတေန အကုသလာဗျာကတံ ဟူသည်တည်းလို့ ထုတ်ရပါတယ်။

ဒါက ပစ္စယဝါရအတွက် သင်္ချာပါ၊ သံသဋ္ဌဝါရကတော့ သမ္မယုတ္တဝါရနဲ့ အတူတူဖြစ်ခြင်းကြောင့် သမ္မယုတ္တပစ္စည်းကို ဟောပါတယ်၊ သမ္မယုတ္တပစ္စည်းကို ပစ္စယနိဒ္ဒေသမှာ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တပစ္စယေန ပစ္စယော"–လို့ ဟောပါတယ်၊ ဒီတော့ သမ္မယုတ္တပစ္စည်းရဲ့ ပစ္စည်း ပစ္စယုပ္ပန် တရားဟာ ဘာတွေလဲ၊ ပစ္စည်းဘက်ကလည်း စိတ် ၇၉၊ စေတသိက် ဒွေပညာသ ရပါတယ်၊ ပစ္စယုပ္ပန်ဘက်ကလည်း စိတ် ၇၉၊ စေတသိက်ဒွေပညာသ ရပါတယ်၊ ရုပ်တွေနဲ့ လုံးဝ မဆိုင်တော့ပါဘူး၊ ယခု ရေးထားတဲ့ သုဒ္ဓသင်္ချာဟာ ဆဝါရ အနုလုံသုဒ္ဓသင်္ချာလို့ ဆိုသဖြင့် ဆဝါရလုံးနှင့် သက်ဆိုင်အောင် ရေးပြီးထားတဲ့ သုဒ္ဓသင်္ချာဖြစ်ပါတယ်၊ သံသဋ္ဌဝါရအတွက် ရုပ်နဲ့မဆိုင်ခြင်းကြောင့် ရုပ်တွေကို

လုံး၀ မကြည့်မှု၍ နာမ်တွေကိုသာလျှင် ကြည့်ပါတော့၊ နာမ်တွေကြည့်တော့ ပစ္စည်းဘက်ကသာဟိတ်ထဲမှာ ကုသိုလ်ရှိတယ်၊ ပစ္စယုပ္ပန်မှာလဲဘဲ ကုသိုလ်ရှိခြင်းကြောင့် ကုသလေန ကုသလံ လို့ ရပါတယ်၊ အကုသိုလ်ပစ္စည်း အကုသိုလ်ပစ္စယုပ္ပန်ရှိခြင်းကြောင့် အကုသလေန အကုသလံ လို့ ရပါတယ်၊ ပစ္စည်းဝိပါက်ကြိယာဆိုတဲ့ အဗျာကတ ပစ္စယုပ္ပန် သဟိတ်ဝိပါက်ကြိယာဆိုတဲ့ အဗျာကတ-ပ၀တ္ထိပဋ္ဌိသန္ဓေ ၂-မျိုးမှာ ရှိခြင်းကြောင့် အဗျာကတေန အဗျာကတံလို့ ရပါတယ်၊ ဒါ့ကြောင့် သံသဋ္ဌသမ္ဘယုတ္တ၀ါရတွေအတွက် သင်္ချာတိဏိဟူသော်ကား-ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်းလို့ ဆိုလိုက်ပါတော့။

ဟေတုအတွက် သင်္ချာ နဝ – သတ္တရသ – တိဏိရကြောင်း ပြောခဲ့ပါပြီ၊ ဒီသင်္ချာ နဝ–သတ္တရသ–တိဏိဟာ ဘာကြောင့်ရသလဲလို့ ပစ္စည်းပစ္စယုပ္ပန်တွေကို ကြည့်၍ စဉ်းစားလိုက်မယ်ဆိုရင် ပစ္စည်းဘက်ကလဲ ကုသိုလ်, အကုသိုလ်, အဗျာကဘနဲ့ ဟဒယ၀တ္ထုရှိမယ်၊ ပစ္စယုပ္ပန်ဘက်ကလဲ ကုသိုလ်, အကုသိုလ်, အဗျာကတနဲ့ လိုရင်းဖြစ်တဲ့ စိတ္တဇရူပ်ရှိမယ်လို့ဆိုလျှင် သင်္ချာကို နဝ–သတ္တရသ–တိဏိရတယ်လို့ ကိန်းသေ မှတ်လိုက်ပါတော့၊ ဒီသင်္ချာကို ထုတ်တဲ့အခါမှာ ယခုဟေတုပစ္စည်းမှာ ပြောပြခဲ့တဲ့အတိုင်း ထုတ်ပါတော့။

ဟေတုပြီးတော့ အာရမ္မဏ၊ တပည့်တော်တို့ ပါဠိတော်မှာတော့ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ စသည်ဖြင့် ပစ္စည်းစဉ်အတိုင်း ၂၃-ပါးသောပစ္စည်းကို ဟောပါတယ်၊ ပစ္ဆာဇာတပစ္စည်းကိုတော့ မဟောပါဘူး၊ ဘာကြောင့်လဲ၊ ဒီ ဆ၀ါရမှာ ဇနကသတ္တိရှိတဲ့ပစ္စည်းမျိုး ဖြစ်ပါတယ်၊ ပစ္ဆာဇာတသည် ဥပထမ္ဘကသတ္တိသာ ရှိသဖြင့် ဤ ဆ၀ါရအနုလုံမှာ ပစ္ဆာဇာတပစ္စည်းကို မဟောပါဘူး၊ သင်ကြားတဲ့ ပုဂ္ဂိုလ်တွေရော ပို့ချတဲ့ ပုဂ္ဂိုလ်တွေရော လွယ်ကူဘို့ရာအတွက် ပစ္စည်းပစ္စယုပ္ပန်တူတဲ့ပစ္စည်းတွေကိုပေါင်းပြီး သုဒ္ဓသင်္ချာစာရွက်မှာ ရေးထားပါတယ်၊ ဒီလိုရေးထားတော့ သုဒ္ဓသင်္ချာဆိုတဲ့အခါမှာ တကြိမ်တည်းနဲ့ပြီးပါတယ်၊ သို့မဟုတ်ရင် ဒါတွေကို ထပ်ခါထပ်ခါ ဆိုနေရပါလိမ့်မယ်၊အသိချင်းကတော့ အတူတူပါဘဲ၊ မထူးပါဘူး၊ ဒါကြောင့် အာရမ္မဏ စသည်နဲ့တူတဲ့ အနန္တရ စသည်တွေကို ပေါင်းပြီးရေးထားတဲ့အတိုင်း သုဒ္ဓသင်္ချာကိုဆိုရပါလိမ့်မယ်။

အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ် တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ပဝတ္တိပဋ္ဌာန်သည် နာမကွန်ရှာလေးပါး။ ဤ တရားတို့သည် အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာကား တိဏိ-သတ္တ-တိဏိ ဟူသည်တည်း။

သင်္ချာထုတ်ပုံတွေကို အထက်ဟေတုပစ္စည်းက ပြောပြခဲ့တဲ့အတိုင်း စဉ်းစားလိုက်မယ်ဆိုရင် ပစ္စည်းဘက်ကနာမ်နှင့် ဆဝတ္ထုရှိပါတယ်၊ ပစ္စယုပ္ပန်ဘက်က နာမ်တရားသက်သက်သာလျှင် ရှိပါတယ်၊ ရုပ်တွေ့ မပါပါဘူး၊ ဒီတော့ သဟဇာတသဘောအတိုင်းဆိုရင် ပစ္စည်းဘက်က စိတ် ၇၉-ထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတရှိပါတယ်၊ ပစ္စယုပ္ပန်ဘက်က စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသထဲမှာလဲ ကုသိုလ် အကုသိုလ် အဗျာကတ ရှိပါတယ်၊ ပဋ္ဌိစ္စဝါရ အတွက် ဆဝတ္ထုထဲက ဟဒယဝတ္ထု ယူရပါတယ်၊ ပစ္စယဝါရအတွက်ကိုတော့ ဒွေပဋ္ဌဝိညာဉ်တဆယ် ပစ္စယုပ္ပန်ဘက်မှာရှိခြင်းကြောင့် ဆဝတ္ထုကိုဘဲရပါတယ်၊ ဒါပေတဲ့ ပစ္စည်းဆဝတ္ထု ပစ္စယုပ္ပန် ဒွေပဋ္ဌဝိညာဉ်တဆယ်နှင့်တကွ တပါးသော နာမ်တွေ့ဖြစ်ငြားသော်လဲ ဒါတွေ့ဟာ အဗျာကတေန အဗျာကတံသာ ဖြစ်ပါလိမ့်မယ်၊ ကုသိုလ်က ဟဒယဝတ္ထုကိုမှီတဲ့အခါ အဗျာကတေန ကုသလံရယ်လို့ ထုတ်ပါလိမ့်မယ်၊ ပဋ္ဌိစ္စဝါရအတွက် ဟဒယဝတ္ထုသည် ပဋ္ဌိသန္ဓေအခါမှာ သာလျှင် ရပါတယ်၊ ပစ္စယဝါရဟေတုတုံးက ဟဒယဝတ္ထုကို ပဋ္ဌိသန္ဓေအခါ ပဝတ္တိအခါလို့ ၂-မျိုးယူခဲ့ပါတယ်၊ဒီတော့ ပဋ္ဌိစ္စဝါရအတွက်မှာဆိုရင် ပဋ္ဌိသန္ဓေ အခါကာလကိုသာယူရပါတယ်၊ပစ္စယဝါရအတွက်ဆိုရင် ဟဒယဝတ္ထုကို ပဝတ္တိ ပဋ္ဌိသန္ဓေ ၂-မျိုး ယူရပါတယ်၊ ဒါကြောင့် ဟေတုမှာ ဟဒယဝတ္ထုဟာ ၂-မျိုးရပါတယ်၊ ထိုနည်းတူစွာ ဒီအာရမ္မဏမှာလဲ ဟဒယဝတ္ထုနှင့်တကွ ပဥ္စဝတ္ထု အားလုံး ပေါင်းလိုက်ရင် ဆဝတ္ထုရှိပါတယ်၊ ပဋ္ဌိစ္စအတွက် သင်္ချာထုတ်လျှင် သဟဇာတအတွက် ဟဒယဝတ္ထုသည် ပဋ္ဌိသန္ဓေအခါမှာသာ ဖြစ်ခြင်းကြောင့် အဗျာကတေန အဗျာကတံဘဲ ရပါတယ်၊ သူ့အတွက် မထူးပါဘူး၊ ဒီတော့ စိတ်-၇၉ - စေတသိက် ၅၂-ပစ္စည်း၊ စိတ် ၇၉- စေတသိက် ၅၂- ပစ္စယုပ္ပန်တွေ့ ထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတတွေ့ ရှိခြင်းကြောင့် သင်္ချာတိဏိအရ

ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံလို့ ၃-ချက် ရပါတယ်။

ပစ္စယဝါရအတွက်ကျတော့ ပစ္စည်းဘက်က ဆဝတ္ထု ရှိခဲ့ရာ ပဋ္ဌဝတ္ထုကို ဒွေပဋ္ဌဝိညာဉ်တဆယ်က မှီပါတယ်၊ ဘယ်လိုမှီသလဲ၊ မှီပုံကို စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊ ဃာနာ-ယတနံပစ္စယာ ဃာနဝိညာဏံ၊ဇိဝှါယတနံပစ္စယာ ဇိဝှါဝိညာဏံ၊ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ-ရယ်လို့ ဝိဘင်္ဂမှာ ဟောပါတယ်၊ ဒါတွေဟာ အဗျာကတ တရားသာဖြစ်လို့ ဘာမှ သူ့အတွက် သင်္ချာ ထူးမလာပါဘူး၊ အဗျာကတေနအဗျာကတံဘဲ ဖြစ်ပါတယ်၊ ဟေတုကပြောခဲ့တဲ့အတိုင်း ပစ္စည်းဟာဒယဝတ္ထုကို ပစ္စယုပ္ပန်ကုသိုလ်ကမှီတဲ့အခါ အဗျာကတေနကုသလံ၊ အကုသိုလ်က မှီလျှင် အဗျာကတေနအကုသလံ ၂-ချက် ရပါတယ်၊ ပြီးတော့ သုဒ္ဓသင်္ချာမှာ ပစ္စယုပ္ပန်က နာမ်သာရှိခြင်းကြောင့် နာမ်ပစ္စယုပ္ပန်တွေကိုသာ ယူရပါတယ်၊ ပစ္စည်းက ကုသိုလ်အဗျာကတယူရာမှာ စိတ် တခုယုတ်ကိုးဆယ်ထဲက ကုသိုလ်နဲ့ ဟာဒယဝတ္ထုကို ပစ္စည်းယူ၍ ဟောတုကပြောခဲ့တဲ့အတိုင်း ပစ္စယုပ္ပန်က ကုသိုလ်ယူလျှင် ကုသလာဗျာကတေနကုသလံ ဖြစ်ပါတယ်၊ ဝိဘင်း ဟောတုကပြောခဲ့တဲ့အတိုင်း – ကုသလံ ဧကံ ခန္ဓဠု ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ စသည် ထုတ်ရပါလိမ့်မယ်၊ ထို့နည်းတူစွာ အကုသိုလ်နဲ့ဟာဒယဝတ္ထုကို ပစ္စည်းယူ၍ ပစ္စယုပ္ပန်က အကုသိုလ်ယူလျှင် အကုသလာဗျာကတေန အကုသလံလို့ သင်္ချာသည် ပစ္စယဝါရအတွက် သတ္တထုက်ပါတယ်၊ ဒီတော့ သတ္တအရက ဘာတွေတုံး ကုသ-လေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာဗျာကတေန ကုသလံ၊ အကုသလာဗျာကတေန အကုသလံ ဖြစ်ပါတယ်။

သံသဋ္ဌဝါရမှာတော့ သမ္မယုတ္တပစ္စည်းကို ဟောခြင်းကြောင့် ဟောတုကပြောခဲ့တဲ့အတိုင်း ပစ္စည်းပစ္စယုပ္ပန် ကုသိုလ် အကုသိုလ် အဗျာကတ ၃-ချက်ယူ၍ သင်္ချာတီကိုထုက်ပါတယ်၊ အဲဒါကြောင့် ၎င်းအတွက် သင်္ချာတွေဆိုမယ်ဆိုရင် သင်္ချာတီကို ဟူသော်ကား – ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း။

ဒီတော့ သင်္ချာတွေဟာ ဟေတုက နဝ-သတ္တရသ-တိဏိ၊ အာရမ္မဏစသည်က တိဏိ - သတ္တ - တိဏိ ရတယ်၊ အောက်ပိုင်းရှောက်ကြည့်လိုက်ရင် ဒီသင်္ချာတွေ ကိုဘဲ တွေ့ရပါလိမ့်မယ်၊ ဒီသင်္ချာတွေကိုသာတွေ့တော့ သင်္ချာထုတ်တဲ့အခါမှာ ဒီသဘောတွေသာဖြစ်ပါလိမ့်မယ်၊ အကျဉ်းချုပ်မှတ်ရမှာက ပစ္စယုပ္ပန်ဘက်မှာ စိတ္တဇရုပ်ပါလာသလား မပါဘူးလား၊ ကုသိုလ် အကုသိုလ် အဗျာကတတရား တွေ ရသလား မရဘူးလား ဒါကိုကြည့်ရပါတယ်၊ အဓိပတိပစ္စည်းကြည့်လိုက် စမ်းပါ၊ ပစ္စယုပ္ပန်ဘက်မှာ သာဓိပတိစိတ္တဇရုပ် ရှိပါတယ်၊ ပစ္စည်း ပစ္စယုပ္ပန် နှစ်ဘက်လုံးမှာရှိတဲ့ သာဓိပတိဇော ၅၂-ခုဆိုတာ ကုသိုလ် အကုသိုလ် အဗျာ ကတတွေ ဖြစ်ပါတယ်၊ သဟဇာတတွေ ကြည့်တော့ ပြောစရာ မရှိပါဘူး နာမ်ကုန်ရုပ်ကုန်တွေ ရနေပါတယ်။

အညမညကြည့်ပြန်တော့ စိတ္တဇရုပ်မပါပါဘူး၊ မဟာဘုတ်သာပါပါတယ်၊ အဲဒီမဟာဘုတ်ဟာ အဗျာကတေန အဗျာကတံမှတပါး သင်္ချာအထူးကို မပြုတတ်ပါဘူး၊ ဒါကြောင့် အညမညဟာ အာရမ္မဏနဲ့သင်္ချာတူပါတယ်၊ ပုရေဇာတကျတော့ နာမ်သက်သက်သာ ရခြင်းကြောင့် အာရမ္မဏနဲ့ဘဲ တူပါတယ်၊ အာသေဝနကျပြန်တော့ ထို့နည်းတူစွာ နာမ်သက်သက်သာ ရခြင်းကြောင့် အာရမ္မဏနဲ့တူပါတယ်၊ ကမ္မကြည့်လျှင် ကုသိုလ် အကုသိုလ် အဗျာကတတွေလဲ ရှိတယ်၊ စိတ္တဇရုပ်လဲ ရှိခြင်းကြောင့် သင်္ချာသည် နဝ သတ္တရသ-တိဏိ လို့ ရပါတယ်၊ ဝိပါကကျတော့ ပစ္စည်းတရားကလဲ ဝိပါက်နာမ်၊ ပစ္စယုပ္ပန်တရားကလဲ ဝိပါက်နာမ်တွေ၊ ရုပ်တွေကလဲ ဝိပါက်ပြုအပ်တဲ့ရုပ်တွေဖြစ်ခြင်းကြောင့် သင်္ချာသည်ကေံအဗျာကတေန အဗျာကတံ လို့ တခုထဲသာ ပဋ္ဌိစ္စဝါရရော ပစ္စယ ဝါရရော-သံသဋ္ဌဝါရရော ၃ မျိုးလုံးအတွက် အတူတူရပါတယ်၊ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ ဝိပွယုတ္တတွေ ကြည့်လိုက်ရင် ကုသိုလ် အကုသိုလ် အဗျာ ကတတွေ ပစ္စည်း ပစ္စယုပ္ပန်နှစ်ဘက်လုံးမှာရှိပါတယ်၊ ပစ္စယုပ္ပန်ဘက်က စိတ္တဇ ရုပ်ရှိပါတယ်၊ ဒါကြောင့် သင်္ချာသည် နဝ-သတ္တရသ-တိဏိ ရတယ်၊ ဒါဟာ သင်္ချာတွေကို အကျဉ်းအားဖြင့် သိအောင် ပြောပြတဲ့နည်းပါဘဲ၊ ဒါ့ကြောင့် ဒီသင်္ချာတွေကို အထူးဆိုပြီး မနေရတော့ပါဘူး၊ သုဒ္ဓသင်္ချာကလေးကိုသာ

ဆိုပြီး သခ်ၤာ ဘယ်လောက်ရတယ်လို့ဆိုတာကို ဆိုရရုံသာရှိပါတယ်၊ ရှေ့ဆက်လက်ပြီး အဓိပတိပစ္စည်းရဲ့ သုဒ္ဓသခ်ၤာကို ဆိုရပါလိမ့်မယ်။

အဓိပတိပစ္စည်း၏ သုဒ္ဓသခ်ၤာဝါရဋ္ဌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅-ခုနာမကွန္ဓာ သာဓိပတိ စိတ္တဇရုပ်၊ ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သခ်ၤာကား နဝ-သတ္တရသ-တိဏိ ဟူသည်တည်း။

ဟေတုနဲ့တူကြောင်း ပြောခဲ့ပါပြီ၊ ဆိုစရာမလိုတော့ပါဘူး၊ ရှေ့ရှောက်ပြီး ဒီသုဒ္ဓသခ်ၤာတွေ ကုန်အောင်ဆိုရပါလိမ့်မယ်။

သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်း၏ သုဒ္ဓသခ်ၤာဝါရဋ္ဌ အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး။

ဒီ အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးလို့ဆိုတာဟာ သင်္ဂြိဟ်သရုပ်ကိုမလေ့ကျက်မီခဲ့လို့ရှိရင် အတော်ကလေး ခဲယဉ်းတတ်ပါတယ်၊ ပဋ္ဌာန်းကို အသင့်အတင့်လိုက်တဲ့အခါ ဒီ အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါးဆိုတာ ဘာတွေပါလိမ့်မလဲလို့ဆိုတာကို အကြိုးတန်း အောင်မြင်ပြီးသည့်တိုင်အောင် အခ္ခါမသိကြဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ဒီအသုံးအနှုန်းတွေဟာ ပဋ္ဌာန်းအသုံးအနှုန်းတွေ ဖြစ်လို့ပါ၊ အလုံးစုံသောပဝတ္တိလို့ဆိုတာ ပဝတ္တိအခါမှာဖြစ်တဲ့ စိတ် ဂဇ၊ စေတသိက် ၅၂၊ ဒါပဝတ္တိနာမကွန္ဓာလေးပါးပါ၊ ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးလို့ဆိုတာက ပဋ္ဌိသန္ဓေစိတ် အကုန်လုံး ၁၉-ခု၊ စေတသိက် ၃၅-ခု၊ ဒါကို အလုံးစုံသော ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးလို့ ဆိုပါတယ်၊ ဟေတုတုန်းကလဲ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာလို့ အကျဉ်းဆိုခဲ့ပါတယ်၊ ဒီသဟိတ်ဟာ ပဝတ္တိအခါကာလမှာ ဘယ်လောက်ဖြစ်သလဲ၊ ပဋ္ဌိသန္ဓေအခါကာလမှာ ဘယ်လောက်ဖြစ်သလဲလို့ ဒါတွေကို သိရပါတယ်၊ ပဝတ္တိလို့ဆိုရင် သဟိတ်စိတ် ဧကသတ္တတိဘဲရတယ်၊ ပဋ္ဌိသန္ဓေလို့ဆိုခဲ့လို့ရှိရင် အဟိတ်ပဋ္ဌိသန္ဓေနုတ်ပြီး သဟိတ်ပဋ္ဌိသန္ဓေကို ယူရပါတယ်၊ ဒါက ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါးရဲ့သရုပ်ကို ခဲ့ပြနေဒါပါ။

အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် ဗဟိဒ္ဓရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ်

ပဝတ္တိကမ္မဇရုပ် ဤ တရားတို့သည် သဟဇာတ နိဿယ အတ္ထိ အဝိဂတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား နဝ-သတ္တ ရသ- တိဏိ ဟူသည်တည်း။

အညမညလို့ ဆိုတာကတော့ အပြန်အလှန် ကျေးဇူးပြုတာပါဘဲ၊ အပြန်အလှန် ကျေးဇူးပြုတယ်လို့ဆိုတာ သူမသာ ကိုယ်မသာ သာတူညီမျှ ဖြစ်ရပါတယ် ကိုယ်က တကျပ်ပေးခဲ့လို့ရှိရင် တကျပ်ပြန်ရတယ်၊ ၂-ကျပ်ပေးရင် ၂ ကျပ် ပြန်ပြီးရပါတယ် ၃-ကျပ်ပေးရင် ၃-ကျပ် ပြန်ရပါတယ်၊ ဘယ်သူမှ အဆင့် အတန်းခွဲခြားမှုမရှိ ကွဲပြားမှုမရှိတဲ့ သဘောတရားမျိုးကို အညမညပစ္စည်းရယ်လို့ ခေါ်ပါတယ်။

အညမညပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု (ထောက်အပ်သောလို့ဆိုတာကို ပါဠိလို ဥပနိဓာယ-ရယ်လို့ ခေါ်ပါတယ်) အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ်၊ ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ပဝတ္တိကမ္မဇမဟာဘုတ် ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ သင်္ချာကား တိဏိ-သတ္တ-တိဏိ ဟူသည်တည်း။

အညမညပြီးတော့ ပုရေဇာတလာပါတယ်၊ ပုရေဇာတမှာလဲ ဒီသဘော အတိုင်းဘဲ ဆိုရပါတယ်။

ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — အရူပဝိပါက်လေးခု ကြဉ်သော ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာလေးပါး-ဤတရားတို့သည် ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား တိဏိ-သတ္တ-တိဏိ ဟူသည်တည်း။

ဒီ ပုရေဇာတပစ္စည်းဟာသူ့ရဲ့သုဒ္ဓသင်္ချာကိုကြည့်လိုက်မယ်ဆိုရင်ပဝတ္တိအခါကာလမှာသာလျှင်ဖြစ်ပါတယ်၊ ဒီတော့ ဒီဆဝါရထဲက ပဝတ္တိအခါကာလမှာသာဖြစ်တဲ့ပစ္စည်းတွေကို ရွေးချယ်လိုက်ရင် သူတို့ရဲ့သုဒ္ဓသင်္ချာကိုစဉ်းစားကြည့်စမ်းပါ၊အဓိပတိဟာလဲ ပဝတ္တိအခါကာလမှာသာဖြစ်ပါတယ်၊သူ့မှာ ပဋ္ဌိသန္ဓေ

ဆိုင်ရာ ဝိပါက်စိတ်တွေ့ မပါပါဘူး၊ ပုရေဇာတလဲ ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်၊ အာသေဝနပစ္စည်းကြည့်လိုက်အုံးမလား ဒါလဲဘဲ ပဝတ္တိအခါကာလမှာသာလျှင် ဖြစ်ပါတယ်၊ ဒီတော့ နောက်ထပ် ဆက်ပြီးကြည့်လိုက်ရင် စျာနပစ္စည်းကလေးတခုကြည့်ချင်ကြည့်လိုက်အုံး၊ ဒီစျာနပစ္စည်းမှာတော့ကာ ဒွေပဋ္ဌဝိညာဉ်တဆယ်ကြဉ်တဲ့ ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါးလို့ဆိုသဖြင့် ပဝတ္တိရော ပဋ္ဌိသန္ဓေရော ၂-မျိုး ရပါတယ်၊ ဒီတော့- ပဝတ္တိအခါကာလမှာဖြစ်တဲ့ ပစ္စည်းတွေဟာ (၂၃)ပါးသော ပစ္စည်းထဲက အဓိပတိရယ် ပုရေဇာတရယ် အာသေဝနရယ်လို့ ဒီ ၃-ပစ္စည်းသာ ရပါတယ်။

အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ်မဟာကုသိုလ် မဟာကြိယာဒုတိယာဒီဇော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ် ၄-ခု နာမကွန္ဓာ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား- တိဏိ သတ္တ တိဏိ ဟူသည်တည်း။

ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — ကုသိုလ် အကုသိုလ် ကြိယာစေတနာ ကြဉ်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် အာသည္ဝသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရား တို့ မည်ကုန်၏၊ သင်္ချာကား- နဝ သတ္တရသ တိဏိ ဟူသည်တည်း။

ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — အလုံးစုံသော ဝိပါက်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်, ပဋ္ဌိသန္ဓေကမ္မဇရုပ်, ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား-ဧကံ ဧကံ ဧကံ ဟူသည်တည်း၊ဧကံ ဟူသော်ကား-အဗျာကတေန အဗျာကတံ ဟူသည်တည်း။

အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ — အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် အာဟာရဇရုပ်၊ ဤတရားတို့သည် အာဟာရပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား- နဝ သတ္တရသ တိဏိ ဟူသည်တည်း။

ဣန္ဒြိယပစ္စည်း၏သုဒ္ဓသင်္ချာဝါရဒ္ဒ—အလုံးစုံသော ပဝတ္တိပဋ္ဌာနနှာမကွန္ဒာ လေးပါး၊ စိတ္တဇရုပ် ပဋ္ဌာနနှေကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြောင့်သော အာသည္ဃတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဣန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား- နဝ သတ္တရသ တိဏိဟူသည် တည်း။

စျာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ္ဒ—ဒွေပဉ္စဝိညာဉ်တဆယ်ကြောင့်သောအလုံးစုံ သော ပဝတ္တိပဋ္ဌာနနှာမကွန္ဒာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌာနနှေကမ္မဇရုပ် ဤ တရားတို့သည် စျာနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ သင်္ချာကား- နဝ သတ္တရသ တိဏိ ဟူသည်တည်း။

မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ္ဒ — သဟိတ်စိတ်ကေသတ္တတိ စေတသိက် ဒွေ ပညာသ သဟိတ်ပဝတ္တိပဋ္ဌာနနှာမကွန္ဒာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋ္ဌာနနှေကမ္မဇရုပ်၊ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရား တို့ မည်ကုန်၏၊ သင်္ချာကား - နဝ သတ္တရသ တိဏိ ဟူသည်တည်း။

ဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဒ္ဒ — အရူပဝိပါက် ၄-ခု ကြောင့်သော ပဋ္ဌ ဝေါကာရပဝတ္တိပဋ္ဌာနနှေ နာမကွန္ဒာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌာနနှေကမ္မဇ'ရုပ်၊ ဤတရားတို့သည် ဝိပွယုတ္တပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ သင်္ချာကား- နဝ သတ္တရသ တိဏိ ဟူသည်တည်း။

သုဒ္ဓသင်္ချာ ပြီးသွားပါပြီ၊ သုဒ္ဓသင်္ချာပြီးသွားတော့ ဒီ သုဒ္ဓသင်္ချာကို ကြေ ကြေညက်ညက်ကလေး ရအောင်တော့ ကျက်ရပါလိမ့်မယ်၊ ဒီ သုဒ္ဓသင်္ချာ ကလေးကို ကြေကြေညက်ညက် ရခဲ့လို့ရှိရင် မိမိတို့ရဲ့ ပါးစပ်ထဲက အလို အလျောက် ပါဠိတော်ကြီးမှာ ဟောထားတဲ့သင်္ချာတွေဟာ ပဋ္ဌိစ္စဝါရ တခုထဲ သာလျှင် မကဘဲ ဆဝါရဆိုင်ရာအတွက် အားလုံးကုန် ထွက်ပြီးလာပါလိမ့် မယ်၊ ဒါကြောင့် ဒီ သုဒ္ဓသင်္ချာကိုတော့ကာ ကြေကြေ ညက်ညက်ကလေး ကျက်ပြီးထားပါ၊ ဒီ ဆဝါရမှာ (၂၃)ပစ္စည်းကိုသာ ဟောပါတယ်၊ ပစ္ဆာ ဇာတပစ္စည်းကို မဟောပါဘူး၊ အဲဒီ (၂၃)ပစ္စည်းရဲ့ အစီအစဉ်က ဟေတု အာရမ္မဏ-အဓိပတိ-အနန္တရ-သမနန္တရ-သဟဇာတ-အညမညဉ- နိဿယ စသည်

ဖြင့် ပစ္ဆာဇာတမှတပါး (၂၃)ပါးသော ပစ္စည်းတွေ့ရဲ့ အစီအစဉ်ကလေးကိုလဲ လေ့ကျက်ပြီးထားပါ၊ ယခု ပြောပြခဲ့တဲ့အတိုင်း ဒီသုဒ္ဓသခ်ျာ အနည်းငယ် ကလေးကို ၂-ရက်ကျက်နိုင်ပါတယ်၊ သခ်ျာတွေဟာကလဲမခက်ပါဘူး၊ ရထားမယ်လို့ဆိုရင် ဆဝါရသခ်ျာ အနုလုံဆိုင်ရာမှာ ဟောလို့မကုန်, ရှုတ်လို့မကုန် ဖြစ်ပါလိမ့်မယ်လို့ဆိုတာကို နားလည်စေချင်ပါတယ်၊ ယုံကြည်စေချင်ပါတယ်၊ အဲ နားလည်ဘို့ရာ ယုံကြည်ဘို့ရာအတွက်ကတော့ ဒါကို ရထားခဲ့လို့ရှိရင် မိမိတို့ရဲ့ပါးစပ်ထဲက အလိုအလျောက် ဒီသခ်ျာတွေ ထွက်လာမှာ ဖြစ်ခြင်းကြောင့် ကိုယ်တိုင်သိပြီး လာပါလိမ့်မယ်၊ လိုရင်းအချုပ်ကတော့ အင်မတန်နည်းလှတဲ့ ကျက်မှတ်ဘွယ်ကလေးကို ကျက်မှတ်ထားခဲ့လို့ရှိရင် မိမိတို့အတွက် အလွန်တရာ ကျေးဇူးများပါလိမ့်မယ်၊ အရကောက်ကြီးကိုတော့ သွားပြီး မကြည့်ပါနဲ့၊ အရကောက် ဆရာတော်ကြီးက အလွန်တရာ သဒ္ဓါကောင်းတော်မူပါတယ်၊ ပဌာန်းအရကောက်ကြီးမှာ ယမိုက်မှာ ဟောတော်မူခဲ့တဲ့အတိုင်း ဒုက်တွေ့လှည့်ပြီး အနုလုံပစ္စနိုက်, အနုလောမပစ္စနိုက်, ပစ္စနိယာ နုလောမ စသည်ဖြင့် ၄ ချက်လုံးကို ကောက်ထားပါတယ်၊ အဲ ယခု ကပည့်တော်တို့ပို့ချမည့် အစီအစဉ်ကတော့ ဒီလိုမဟုတ်ဘဲနဲ့ ပါဠိတော်မှာ ဟောထားတဲ့အတိုင်း အနုလုံဆိုခဲ့ရင် အနုလုံသတ်သတ် ပစ္စနိုက်ဆိုရင် ပစ္စနိုက်သတ်သတ်၊ အဲပြီးတော့ အနုလောမ ပစ္စနိုက် ပစ္စနိယာနုလောမရယ်လို့ ပါဠိတော်မှာလာတဲ့ အစီအစဉ်အတိုင်း ပို့ချပြီးပေးပါမယ် အရကောက် ဆရာတော်ကြီးရဲ့ အလွန်တရာသဒ္ဓါတရားထက်သန်မှု၊ သင်ကြားကြတဲ့ပုဂ္ဂိုလ်တွေကို အားလုံးကုန် ကြိုတင်ပြီး သိစေလိုမှုအတွက်ကြောင့် ပဌာန်းကျမ်းကြီးဟာ အတော်ဘဲ အခက်အခဲတွေ့ပြီး နေရပါတယ်။

ပဌာန်းကျမ်းကြီးခက်ခဲပုံက ပဌာန်း သင်တော့မယ်ဆိုရင် ရှေးအခါကာလက ပဌာန်းစာအုပ်ကြီးကို မကိုင်ရသေးပါဘူး၊ ဘာလုပ်ရသလဲ?သုံးချက်စုကျက်ရပါတယ်၊ ပစ္စည်းပြိုင်ကျက်ရတယ်၊ ပစ္စည်းပြိုင်ကျက်ပြန်ပြီးတော့ အင်မတန်ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်သော်မှ တလခွဲ ၂-လကျက်ယူရပါတယ်၊ ဒီလိုကျက်တဲ့အခါမှာ ကနေ့ကျက် ကနေ့ဘဲ ပြန်နိုင်ပါတယ်၊ နက်ဖန်ခါကျရင် တခါထဲ မေ့ကုန်တာဘဲ၊ အင်မတန်ခက်တဲ့ ပစ္စည်းပြိုင်ကြီးပါ၊ ဒါတွေကို ပဌာန်းကျ

တော့ ဃဋ္ဌနာဆိုပြီး ဟောတာပါတယ်၊ ပြီးတော့တဖန် ရာသီစုကျက်ရပြန်ပါတယ်၊ အဲဒီလို သုံးချက်စု ပစ္စည်းပြိုင် ရာသီစုတွေကို သင်ကြားပြီးနေရတဲ့ အချိန်ကာလဟာ အနည်းဆုံး (၆) လလောက်ကြာပါတယ်၊ (၆)လဆိုဒါ အင်မတန် မြန်ပါမှ၊ တချို့ပဋ္ဌာန်းမရောက်ခင် တနှစ်လောက် ကြာပါတယ်၊ တနှစ်လောက်ကြာပြီး ပဋ္ဌာန်းဟောပြန်တော့ ပြည့်ပြည့်စုံစုံအားလုံးကုန် ပါဋ္ဌိတော်မှာ ဟောထားတဲ့အတိုင်း ဟောခြင်းငှါ မစ္စမ်းနိုင်ကြပါဘူး။

တချို့ပုဂ္ဂိုလ်တွေဟာ ရှေးအခါကာလက ၂-နှစ် ၃-နှစ်တိုင်အောင် ဒီပဋ္ဌာန်း ကုသလတိက်ကလေးကို ဟောရပါတယ်၊ ဒီတော့ ဒီလောက် လမျှားနှစ်မျှားလာတော့ ရှေးရှေးကဟောခဲ့တာတွေလဲ မေ့ကုန်ပြီး မိမိတို့အရပ်ပြန်ရောက်တော့လဲ ဒါတွေကို ဘာမှပြန်ပြီး ပို့ချခြင်းငှါလည်း မစ္စမ်းနိုင်တော့ပါဘူး၊ ဒီတော့ ယခုတပည့်တော်တို့ စီစဉ်ထားတဲ့ နည်းနာနယဟာ ဘယ်လောက်လွယ်ကူတယ် ပါဋ္ဌိတော်ကြီးနဲ့တိုက်ကြည့်လိုက်ရင် ပါဋ္ဌိတော်ကြီးမှာ ပေယျာလတွေမျှားစွာ ထိုးထားတာကို မိမိကိုယ်တိုင် အတိအကျ ဖေါ်နိုင်ပါလိမ့်မယ်၊ ဖေါ်နိုင်ရုံတင်မကဘဲ ဒီသင်္ချာဟာ ဒီလိုသာ ဖြစ်ရမယ်လို့ဆိုတာကိုလဲ ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊ ဟောလို့လဲမကုန် ဖြစ်ပါလိမ့်မယ်၊ အဲဒါကြောင့် ယနေ့ယခုဆိုထားတဲ့ သုဒ္ဓသင်္ချာကို ကြေကြေကြီးရတယ်ဆိုတာ အစဉ်အတိုင်းမဟုတ်ဘဲနဲ့ ဟေတုကနေပြီး အဓိပတိကိုကျော်လိုက်၊ ဝိပွယုတ္တကျော်လိုက်၊ အာသေဝနကျော်လိုက်၊ အညမညကျော်လိုက်၊ အဲဒီလို ကွက်ကျော်ရပြီးထားမယ်ဆိုရင် ပိုပြီးကျေးဇူးများပါတယ်၊ အဲဒါကြောင့် ဘာမှမျှားမျှားစားစား မဟုတ်တဲ့ ဤသုဒ္ဓသင်္ချာကိုဖြင့် ကြေကြေညက်ညက်ကြီး ရကြဘို့ရာအတွက် ကြိုးစား၍ ကျက်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

သာ-ဓု သာဓု- သာဓု။

* ပဋ္ဌာန်းကုသလတိုက် ဆဝါရ အနုလုံ သင်္ချာဝါရ

အနုလုံမှာ အရင်အပတ်က ပြောခဲ့တဲ့အတိုင်း ဆိုင်ရာဖြစ်တဲ့ သုဒ္ဓသင်္ချာ ကလေးရထားခဲ့လို့ရှိရင်ဖြင့် အင်မတန်လွယ်ကူပါတယ်၊ လွယ်ကူတယ်လို့ဆိုတာ စိတ်ပိုင်းသရုပ်ကို ကဲ့ခဲ့လို့ရှိရင် ဒီဆဝါရအနုလုံရဲ့ သင်္ချာကိစ္စဟာ ပြီးပါတယ်၊ စိတ်ပိုင်းသရုပ်ကို ကဲ့ဘိုဘဲလိုပါတယ်၊ ရုပ်တွေကတော့ ဒါလောက်မျှားမျှား စားစား မရှိလေတော့ ရုပ်အတွက် မျှားစွာခက်ခဲမှုမရှိပါဘူး၊ စိတ်ပိုင်းသရုပ် ကဲ့လျှင်ပြီးတယ်လို့ဆိုတာက ဒီအနုလုံမှာ ရေးထားတဲ့ သုဒ္ဓသင်္ချာတွေကြည့်ပြီး ယဉ်ကိုက်သဘောအရဆိုရင် နှစ်ဘက်ရကို ရွေးရပါတယ်၊ အင်္ဂလိပ်လိုတော့ (Common) ရှာတယ်လို့ ခေါ်ပါတယ်၊ ဒီတော့ ဆိုင်ရာဖြစ်တဲ့ပစ္စယုပ္ပန်ဝေါဟာရတွေရဲ့ နှစ်ဘက်ရလို့ဆိုတဲ့ (Common) ကို ရှာလိုက်ခဲ့လို့ရှိလျှင် ဒီအနုလုံရဲ့ သင်္ချာဝါရဟာ ကိစ္စပြီးပါတယ်။

ယခုဟေတုပစ္စည်း အာရမ္မဏအစရှိတဲ့ ပစ္စည်းတွေကိုကြည့်လိုက်ရင် ဟေတု ပစ္စည်းရဲ့ပစ္စယုပ္ပန်တရားမှာ ရုပ်ရောနာမ်ရောရှိပါတယ်၊ အာရမ္မဏစတဲ့ပစ္စည်း တွေရဲ့ ပစ္စယုပ္ပန်တရားမှာ နာမ်ကုန်ရှိပါတယ်၊နာမ်ကုန်ရှိတော့သူတို့ ၂-ပစ္စည်းရဲ့ နှစ်ဘက်ရရှာလိုက်မယ်ဆိုလျှင် ၂-ဘက်ရလို့ဆိုတာဟာ နည်းတဲ့တရားကိုသော်ရင်း၊သို့မဟုတ် တူတဲ့တရားကိုသော်ရင်း ရှာရပါတယ်၊ ဟေတုနဲ့ အာရမ္မဏယှဉ်ကြည့်လျှင် ဟေတုနာမ်ကနည်းပါတယ်၊ အာရမ္မဏနာမ်က မျှားပါတယ်၊ ဒီတော့ ဟေတုထဲကရုပ်ကိုဖြုတ်၍ ဟေတုနာမ်ကို ဆိုလိုက်ရင် ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်လဲဖြစ်မယ် အာရမ္မဏအစရှိတဲ့ပစ္စည်းတွေရဲ့ ပစ္စယုပ္ပန်လဲဖြစ်မယ်၊ အဲဒါဟာ နှစ်ဘက်ရပါဘဲ၊ ဆိုရိုးကတော့ အာရမ္မဏ အနန္တရစသည်တွေကို သဘောတူပေါင်းပြီး သုဒ္ဓသင်္ချာရေးထားခြင်းကြောင့် ဒါတွေကိုလဲဘဲ အကုန်လုံးထည့်ပြီး ဆိုရပါလိမ့်မယ်။

ဟေတုမူ အာရမ္မဏ စသည်ဒုက

ဟေတုမူ အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ ဒုကဉ္စ (မူက တစ်ပစ္စည်း မူလိက တစ်ပစ္စည်းကို ဒုကရယ်လို့ခေါ်ပါ

* ၁၃၂၀-ခု၊ ဒုတိယဝါဆိုလဆန်း (၄) ရက် (၂၁-၇-၆၆) ကြာသပတေးနေ့၊ ဒုတိယအကြိမ်။

တယ်၊ ဟေတုနာမ် ဆိုလိုက်ရရုံပါဘဲ။) သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေ၌ မောဟ၊ကြင်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ ဤတရားတို့သည် ဟေတု၊အာရမ္မဏ၊အနုန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္မယုတ္တ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့၏ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကိုအနုလုံ၌ (အနုလုံကို ဟောပြီးနေခြင်းကြောင့် အနုလုံလို့ ဆိုရပါတယ်၊ သခ်ၭာကျတော့ ဟေတုနဲ့အာရမ္မဏတို့ကပြီး ကြည့်လိုက်ခဲ့လို့ရှိရင် အာရမ္မဏက နည်းတယ်၊ တိဏိ - သတ္တ - တိဏိ ရှိသဖြင့် အာရမ္မဏသခ်ၭာအတိုင်းဆိုရမယ်၊ ဒါက အဋ္ဌကထာနည်းဖြစ်ပါတယ်၊ ဝါနည်းအားဖြင့် ထုက်ပေါ်လာတဲ့နှစ်ဘက်ရတရားသည် နာမ်သက်သက်ဖြစ်နေမယ်၊ ရင်းနာမ်မှာလဲ ကုသိုလ် အကုသိုလ် အဗျာကတတွေ့ အရင်အပတ်က ပြောခဲ့သလိုရမယ်ဆိုလျှင် သခ်ၭာဟာ တိဏိ-သတ္တ-တိဏိလို့ အမြဲယူရပါတယ်၊ ဒါက တပည့်တော်တို့ ယူဆတဲ့နည်း ဖြစ်ပါတယ်၊ ဒါ့ကြောင့်) ဟေတုပစ္စယာ အာရမ္မဏော တိဏိ- သတ္တ- တိဏိ အနန္တရေ တိဏိ- သတ္တ - တိဏိ၊ သမနန္တရေ တိဏိ-သတ္တ-တိဏိ၊ ဥပနိဿယေ တိဏိ-သတ္တ-တိဏိ၊ သမ္မယုတ္တေ တိဏိ-သတ္တ-တိဏိ၊ နတ္ထိယာ တိဏိ-သတ္တ-တိဏိ၊ ဝိဂတေ တိဏိ-သတ္တ-တိဏိဟု သခ်ၭာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ အဓိပတိဒုက

ဟေတုကို မူတည်ပြီး အာရမ္မဏ စသည်ကို မူလီသွတ်ပြီးတဲ့နောက် ရေးထားတဲ့သုဒ္ဓသခ်ၭာအစဉ်အတိုင်း ပစ္စည်းတွေကို မူလီသွတ်ရပါလိမ့်မယ်၊ အဓိပတိကို မူလီသွတ်တဲ့အခါမှာ ဟေတုပစ္စည်းမှာရှိတဲ့ ပစ္စယုပ္ပန်တရားနဲ့ အဓိပတိမှာရှိတဲ့ ပစ္စယုပ္ပန်တရားကို (၂)ဘက်ရရှာကြည့်၊ သူတို့ကိုတိုက်ကြည့်၊ တိုက်ကြည့်လိုက်တဲ့အခါ အဓိပတိပစ္စည်းက အရနည်းပါတယ်၊ ဒါကြောင့် အဓိပတိအတိုင်းဆိုလိုက်ရရုံပါဘဲ၊ အဓိပတိက အရနည်းတယ်လို့ဆိုတာဟာ အဓိပတိပစ္စည်းမှာရတဲ့ နာမ်တွေရုပ်တွေဟာ ဟေတုပစ္စည်းရဲ့ ပစ္စယုပ္ပန်ထဲမှာ အကုန်လုံးဝင်ပါတယ်၊ ဒါကြောင့် အဓိပတိမှာရေးထားတဲ့ သုဒ္ဓသခ်ၭာအတိုင်းဆိုလိုက်ရရုံပါဘဲ၊ သခ်ၭာကလဲဘဲ စိတ္တဇရုပ်ပါရခြင်းကြောင့် နဝ-သတ္တရသ-တိဏိ ရပါလိမ့်မယ်။

ဟေတုမူ အဓိပတိဒုကဋ္ဌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရား ကိုယ်ကြည်သော သာဓိပတိဇော (၅၂) ခု နာမကွန္ဓာ သာဓိပတိစိတ္တဇရူပ်၊ ဤတရားတို့သည် ဟေတု အဓိပတိပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဋ္ဌ ဟေတုပစ္စယာ အဓိပတိယာ နဝ-သတ္တရသ-တိဏိ ဟု သင်္ချာဘပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဒုက

သဟဇာတ-နိဿယ-အတ္ထိ- အဝိဂတကိုကြည့်လိုက်ရင် သူတို့က နာမ်ကုန်ရုပ်ကုန်ရနေပါတယ်၊ ဒီတော့ ဟေတုက အရနည်းပါတယ်၊ဟေတုက အရနည်းသဖြင့် ဟေတုနာမ်အတိုင်း ဆိုလိုက်ရရုံပါဘဲ။

ဟေကုမူ သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတဒုကဋ္ဌ သဟိတ်စိတ် ဧကသတ္တာတိ မောဟမူဒ္ဒေဋ္ဌ မောဟကြည်သော စေတသိက်ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊သဟိတ်စိတ္တဇရူပ်သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရူပ်၊ ဤတရားတို့သည် ဟေတု သဟဇာတ- နိဿယ- အတ္ထိ- အဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဋ္ဌ ဟေတုပစ္စယာ သဟဇာတေ နဝ- သတ္တရသ- တိဏိ၊ နိဿယေ နဝ-သတ္တရသ-တိဏိ၊ အတ္ထိယာ နဝ- သတ္တရသ- တိဏိ၊ အဝိဂတေ နဝ-သတ္တရသ-တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ အညမည ဒုက

အညမညကြည့်လိုက်ပါ၊ အညမညမှာ နာမ်ကုန်ရုပါတယ်၊နာမ်ကုန်ရတော့ ဟေတုကနည်းပါတယ်၊ဒီတော့ ဟေတုနာမ်အတိုင်းဆိုပါ၊ရုပ်တွေကြည့်လိုက်ရင် အညမညမှာ-ပဋ္ဌိသန္ဓေနာမကွန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အဒဟဒယဝတ္ထုဟာ ဟေကုထဲက သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရူပ်ထဲမှာ ပါ ပါတယ်၊ ဒါပေမယ်လို့ ဟေဝုကသဟိတ်ဖြစ်နေခြင်းကြောင့် သဟိတ်လို့ဆိုတဲ့ ဝိသေသနထည့်ပြီး ဆိုရပါလိမ့်မယ်၊ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှထောက်အပ်သော ဟဒယဝတ္ထုလို့ ဒီလိုဆိုရပါလိမ့်မယ်၊ ပြီးတော့ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘူတ် စသည်ဟာ အညမညမှာ ရှိပါတယ်၊ဟေတုက သဟိတ်ဖြစ်ခြင်းကြောင့် သဟိတ်ထည့်ပြီး အချင်းချင်းမှထောက်အပ်သော သဟိတ်စိတ္တဇ

မဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဟေတုမှာ ရုပ် (၂) မျိုးသာ ရှိသဖြင့် ဒီရုပ်(၂)မျိုး ကိုသာလျှင်ဆိုပါ၊ သင်္ချာကတော့ စိတ္တဇရုပ်မပါသဖြင့် အညမညအတိုင်း သင်္ချာ တိကိ-သတ္တ-တိကိဘဲ ဖြစ်ပါတယ်။

ဟေတုမူ အညမညဒုကၠ သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဓေ၌ မောဟ ကြင်သောစေတသိက် ဒ္ဝေပညာသ သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာလေး ပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇ မဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇ မဟာဘုတ်၊ ဤတရားတို့သည် ဟေတု အညမညပစ္စည်းတို့၏ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ အညမညေ တိကိ-သတ္တ-တိကိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ ပုရေဇာတဒုက

ပုရေဇာတကြည့်လိုက်ရင် ပုရေဇာတမှာ အရူပဝိပါက်လေးခုကြင်ပါတယ်၊ ဒီအရူပဝိပါက်လေးခုဟာ သဟိတ်စိတ်ဖြစ်ပါတယ်၊ သဟိတ်စိတ်ဖြစ်တော့ သဟိတ်စိတ်(၇၁)ခုထဲက အရူပဝိပါက်လေးခု နုတ်မပါလိမ့်မယ်၊ အနုလုံမှာ အထက်က ပြောခဲ့တဲ့အတိုင်း အဓိပတိပစ္စည်း, ပုရေဇာတပစ္စည်း, အာသေဝနပစ္စည်း၊ အဲဒီ(၃) ပစ္စည်းဟာ ပဝတ္တိအခါကာလမှာသာလျှင် ဖြစ်ပါတယ်၊ ကျန်တဲ့ပစ္စည်းတွေကတော့ ပဝတ္တိရောပဋ္ဌိသန္ဓေရော(၂)မျိုးလုံးမှာ ရပါတယ်၊ ပုရေဇာတနဲ့ယှဉ်ကြည့်၊ အရူပဝိပါက်လေးခုကို သဟိတ်စိတ် (၇၁) ခုထဲက နုတ်လိုက်ရင် သဟိတ်စိတ်ဟာ(၆၇)ခုဘဲ ကျန်ပါတော့တယ်၊ ပြီးတော့ ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာ ၄-ပါး ဆိုတော့ ဟေတုက သဟိတ်သာရခြင်းကြောင့် သဟိတ်ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာလေးပါးလို့ သဟိတ်ဆိုတဲ့ ဝိသေသနကလေးထည့်ပြီး ပေးရပါလိမ့်မယ်။

♠ **ဟေတုမူ ပုရေဇာတဒုကၠ** အရူပဝိပါက် လေးခုကြင်သော သဟိတ်စိတ် (၆၇)ခု၊ မောဟမူဒ္ဓေ၌ မောဟကြင်သော သဟိတ် ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာလေးပါး၊ ဤတရားတို့သည် ဟေတု ပုရေဇာတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ ပုရေဇာတေ တိကိ-သတ္တ-တိကိဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ အာသေဝနဒုက

အာသေဝနကြည့်လိုက်ရင် ဟေတုက မောဟကြောင်ထား၊သဖြင့် အကုသိုလ်ဒွါဒသထဲက မောဟမူဒွေက မောဟကိုကြောင်လိုက်ပါ၊ဟသိတုပွါဒ်သည် အဟိတ်စိတ်ဖြစ်ပါတယ်၊ ဟေတုက သဟိတ်ဖြစ်ခြင်းကြောင့် ဟသိတုပွါဒ် မရတော့ပါဘူး၊ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇောဟာ ဟေတုမှာရှိပါတယ်၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခုတွေဟာလဲ ဟေတုမှာရှိပါတယ်၊ ဒီတော့ အကုသိုလ်ဒွါဒသထဲက မောဟကြောင် ဟသိတုပွါဒ် ဖြုတ်ပြစ်လိုက်ပေါ့၊ ကျန်တာတွေ အာသေဝနကရှိတဲ့အတိုင်း အကုန်ဆိုလိုက်ရရုံပါဘဲ၊ သခ်္ခြာကလဲ တီဏိ-သတ္တ-တီဏိဘဲ ဖြစ်ပါတယ်။

ဟေတုမူ အာသေဝန ဒုကဌ် မောဟမူဒွေဌ် မောဟကြောင်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇော၊မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဤတရားတို့သည် ဟေတု အာသေဝနပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဌ် ဟေတုပစ္စယာ အာသေဝနေ တီဏိ-သတ္တ-တီဏိ ဟု သခ်္ခြာတပ်၍ ဟောအပ်ကုန်၏။

ဟေတုမူ ကမ္မဒုက

ကမ္မကြည့်လိုက်ရင် ကမ္မမှာ စေတနာမှတပါး နာမ်အားလုံးရပါတယ်၊ ကုသိုလ် အကုသိုလ် ကြိယာစေတနာသာကြောင်တယ်၊ ကုသိုလ် အကုသိုလ်ကြိယာ စေတနာကြောင်တော့ ဒီကြောင်တဲ့စေတနာကို ဟေတုရဲ့ သုဒ္ဓသခ်္ခြာထဲ ထည့်ပြီးဆိုလိုက်ရရုံပါဘဲ၊ ရုပ်တွေက ကမ္မမှာ (၄) မျိုးရှိတယ်၊ ဟေတုမှာ (၂)မျိုးရှိတယ်၊ ဟေတုရုပ်ကနည်းသဖြင့် ဟေတုရုပ်အတိုင်းဘဲ ဆိုရပါတယ်၊ ဒီတော့ ဟေတုသုဒ္ဓသခ်္ခြာအတိုင်းမှာ ကုသိုလ် အကုသိုလ် ကြိယာစေတနာသာ ကြောင်ပေးလိုက်ရုံပေါ့။

ဟေတုမူ ကမ္မဒုကဌ် သဟိတ်စိတ် ဇကသတ္တတိ၊ မောဟမူဒွေဌ် မောဟကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြောင်သော သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋ္ဌိသန္ဓေကမ္မဇရုပ်၊

ဤတရားတို့သည် ဟေတု ကမ္မပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားဘို့ကို အနုလုံ၌ ဟေတုပစ္စယာ ကမ္မေ နဝ-သတ္တ-ရသ-တိဏိဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။

ဟေတုမူ ဝိပါက ဒုက

ဝိပါကကြည့်လိုက်ရင် ဝိပါကပစ္စည်းမှာ အလုံးစုံသော ဝိပါက်လို့ဆိုသဖြင့် ဝိပါက်ဆတ္တိံ သ အကုန်ရပါတယ်၊ ဟေတုက သဟိတ်သာ ဖြစ်ခြင်းကြောင့် သဟိတ်ဝိပါက်လို့ဆိုတဲ့ ပိသေသနကို ဝိပါကပစ္စည်းထဲထည့်ပေးပါ၊ ပြီးတော့ ဝိပါက်ပြုအပ်သောလို့ဆိုတဲ့နေရာဌာနမှာလဲ သဟိတ်ဝိပါက်ပြုအပ်သောလို့ဆိုပါ၊ အဲဒီသဟိတ်ကလေးကို ထည့်ပေးရုံပါဘဲ၊ သဟိတ် ထည့်ပေးလိုက်သဖြင့် အဟိတ်ဝိပါက်တွေ စင်သွားပါလိမ့်မယ်၊ သင်္ချာက ဝိပါကမှာ ကေံ-ကေံ-ကေံ ရခြင်းကြောင့် ဝိပါကမှာရှိတဲ့အတိုင်း ကေံ-ကေံ-ကေံ လို့ဘဲ ဆိုရပါတယ်။

ကိုယ့်ဟာကိုယ် ကြေညက်ချင်ခဲ့လို့ရှိရင်ပြန်ပြန်ပြီးရှတ်ဘတ်ပေးကြပါ၊အည မညမှာ ကြည့်လိုက်ရင် နာမ်ကုန်ရပါတယ်၊ နာမ်ကုန်ရသဖြင့် မူလိဖြစ်တဲ့ပစ္စည်း တွေအတွက် နာမ်ကို စဉ်းစားစရာ မလိုပါဘူး၊ မူလိပစ္စည်းမှာရှိတဲ့ နာမ်တွေ အတိုင်း ဘုံလိုက်ရှိပါဘဲ၊ ရုပ်ကိုသာလျှင် စဉ်းစားရပါလိမ့်မယ်၊ ရုပ်ကိုစဉ်းစား ရတော့ အညမညမှာ ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုဆို တော့ ဟေတုထဲမှာ ဟဒယဝတ္ထုမပါဘူးလား၊ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အဲဒီ ထဲမှာ ဟဒယဝတ္ထု ပါပါတယ်၊ အဲ သူက သဟိတ်ဖြစ်ခြင်းကြောင့် သဟိတ်ပဋ္ဌိ သန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုလို့ဆိုရပါလိမ့်မယ်၊ ပြီးတော့ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ် စသည်ကျတော့ ဟေတုမှာ ရုပ်နှစ်မျိုးရှိခြင်းကြောင့် အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇမဟာ ဘုတ် သဟိတ် ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်လို့ ဆိုရမယ်၊ အညမညက သင်္ချာ

တိကို သတ္တ တိကိသ ၁ ရသဖြင့် ဝိပါကမှတပါး အာဃလုံးသော မူလိပစ္စည်းတွေ့ အတွက် သင်္ချာ တိကို သတ္တ တိကိဘဲ ရပါတယ်၊ ဝိပါကမှာ ဧကံ ဧကံ ဧကံ ဘဲ ရပါတယ်။

အညမညမူ ဟေတုဒုက

အညမညမူ ဟေတုဒုကဌ် သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေဌ် မောဟ ကြဉ်သော စေတသိက်ဒ္ဒေပညာသ ၁သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု (ရုပ်တွေ့ ဆိုချင်တဲ့အခါမှာ အညမညရဲ့ သုဒ္ဓသင်္ချာအလိုက်ကိုကြည့် ကြည့်ဆိုပါ)အချင်းချင်းမှ ထောက်အပ်သော သဟိတ် စိတ္တဇ မဟာဘုတ် သဟိတ် ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ ဤတရားတို့သည် အညမည ဟေတုပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဌ် အညမညပစ္စယာ ဟေတုယာ တိကို သတ္တ တိကို ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အညမညမူ အာဝရမ္မဏဒုက

အာဝရမ္မဏမှာ နာမ်ကုန်ရပါတယ်၊ ဒါ့ကြောင့် အာဝရမ္မဏနာမ် အတိုင်းဆိုလိုက်ရုံပါဘဲ။

အာဝရမ္မဏ- အနန္တရ- သမနန္တရ- ဥပနိဿယ- သမ္ပယုတ္တ-နတ္ထိ- ဝိဂတ ဒုကဌ် စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒ္ဒေပညာသ ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး၊(ဒါဟာ အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး ဆိုတာနဲ့ အတူတူပါဘဲ၊) အာဝရမ္မဏ တိကို သတ္တ တိကို၊ အနန္တရ တိကို သတ္တ တိကို၊ သမနန္တရ တိကို သတ္တ တိကို၊ ဥပနိဿယ တိကို သတ္တ တိကို၊ သမ္ပယုတ္တ တိကို သတ္တ တိကို၊ နတ္ထိယာ တိကို သတ္တ တိကို၊ ဝိဂတ တိကို သတ္တ တိကို။

အညမညမူ အဓိပတိဒုက

အဓိပတိကျတော့ အဓိပတိက အညမညသွားသလိုဘဲ အညမညက အဓိပတိကိုသွားတော့ အတူတူပါဘဲ၊ နာမ်ကိုတော့ အဓိပတိအတိုင်းဆို၊ ရုပ်ကျတော့ ဟဒယဝတ္ထုနဲ့မဆိုင်ပါဘူး၊ အချင်းချင်းမှထောက်အပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်လို့ ဆိုရပါလိမ့်မယ်။

အညမညမူ အဓိပတိဒုကဌ် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိဘရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ အချင်းချင်းမှထောက်အပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်၊ အဓိပတိယာ တိကို သတ္တ တိကို။

အညမညမူ သ-နိ-အတ်-အဝိဂတ ဒုက

သဟဇာတစသည်မှာ နာမ်ကုန်ရုပ်ကုန်ရသဖြင့် မူဖြစ်တဲ့ သုဒ္ဓသခ်ျာအတိုင်း ဆိုလိုက်ရရုံပါဘဲ။

သဟဇာတ နိဿယ အတ္ထိ အဝိဂတဒုကဌ် အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာ လေးပါး၊ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘူတ် ပဋိသန္ဓေကမ္မဇမဟာဘူတ် ဗာဟိရမဟာဘူတ် အာဟာရဇ ပဟာဘူတ် ဥတုဇမဟာဘူတ် အသညသတ်ကမ္မဇမဟာဘူတ် ပဝတ္တိကမ္မဇ မဟာဘူတ်၊ သဟဇာတေ ဟိ ဏိ သတ္တ တိဏိ၊ နိဿယေ ဟိ ဏိ သတ္တ တိဏိ၊ အတ္ထိယာ ဟိ ဏိ သတ္တ ဟိ ဏိ၊ အဝိဂတေ တိ ဏိ သတ္တ တိ ဏိ။

အညမညမူ ပုရေဇာတဒုက

ပုရေဇာတမှာ နာမ်တရားသက်သက်သာရခြင်းကြောင့် စဉ်းစားစရာ မလိုပါဘူး၊ ပုရေဇာတအတိုင်းဆိုလိုက်ရရုံပါဘဲ။

ပုရေဇာတဒုကဌ် အရူပဝိပါက် လေးခု ကြည့်သော ပဋ္ဌေဝါကာရ ပဝတ္တိ နာမကွန္ဓာလေးပါး၊ ပုရေဇာတေ တိ ဏိ သတ္တ တိ ဏိ။

အညမညမူ အာသေဝန ဒုက

အာသေဝနမှာလဲ နာမ်သက်သက် ရခြင်းကြောင့် အာသေဝနအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာသေဝနဒုကဌ် . အာကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာ ကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ ပဂ် လေးခု နာမကွန္ဓာ၊ အာသေဝနေ တိ ဏိ သတ္တ တိ ဏိ။

အညမညမူ ကမ္မဒုက

ကမ္မကျတော့ နာမ်ကိကမ္မအတိုင်းဆိုပါ၊ ကမ္မမှာ ရုပ် လေးမျိုးရှိပါတယ်၊ ရုပ်လေးမျိုးထဲမှာ ပဋိသန္ဓေကမ္မဇရုပ်လည်း ပါခြင်းကြောင့် ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုရုပါတယ်၊ အချင်းချင်းမှ ထောက်တဲ့အခါ ကမ္မကရှိတဲ့ ရုပ်လေးမျိုး ဆိုရပါလိမ့်မယ်၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘူတ် ပဋိသန္ဓေကမ္မဇ မဟာဘူတ် အသညသတ်ကမ္မဇမဟာဘူတ် ပဝတ္တိကမ္မဇမဟာဘူတ် လို့ အညမညက မဟာဘူတ်သာ ရှိခြင်းကြောင့် မဟာ ဘူတ်သာ ဆိုရပါတယ်။

ကမ္မဒုကဋ္ဌ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ လေးပါး၊ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်၊ ကမ္မေ တီဏိ သတ္တ တီဏိ။

အညမညမူ ဝိပါကဒုက

ဝိပါကကျတော့ နာမ်ကိုဝိပါက်အတိုင်း ဆိုလိုက်ပါ။ ရူပ်တွေက ဝိပါကမှာ ပဋိသန္ဓေကမ္မဇရူပ် ပါခြင်းကြောင့် ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုရပါလိမ့်မယ်၊ အချင်းချင်းကျတော့ ရူပ်နှစ်မျိုးသာ ရှိခြင်းကြောင့် အချင်းချင်းမှ ထောက်အပ်သော ဝိပါက်ပြုအပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် (ဝိပါကက ဝိပါက်ပြုအပ်တဲ့ စိတ္တဇရူပ်တွေသာ ရခြင်းကြောင့် ဒီမှာလဲ ဝိပါက်ပြုအပ်တဲ့စိတ္တဇမဟာဘုတ်လို့ ဆိုရပါတယ်။)

ဝိပါက ဒုကဋ္ဌ အလုံးစုံသောဝိပါက် ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ လေးပါး၊ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်ပြုအပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဝိပါကေ ကေ ကေ ဇေ။

အညမညမူ အာဟာရဒုက

ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုလို့ဆိုတာ မူလီဖြစ်တဲ့ ပစ္စည်းတွေထဲမှာ ပဋိသန္ဓေကမ္မဇရူပ် ပါသလဲ့ မပါဘူးလား၊ ဒါကိုကြည့်ရပါတယ်၊ ပါခဲ့လို့ရှိရင် သူ့ရပါတယ်၊ ကြွင်းကျန်တဲ့ ရူပ်တွေအတွက်ကတော့ ရူပ်သုံးမျိုးရှိလျှင်ဖြင့် ဘုတ် သုံးမျိုးကိုရပါတယ်၊ လေးမျိုးရှိလျှင် လေးမျိုး ဆိုရပါတယ်။

အာဟာရဒုကဋ္ဌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ လေးပါး၊ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇ မဟာဘုတ် အာဟာရဇ မဟာဘုတ်၊ အာဟာရေ တီဏိ သတ္တ တီဏိ။

အညမညမူ ဣန္ဒြိယဒုက

ဣန္ဒြိယမှာနာမ်တွေက အကုန်ဆိုရပါတယ် ပဋိသန္ဓေကမ္မဇရူပ် ရခြင်းကြောင့် ဟဒယဝတ္ထုရပါတယ်၊ ဣန္ဒြိယမှာ ရူပ်လည်း လေးမျိုးရှိပါတယ်၊ ရူပ်လေးမျိုး

ရှိတဲ့ အနက်ဂျန္ဒြိယကိုကြည့်လိုက်ရင် ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသည္ဝသတ်ကမ္မဇ ရုပ် ပဝတ္တိကမ္မဇရုပ်လို့ရှိပါတယ်၊အဲဒီ ရုပ်ဇီဝိတိန္ဒြေဟာ မဟာဘုတ်လား ဥပါဒါ ရုပ်လားဆိုလျှင် ဥပါဒါရုပ်ပါ။ ဥပါဒါပုပ် ဖြစ်နေတော့ ယခုဆိုမှာက မဟာဘုတ်ကိုသာဆိုရမည်ဖြစ်၍ ဒီရုပ်ဇီဝိတိန္ဒြေကိုလဲ ကြဉ်နေစရာမလိုပါဘူး။

ဂျန္ဒြိယဒုကဒ္ဒ် အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဒာလေးပါး၊ ပဋိသန္ဓေ နာမကွန္ဒာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇ မဟာဘုတ် အသည္ဝသတ်ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇ မဟာဘုတ်၊ ဂျန္ဒြိယေ တိဏိ သတ္တ တိဏိ။

အညမညမူ ဈာနဒုက

ဈာနက နာမ်ဆိုပါ၊ ရုပ် ၂-မျိုးရပါတယ်၊ ဘုတ် ၂-မျိုးနှင့်တကွ ဟဒယဝတ္ထုကို ဆိုရပါလိမ့်မယ်။

ဈာနဒုကဒ္ဒ် ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဒာလေးပါး၊ ပဋိသန္ဓေနာမကွန္ဒာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဈာနေ တိဏိ သတ္တ တိဏိ။

အညမညမူ မဂ္ဂဒုက

မဂ္ဂကျတော့ သဟိတ်ပါခြင်းကြောင့် သဟိတ်ဆိုတဲ့ဝိသေသန ၅,ပြီး ဆိုရဲ့ပါဘဲ၊ နာမ်ကို မဂ္ဂအတိုင်း ဆိုပါ။

မဂ္ဂဒုကဒ္ဒ် သဟိတ်စိတ် ၈ကသတ္တတိ ၈၁ တသိက်ဒွေပညာသ သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမကွန္ဒာ လေးပါး၊ သဟိတ်ပဋိသန္ဓေနာမကွန္ဒာမှထောက်အပ်သော ဟဒယဝတ္ထု အချင်းချင်းမှ ထောက်အပ်သော သဟိတ် စိတ္တဇ မဟာဘုတ် သဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ မဂ္ဂ တိဏိ သတ္တ တိဏိ။

ဘညမညမူ ဝိပဿနာဒုက

ဝိပဿနာတွေမှာလဲ နာမ်ကိုဆိုရှု၍ ဟဒယဝတ္ထုနှင့်ဘုတ်နှစ်မျိုးကိုဆိုရပါလိမ့်မယ်။

ဝိပဿနာတွေကျတော့ ဝိပဿနာတွေကပဉ္စဝေါကာရနာမ်သာရပါဘယ်၊ ဒါကြောင့် ဝိပဿနာတွေနာမ်အတိုင်း ဆိုပါ၊ ရုပ်မှာ ဝိပဿနာတွေကစိတ္တဇရုပ်နဲ့ ပဋိသန္ဓေကမ္မဇရုပ် ရှိသော်လဲ အညမညက မဟာဘုတ်သာရှိသည်ဖြင့် အညမညသဘောသွားအတိုင်း ပဋိသန္ဓေနာမကွန္ဒာမှထောက်အပ်သော ဟဒယဝတ္ထု အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ်လို့ ဆိုရပါမယ်။

ဝိပ္ပယုတ္တ ဒုကၠ အရူပဝိပါက်လေးခု ကြဉ်သော ပဋ္ဌေဝါကာရ ပဝတ္တိ ပဋိသန္ဓေ နာမကၠန္ဓာလေးပါး၊ ပဋိသန္ဓေနာမကၠန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဝပ္ပယုတ္တေ တဏှာ သတ္တ တဏှာ။

အညမညမူ တိက

ဒုက ကုန်သွားပါပြီ၊ တိကကျတော့ ဟေတုနှင့်တွဲရပါလိမ့်မယ်၊ ဟေတုနှင့်တွဲတော့ ဟေတုနာမ်အတိုင်း ရပါတယ်၊ ရုပ်တရားက ခုနကဟေတုနှင့် ၂-ဘက်ရှာထားတဲ့တရား ဘယ်သူလဲ? သဟိတ်ပဋိသန္ဓေနာမကၠန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊အချင်းချင်းမှထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်လို့ရုပ်က ၂-မျိုးရပါတယ်၊ဒီတော့မူတရားဟာ ဘာလဲ ရမလဲ?သဟိတ်စိတ် ဇောသတ္တတိ မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေနာမကၠန္ဓာ လေးပါး၊ သဟိတ် ပဋိသန္ဓေ နာမကၠန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ် ရပါတယ်၊ သခ်ၤာက မထူးသေးပါဘူး၊ တိဏိ သတ္တ တိဏိ ဘဲ ရှိပါတယ်၊ ဒီထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတတရားတွေ ပါပါတယ်။

အာရမ္မဏကို မူလီသွတ်လိုက်တော့ အာရမ္မဏမှာ နာမ်ကုန် ရခြင်းကြောင့် မူတရားထဲက နာမ်တရားကို ဆိုရရုံပါဘဲ။

အညမညဟေတုမူ အာရမ္မဏ-အနန္တရ-သမနန္တရ- ဥပနိဿယ-သမ္ပယုတ္တ-နတ္ထိ-ဝိဂတတိကၠ သဟိတ်စိတ် ဇောသတ္တတိ မော၊ မူဒ္ဒေ၌ မောဟကြဉ်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေ နာမကၠန္ဓာလေးပါး၊ (ဒါဘဲ ရပါတယ် ဟဒယဝတ္ထုတွေ ဘာတွေ မဆိုရတော့ပါဘူး) ဤတရားတို့သည် အညမည-ဟေတု-အာရမ္မဏ-အနန္တရ-သမနန္တရ ဥပနိဿယ-သမ္ပယုတ္တ-နတ္ထိ-ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့်ထို တရားတို့ကို အနုလုံ၌ အညမညပစ္စယာ ဟေတုပစ္စယာ အာရမ္မဏော ကိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ ဟု သခ်ၤာတပ်၍ ဟောအပ်ကုန်၏။

အညမညမူ အဓိပတိတိက

အဓိပတိကျတော့ အဓိပတိနာမ်ဟာ ဟေတုနာမ်ထဲမှာ ဝင်ပါတယ်၊ ရုပ်တရားမှာလဲ အဓိပတိက ဟဒယဝတ္ထုနှင့်မဆိုင်သဖြင့် သာဓိပတိစိတ္တဇမဟာဘုတ်သာ ရုပါတယ်၊ အချင်းချင်းမှ ထောက်အပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်၊ ဒါဘဲရုပါတယ်၊ တိဏိ သတ္တ တိဏိ။

အဓိပတိတိကဌ အဓိပတိပစ္စည်းကိုပြသောဒေါ အဓိပတိတရားကိုယ်ကြည့်သော သာဓိပတိဇော ၅၂ ဝုနာမက္ခန္ဓာ၊ အချင်းချင်းမှ ထောက်အပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်၊ အဓိပတိယာ တိဏိ-သတ္တ-တိဏိ။

အညမညမူ သ-နိ-အတ်-အဝိဂတ တိက

သဟဇာတမှာ နာမ်ကုန်ရုပ်ကုန်ရသဖြင့် မူဖြစ်တဲ့တရားအတိုင်းဆိုရရုံပါဘဲ။

သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတ တိကဌ သဟိတ်စိတ် ကေသတ္တတိ မောဟမူဒ္ဒေဌ် မောဟကြည့်သော ဇေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊အချင်းချင်းမှထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ်၊သဟိတ်ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ သဟဇာတေ တိဏိ သတ္တ တိဏိ၊ နိဿယေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ ဏိဏိ သတ္တ ဏိဏိ၊ အဝိဂတေ ဟိဏိ သတ္တ တိဏိ။

အညမညမူ ပုရေဇာတတိက

ပုရေဇာတကိုကြည့်လိုက်ရင် အရူပပိပါက်လေးခုကို ကြည့်ပါတယ် ဟေတုက မောဟကြည့်ထားပါတယ်၊ မူလိမှာလဲ နာမ်တရားသာ ရှိပါတယ်၊ ဒီတော့ ပုရေဇာတအလိုက်ကလေးမှာ မောဟကို ဟေတုထဲကကြည့်ပေးလိုက်ရင် ပြီးတာပါဘဲ၊ ဒါပေတဲ့ ပဋ္ဌဝေါကာရလို ဆိုတဲ့နေရာမှာ သဟိတ်ကလေးထည့်ပြီးပေးလိုက်ပါတော့။

ပုရေဇာတတိကဌ မောဟမူဒ္ဒေဌ် မောဟ အရူပဝိပါက်လေးခု ကြည့်သော သဟိတ် ပဋ္ဌဝေါကာရ ပဝတ္တိနာမက္ခန္ဓာလေးပါး၊ ပုရေဇာတေ တိဏိ-သတ္တ-တိဏိ။

အညမညမူ အာသေဝနတိက

အာသေဝနကျတော့ ဟေတုက မောဟကြည့်ခြင်းကြောင့် အာသေဝနကို ကြည့်ပြီးဆိုပါ၊ အကုသိုလ်ဒွါဒသထဲမှာ မောဟကြည့်ပါ၊ ဟသိတုပ္ပါဒ်သည်

အဟိတ်ဖြစ်ခြင်းကြောင့် မဆိုင်ပါဘူး၊ ဟသိတုပ္ပါဒ်ကို ချန်ပစ်ခဲ့၊ ကျန်တာတွေကို အကုန်လုံးဆိုရုံပါဘဲ။

အာသေဝနတိကဋ္ဌ မောဟမူဒ္ဓေဋ္ဌ မောဟကြဉ်သော အကုသိုလ်ဒုါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

အညမညမူ ကမ္မတိက

ကမ္မကျတော့ မူတရားထဲမှာ စေတနာကို ကြဉ်ရရုံပါဘဲ၊ ရုပ်တွေက ကမ္မကများခြင်းကြောင့် မူဖြစ်တဲ့တရားအတိုင်း ဆိုရရုံပါဘဲ။

ကမ္မတိကဋ္ဌ သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဓေဋ္ဌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာစေတနာကြဉ်သော သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်၊ ကမ္မေ တိဏိ သတ္တ တိဏိ။

အညမညမူ ဝိပါကတိက

ဝိပါကကျတော့ သဟိတ်ဝိပါက်လို့ဆိုရရုံပါဘဲ၊ မောဟနဲ့ ဝိပါကနဲ့ မဆိုင်ခြင်းကြောင့် မောဟကြဉ်နေစရာမလိုတော့ပါဘူး၊ ဟဒယဝတ္ထုလဲ ရပါတယ်၊ အချင်းချင်းမှ ထောက်အပ်တဲ့အခါမှာ ဝိပါက်ပြုအပ်သောလို့ဆိုသဖြင့် သဟိတ် ဝိပါက်ပြုအပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇမဟာဘုတ်လို့ ဆိုရရုံပါဘဲ။

ဝိပါကတိကဋ္ဌ အလုံးစုံသော သဟိတ်ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး၊သဟိတ်ပဋ္ဌိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်ဝိပါက်ပြုအပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ ဝိပါကေ ဇကံ ဇကံ ဇကံ။

အညမညမူ ဟာ-ဠီ ဗျာ-မဂ္ဂတိက

ဟေတုရရင် အာဟာရ - ဣန္ဒြိယ- စျာန - မဂ္ဂတွေဟာ အပြုံရပါတယ်၊ ဒါကြောင့် ဒီ ၄-ပစ္စည်းကို မူလီသွတ်ရပါလိမ့်မယ်၊ မူလီသွတ်ပြန်တော့ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂစသည်တွေကို ကြည့်လိုက်ရင် နာမ်တွေရော ရုပ်တွေရော ဟေတုထက် များနေပါတယ်၊ ဒါကြောင့် မူဖြစ်တဲ့တရားကို ဆိုလိုက်ရုံပါဘဲ။

အာဟာရ-ဣန္ဒြေယ-စျာန-မဂ္ဂတိကဌ် သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေဌ် မောဟကြဉ်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌာနေ နာမကွန္ဓာ လေးပါး သဟိတ်ပဋ္ဌာနေနာမကွန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှထောကအပ်သော သဟတစ္တဇမဟာဘုတ သဟတပဋ္ဌာနေကမ္မဇမဟာဘုတ်၊အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ၊ စျာနေ တိဏိ သတ္တ တိဏိ၊ မဂ္ဂေ တိဏိ သတ္တ တိဏိ။

အညမညမူ ဝိပ္ပယုတ္တတိက

ဝိပ္ပယုတ္တကျတော့ ပုရေဇာတတုန်းကဆိုသလိုဘဲ ဝိပ္ပယုတ္တအလိုက်ကလေးဆိုပေးလိုက်ပါ၊ဟေတုက မောဟကြဉ်ခြင်းကြောင့် မောဟကိုကြဉ်ပြီးပေးလိုက်ပါ၊ပြီးတော့ ပဋ္ဌေဝါကာရ ပဝတ္တိပဋ္ဌာနေနာမကွန္ဓာလေးပါးကိုလဲ သဟိတ်လို့ဆိုပေးလိုက်ပါ၊ရုပ်ကဝိပ္ပယုတ္တမှာ ၂-မျိုးရှိပါတယ်၊ အဲဒီရုပ် ၂-မျိုးဟာ ဟေတုကရခဲ့တဲ့အတိုင်း အကုန်လုံးရသဖြင့် ရုပ်တရားကို မူအတိုင်း ဆိုလိုက်ရရုံပါဘဲ။

ဝိပ္ပယုတ္တတိကဌ် မောဟမူဒ္ဒေဌ် မောဟ အရူပဝိပါက် လေးခုကြဉ်သော သဟိတ်ပဋ္ဌေဝါကာရ ပဝတ္တိပဋ္ဌာနေ နာမကွန္ဓာလေးပါး၊ သဟိတ်ပဋ္ဌာနေ နာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋ္ဌာနေ ကမ္မဇ မဟာဘုတ်၊ ဝိပ္ပယုတ္တေ တိဏိ သတ္တ တိဏိ။

အညမညတိက ပြီးသွားပါပြီ၊ စတုက္ကဆိုရင် အာဝရမ္မဏနဲ့ တဲ့ရပါလိမ့်မယ်၊ အာရမ္မဏနဲ့တဲ့ရင် အမြဲရုပ်တရားတွေ ပြုတ်သွားပါတယ်၊ ဘာကျန်တော့မလဲ၊ ဟေတုနာမ်ဘဲကျန်ပါတယ်၊ ဟေတုနာမ်ကျန်ရင် ဟေတုနဲ့ အာရမ္မဏနဲ့ တဲ့တုန်းက ဟေတုနာမ်ဘဲ ရခဲ့ပါတယ်၊ ဒါကြောင့် ဟေတု အာရမ္မဏတိက က ဆိုခဲ့တဲ့အတိုင်း ဆိုရရုံပါဘဲ၊ အညမညကိစ္စပြီးသွားပါပြီ၊ အညမညပြီးသွားတော့ နိုဿယလာပါတယ်၊ အဲဒီနိုဿယဟာ သဟဇာတနဲ့တူပါတယ်၊ သဟဇာတနှင့်တူသဖြင့် သဟဇာတကဆိုခဲ့တဲ့အတိုင်း အားလုံးကုန် ဆိုရရုံပါဘဲ။

တပန် ဥပနိဿယလာပါတယ်၊ ဥပနိဿယကလဲ အာရမ္မဏနဲ့တူခြင်းကြောင့် အာရမ္မဏကဆိုခဲ့တဲ့အတိုင်း အားလုံးကုန်ဆိုရပါလိမ့်မယ်၊ ဥပနိဿယပြီးတော့ ပုရေဇာတလာပါတယ်၊ ပုရေဇာတမှာလဲ နာမ်တရားချည်းသက်သက်ရှိပါတယ်၊ အဲဒီပုရေဇာတကိုတော့ ရှေအပတ်မှာဘဲဆိုကြပါစို့။

သာဓု- သာဓု- သာဓု။

* ပဋ္ဌာန်းကုသလတိုက် ဆဝါရအနုလုံ သင်္ဃာဝါရ

ပုရေဇာတမှု ဟေတုဒုက

ဆဝါရအနုလုံရဲ့ပစ္စယုပ္ပန်တရားတွေဟာ ဘာဖြစ်လို့ ဒီလိုလာပြီးနေရသလဲလို့ ဆိုတာကိုတော့ အနုလုံသင်္ဃာခဏ်းပြီးတဲ့အခါမှာ အပြည့်အစုံ ပြောပြပါမယ်၊ ပုရေဇာတပစ္စည်းမှာ ပဝတ္တိအခါကာလမှာဖြစ်တဲ့ နာမ်တရားတွေ ရပါတယ်၊ ဒီနာမ်တရားဟာလဲ ပဋ္ဌဝေါကာရဘုံမှာဖြစ်တဲ့ နာမ်ဖြစ်ခြင်းကြောင့် ပဋ္ဌဝေါကာရဘုံလို့ ဝိသေသနကလေး မ,မ-ပြီး ဆိုလိုက်ရရုံပါဘဲ၊ ဟေတုနဲ့တဲ့တဲ့အခါမှာ ဟေတုက မောဟကြောင့်တယ်၊ ပုရေဇာတက အရူပဝိပါက်လေးခုကြောင့်သဖြင့် ဒီအရူပဝိပါက်လေးခုကို ဟေတုထဲမှာ ကြောင့်ပေးပြီးတော့ ပဋ္ဌဝေါကာရလို့ ဝိသေသနထည့်ပြီး ပဝတ္တိလို့ ဆိုပေးရရုံပါဘဲ။

ပုရေဇာတမှု ဟေတုဒုကဋ္ဌ မောဟမူဒ္ဒေဋ္ဌ မောဟ အရူပဝိပါက်လေးခုကြောင့်သော သဟိတ်ပဋ္ဌဝေါကာရပဝတ္တိနာမကွန္ဓာလေးပါး၊ ဤတရားတို့သည် ပုရေဇာတ ဟေတုပစ္စည်းတို့၏ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ထို့ကြောင့် ထိုတရားတို့ကို အနုလုံဋ္ဌ ပုရေဇာတပစ္စယာ ဟေတုယာ တိဏိ သတ္တ တိဏိ ဟု သင်္ဃာတပ်၍ ဟောအပ်ကုန်၏။

အာ-နံ-ဆနံ-ဥ-သံ-နတ်-ဝိဂတ ဒုက

အာရမ္မဏစသည်မှာ နာမ်ကုန်ရှိခြင်းကြောင့် ပုရေဇာတအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာရမ္မဏ-အနန္တရ-သမနန္တရ-ဥပနိဿယ-သမ္ပယုတ္တ-နတ္ထိ-ဝိဂတ ဒုကဋ္ဌအရူပဝိပါက်လေးခုကြောင့်သော ပဋ္ဌဝေါကာရပဝတ္တိနာမကွန္ဓာလေးပါး၊ အာရမ္မဏေ တိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ။

ပုရေဇာတက တိဏိ သတ္တ တိဏိ ရသဖြင့် အားလုံး တိဏိ သတ္တ တိဏိ ချည်းပါဘဲ၊ ဝိပါကကျမှ ကေံ ကေံ ကေံလို့ ဆိုရပါတယ်။

---

*၁၃၂၀-ခု ဒုတိယဝါဆိုလဆန်း (၁၁)ရက် (၂၀-၇-၆၆) ကြာသပတေးနေ့၊ ပဋ္ဌမအကြိမ်။

အဓိပတိဒုက

အဓိပတိပစ္စည်းကျတော့ သာဓိပတိဇော ၅၂- ခုဟာ ပုရေဇာတထဲမှာ ဝင်ပါတယ်၊ ဒါကြောင့် ဘုံသတ်ပြီး အဓိပတိသုဒ္ဓသခ်ျာအတိုင်း နာမ်ကို ဆိုလိုက်ရရုံပါဘဲ။

အဓိပတိဒုကဒ္ဒ ပဋ္ဌဝေါကာရဘုံဌ္ဌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ခု နာမကွန္ဓာ၊ အဓိပတိယာ တိဏိ သတ္တ တိဏိ။

သ-နိ-အတ်-အဝိဂတဒုက

သဟုဇာတစသည်က နာမ်ကုန်ရသဖြင့် ပုရေဇာတအတိုင်း ဆိုရရုံပါဘဲ။

သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတ ဒုကဒ္ဒ အရူပဝိပါက် လေးခုကြဉ်သော ပဋ္ဌဝေါကာရပဝတ္တိနာမကွန္ဓာလေးပါး၊ သဟဇာတေ တိဏိ သတ္တ တိဏိ၊ နိဿယေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ တိဏိ သတ္တ တိဏိ၊ အဝိဂတေ တိဏိ သတ္တ တိဏိ။

အညမညဒုက

အညမညမှာလဲ နာမ်ကုန်ရသဖြင့် ပုရေဇာတအတိုင်း ဆိုရရုံပါဘဲ။

အညမညဒုကဒ္ဒ အရူပဝိပါက် လေးခုကြဉ်သော ပဋ္ဌဝေါကာရပဝတ္တိ နာမကွန္ဓာလေးပါး၊ အညမညေ တိဏိ သတ္တ တိဏိ။

အာသေဝနဒုက

အာသေဝနကျတော့ အာသေဝနမှာရှိတဲ့ နာမ်တရားတွေဟာ ပုရေဇာတထဲမှာ အကုန်ဝင်ပါတယ်၊ ပုရေဇာတက အရူပဝိပါက်လေးခုသာ ကြဉ်ပါတယ်၊ ဒီအရူပဝိပါက်လေးခုဟာလဲ အာသေဝနထဲမှာ မပါပါဘူး၊ ဒါကြောင့် ဘုံသတ်ပြီး အာသေဝနအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာသေဝန ဒုကဒ္ဒ– ပဋ္ဌဝေါကာရဘုံဌ္ဌဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခုနာမကွန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

ကမ္မဒုက

ကမ္မကျတော့ စေတနာကြဉ်သဖြင့် ဒီစေတနာကို ပုရေဇာတထဲထည့်ပြီး ကြဉ်ပေးလိုက်ရရုံပါဘဲ။

ကမ္မဒုကဋ္ဌ- အရူပဝိပါက်လေးခု ကုသိုလ် အကုသိုလ် ကြိယာစေတနာ ကြဉ် သော ပဋ္ဌေဝါကာရ ပဝတ္တိနာမကွန္ဓာလေးပါး၊ ကမ္မေ တီဏိ သတ္တ တီဏိ။

ဝိပါကဒုက်

ဝိပါကကျတော့ အရူပဝိပါက်လေးခု ကြဉ်ပါတယ်၊ ဒါကြောင့် ဝိပါက အတိုင်းမှာ အရူပဝိပါက်လေးခုကြဉ်၍ ပဝတ္တိအခါကာလလို့ ဆိုရပါလိမ့်မယ်။

ဝိပါကဒုကဋ္ဌ- အရူပဝိပါက်လေးခုကြဉ်သော အလုံးစုံသော ပဋ္ဌေဝါကာရ ဝိပါက် ပဝတ္တိနာမကွန္ဓာလေးပါး၊ ဝိပါကေ ကေ ကေ ကေ။

အာဟာရ-ဣန္ဒြိယ ဒုက

အာဟာရ- ဣန္ဒြိယသည် နာမ်ကုန်ရခြင်းကြောင့် ပုရေဇာတအဘိုင်း ဆိုလိုက်ရရုံပါဘဲ။

အာဟာရ ဣန္ဒြိယဒုကဋ္ဌ- အရူပဝိပါက် လေးခု ကြဉ်သော ပဋ္ဌေဝါကာရ ပဝတ္တိနာမကွန္ဓာလေးပါး၊ အာဟာရေ တီဏိ သတ္တ တီဏိ၊ ဣန္ဒြိယေ ဒ္ဝေ တီဏိ သတ္တ တီဏိ။

ဈာနဒုက်

ဈာနကျတော့ ဒွေပဋ္ဌဝိညာဉ်တဆယ် ကြဉ်ပါတယ်၊ ပုရေဇာတထဲမှာ ဒွေ ပဋ္ဌဝိညာဉ်ကို ထပ်ပြီးကြဉ်ပေးရပါလိမ့်မယ်။

ဈာနဒုကဋ္ဌ- အရူပဝိပါက်လေးခု ဒွေပဋ္ဌဝိညာဉ်တဆယ်ကြဉ်သော ပဋ္ဌေဝါကာရ ပဝတ္တိနာမကွန္ဓာလေးပါး၊ ဈာနေ တီဏိ သတ္တ တီဏိ။

မဂ္ဂဒုက

မဂ္ဂကျတော့ သဟိတ်ဖြစ်ခြင်းကြောင့် သဟိတ်လို့ ဆိုရပါလိမ့်မယ်။

မဂ္ဂဒုကဋ္ဌ- အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ပဋ္ဌေဝါကာရ ပဝတ္တိ နာမကွန္ဓာလေးပါး၊ မဂ္ဂေ တီဏိ သတ္တ တီဏိ။

ဝိပ္ပယုတ္တ ဒုက

ဝိပ္ပယုတ္တကျတော့ ပုရေဇာတရဲ့ သုဒ္ဓသင်္ချာဟာ ဝိပ္ပယုတ္တထဲမှာဝင်ပါတယ်၊ ဒါ့ကြောင့် ပုရေဇာတအတိုင်း ဆိုရရုံပါဘဲ။

ဝိပ္ပယုတ္တဒုကဋ္ဌ- အရူပဝိပါက်လေးခုကြဉ်သော ပဋ္ဌေဝါကာရ ပဝတ္တိနာမကွ န္ဓာလေးပါး၊ ဝိပ္ပယုတ္တေ တီဏိ သတ္တ ဏိတီ။

ပုရေဇာတ်တိုက

ဒုကၽြိုးသွားပါပြီ၊ ဒုကၽြိုးတော့ တိုကအတွက် ဟေတုနဲ့တွဲရပါတယ်၊ ဟေတုနဲ့တွဲတော့ မူတရားဟာ ဘာရသလဲ? ခုနက နှစ်ဘက်ရရှာထားတဲ့တရားပါ၊ ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု မောဟမူဒ္ဓေ၌ မောဟ ကြည်သော သဟိတ်ပဝတ္တိနာမကွန္ဓာလေးပါး ရပါတယ်၊ ဒီတော့ အာရမ္မဏစသည်ကို မူလီသွတ်လိုက်တဲ့အခါမှာ အာရမ္မဏစသည်တို့က နာမ်ကုန်ရသဖြင့် မူတရားအတိုင်းဘဲ ဆိုရပါတယ်၊ သခ်ၤာကလဲ တိကိ သတ္တ တိကိ ဘဲ ရှိပါသေးတယ်။

ပုရေဇာတ–ဟေတုမူ အာရမ္မဏ-အနန္တရ–သမနန္တရ–ဥပနိဿယ–သမ္ပယုတ္တ-နတ္ထိ–ဝိဂတ တိကဋ္ဌ– ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု မောဟမူဒ္ဓေ၌ မောဟကြည်သော သဟိတ်ပဝတ္တိနာမကွန္ဓာလေးပါး၊ ဤတရားတို့သည် ပုရေဇာတ ဟေတု အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ပုရေဇာတပစ္စယာ ဟေတုပစ္စယာ အာရမ္မဏော တိကိ သတ္တ တိကိ၊ အနန္တရေ တိကိ သတ္တ တိကိ၊ သမနန္တရေ တိကိ သတ္တ တိကိ၊ ဥပနိဿယေ တိကိ သတ္တ တိကိ၊ သမ္ပယုတ္တေ တိကိ သတ္တ တိကိ၊ နတ္ထိယာ တိကိ သတ္တ တိကိ၊ ဝိဂတေ တိကိ သတ္တ တိကိ ဟု သခ်ၤာတပ်၍ ဟောအပ်ကုန်၏။

အဓိပတိ တိက

အဓိပတိကျတော့ သာမ်ပတိဇောဟာ ခုနက မူတရားထဲမှာ ဝင်ပါတယ်၊ ဒါ့ကြောင့် ဘုံသတ်ပြီး အဓိပတိနာမ်တရားအတိုင်း ဆိုရရုံပါဘဲ။

အဓိပတိတိကဋ္ဌ– ပဠဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြည်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ အဓိပတိယာ တိကိ သတ္တ တိကိ။

သ–နိ–အတ်–အဝိဂတ တိက

သဟဇာတစသည်မှာ နာမ်ကုန်ရသဖြင့် မူတရားအတိုင်းဘဲ ဆိုရပါတယ်။

သဟဇာတ–နိဿယ–အတ္ထိ-အဝိဂတ တိကဋ္ဌ–ပဠဝေါကာရဘုံ၌ ဖြစ်သော အခါ မောဟမူဒ္ဓေ၌ မောဟ အရူပဝိပါက်လေးခုကြည်သော သဟိတ်ပဝတ္တိ နာမကွန္ဓာလေးပါး၊ သဟဇာတေ တိကိ သတ္တ တိကိ၊ နိဿယေ တိကိ သတ္တ တိကိ၊ အတ္ထိယာ တိကိ သတ္တ တိကိ၊ အဝိဂတေ တိကိ သတ္တ တိကိ။

အညမညတိက

အညမညမှာလဲအတူတူပါဘဲ၊နာမ်ကုန်ရသဖြင့် ခုနကမူအတိုင်းဆိုရရုံပါဘဲ။

အညမညတိကဒ္ဒ– ပဋ္ဌဝေါကာရဘုံဒ္ဒဖြစ်သောအခါ မောဟမူဒ္ဒေဒ္ဒ မောဟ အရူပ ဝိပါက်လေးခုကြည်သော သဟိတ်ပဝတ္တိနာမကွန္ဓာလေးပါး၊ အညမညေ တိဏိ သတ္တ တိဏိ။

အာသေဝနတိက

အာသေဝနကျတော့ သဟိတ်ဖြစ်သဖြင့် ဟသိတုပ္ပါဒ် မရတော့ပါဘူး၊ မောဟကိုလဲ ကြည်ထားသဖြင့် အကုသိုလ်မှာ မောဟကို ကြည့်ရပါလိမ့်မယ်၊ အရူပဝိပါက် လေးခုကတော့ မဆိုင်သဖြင့် သူ့အတွက် ကြည်စရာမလိုပါဘူး၊ ဒါကြောင့် မောဟကြည်ပေး၊ ဟသိတုပ္ပါဒ်ဖြုတ်၊ ဘုံသတ်။

အာသေဝနတိကဒ္ဒ ပဋ္ဌဝေါကာရဘုံဒ္ဒဖြစ်သောအခါ မောဟမူဒ္ဒေဒ္ဒ မောဟ ကြည်သော အကုသိုလ်ဒ္ဒါဒသ မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နှာ့မကွန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

ကမ္မတိက

ကမ္မကျတော့ စေတနာကြည်သဖြင့် မူတရားထဲမှာ ဒီစေတနာကိုထပ်ပြီး ကြည်ပေးရပါလိမ့်မယ်။

ကမ္မတိကဒ္ဒ ပဋ္ဌဝေါကာရဘုံဒ္ဒ ဖြစ်သောအခါ မောဟမူဒ္ဒေဒ္ဒ**မောဟ** အရူပ ဝိပါက်လေးခု ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ**စေတနာ**ကြည်သော သဟိတ် ပဝတ္တိနာမကွန္ဓာလေးပါး၊ ကမ္မေ တိဏိ သတ္တ တိဏိ။

ဝိပါကတိက

ဝိပါကကျတော့ ဝိပါက်တရားတွေသာရှိသဖြင့် မောဟနဲ့မဆိုင်၍ မောဟ ကြည်စရာမလိုပါဘူး၊ အရူပဝိပါက်လေးခုတော့ ကြည့်ပေးရပါလိမ့်အုံးမယ်။

ဝိပါကတိကဒ္ဒ ပဋ္ဌဝေါကာရဘုံဒ္ဒ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြည်သော သဟိတ်ဝိပါက်ပဝတ္တိနာမကွန္ဓာလေးပါး၊ ဝိပါကေ ကေ ကေ ကေ။

ဟာ–ဇုံ–ဗျာ–မဂ္ဂတိက

ဟေတုဝင်လာခဲ့လို့ရှိရင် အာဟာရ ဣန္ဒြိယ စျာန မဂ္ဂတွေကို အားလုံးကုန် ပေါင်းပြီး မူလီသွတ်နိုင်ပါတယ်၊ ဘာ့ကြောင့်လဲ? ဟေတုနဲ့တွဲထားသဖြင့် ရတဲ့ မူတရားဟာ ဒီပစ္စည်းတွေထဲမှာ အကုန်လုံး ဝင်ပါတယ်။

အာဟာရ-ဣန္ဒြေယ-စျာန-မဂ္ဂတိကဋ္ဌ ပဠာဝေါကာရဘုံဌ် ဖြစ်သောအခါ မေဟာမူဒ္ဓေဌ် မေဟာ အရူပဝိပါက်လေးခုကြဉ်သော သဟိတ်ပဝတ္တိနာမကွန္ဓာ လေးပါး၊ အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ၊ စျာနေ တိဏိ သတ္တ တိဏိ၊ မဂ္ဂေ တိဏိ သတ္တ တိဏိ။

ဝိပ္ပယုတ္တတိက

ဝိပ္ပယုတ္တမှာလဲ အတူတူပါဘဲ၊ ပုရေဇာတက ဝိပ္ပယုတ္တထဲ ဝင်ပါတယ်၊ ဟေတုနဲ့တဲ့တဲ့အခါမှာလဲ ဝင်ပါတယ်၊ဒါကြောင့် မူတရားအတိုင်းဆိုရရုံပါဘဲ။

ဝိပ္ပယုတ္တတိကဋ္ဌ ပဠာဝေါကာရဘုံဌ်ဖြစ်သောအခါ မေဟာမူဒ္ဓေဌ် မေဟာ အရူပဝိပါက် လေးခုကြဉ်သော သဟိတ်ပဝတ္တိနာမကွန္ဓာလေးပါး၊ ဝိပ္ပယုတ္တေ တိဏိ သတ္တ တိဏိ။

ပုရေဇာတမူ စတုက္ကပဋ္ဌက

တိကပြီးသွားပါပြီ၊ အာရမ္မဏနဲ့တဲ့တော့ စတုက္ကအတွက် အာရမ္မဏက နာမ်ကုန်ရသဖြင့် မူတရားဟာလဲ ဒါဘဲရပါတယ်၊ အဓိပတိနဲ့ တဲ့လိုက်တော့ ခုနက အဓိပတိနဲ့ ၂-ဘက်ရရှာထားတဲ့တရားဟာ ဘာတုန်း၊ ပဠာဝေါကာရဘုံဌ် အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ ရပါတယ်၊ ဒီတော့ ဟေတုစတုက္ကတုန်းက ဆိုလာတဲ့ အတိုင်း တူပါတယ်၊ ပဠာဝေါကာရဘုံကလေး မပါဒါဘဲ ထူးပါတယ်၊ ဒီတော့ နဲနဲကြာပြီးသွားခြင်းကြောင့် အဲဒီ အဓိပတိနဲ့တဲ့တာကို ထပ်ပြီးဆိုလိုက်ကြပါ အုံ စို့၊ မူတရားကို မှတ်ထားရပါတယ်။

ပုရေဇာတမူ-နံ-သနံ-ဥ-သံ-နတ်-ဝိဂတ,ပဋ္ဌက

ပုရေဇာတ-ဟေတု- အာရမ္မဏ- အဓိပတိမူ အနန္တရ သမနန္တရ ဥပနိဿယ သမ္မယုတ္တ နတ္ထိ ဝိဂတပဋ္ဌကဋ္ဌ-(သူတို့က နာမ်ကုန်ရပါတယ်၊မူတရားအတိုင်း ဆိုရ ပါလိမ့်မယ်၊) ပဠာဝေါကာရဘုံဌ် အဓိပတိပစ္စည်းကို ရသောအခါ အဓိပတ်တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ခု နာမကွန္ဓာ၊ ဤတရားတို့သည် ပုရေဇာတ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ ဥပနိဿယ သမ္မယုတ္တ နတ္ထိ ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဌ် ပုရေဇာတပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ

တီကိ သတ္တ တီကိ၊ ဥပနိဿယေ တီကိ သတ္တ တီကိ၊ သမ္မယုတ္တေ တီကိ သတ္တ တီကိ၊ နတ္ထိယာ တ်ီကိ သတ္တ တီကိ၊ ဝိဂတေ တီကိ သတ္တ တ်ီကိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ပုရေဇာတမူ-သ-နိ-အ'တ်-အဝိဂတ ပဋ္ဌာန

သဟဇာတတ္ထေက နာမ်ကုန်ရသဖြင့် မူအတိုင်း ဆိုရရုံပါဘဲ။

သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတ ပဋ္ဌာန်၌ ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ သဟဇာတေ တီကိ သတ္တ တီကိ၊ နိဿယေ တ်ီကိ သတ္တ တီကိ၊ အတ္ထိယာ တီကိ သတ္တ တီကိ၊ အဝိဂတေ တီကိ သတ္တ တီကိ။

ပုရေဇာတမူ အညမည် ပဋ္ဌာန

အညမညကလဲ နာမ်ကုန်ရသဖြင့် ဒီတရားကို ဆိုရရုံပါဘဲ။

အညမည ပဋ္ဌာန်၌- ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ အညမညေ တီကိ သတ္တ တီကိ။

ပုရေဇာတမူ အာသေဝန ပဋ္ဌာန

အာသေဝနနဲ့ကျတော့ သာဓိပတိဇောမထိုက်တဲ့ မောဟမူရယ် ဟသိတုပ္ပါဒ်ရယ် ကြဉ်ပေးပါ၊ မဟဂ္ဂုတ်လောကုတ္တရာဇောတွေကို ကေန်လို့ ဆိုရရုံပါဘဲ။

အာသေဝန ပဋ္ဌာန်၌- ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မင်္ဂလေးခု နာမကွန္ဓာ၊ အာသေဝနေ တီကိ သတ္တ တီကိ။

ပုရေဇာတမူ ကမ္မ ပဋ္ဌာန်

ကမ္မကျတော့ စေတနာကို မူတရားထဲ ကြဉ်ပေးရရုံပါဘဲ။

ကမ္မပဋ္ဌာန်၌- ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာ ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ ကမ္မေ တီကိ သတ္တ တီကိ။

ပုရေဇာတမူ ဝိပါက ပဋ္ဌာန

ဝိပါကကျတော့ ဇောထိုက်တဲ့ ဖိုလ်ကိုသာ ယူရပါလိမ့်မယ်။

ဝိပါက ပဋ္ဌာန်း- ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြီးသော ဖိုလ်လေးဝု နာမကွန္ဓာ၊ ဝိပါကေ ကေ ကေ ကေ။

ပုရေဇာတမူ ဟာ-ဇုံ-ဗျာ-မဂ္ဂ ဝိပ္ပယုတ္တ ပဋ္ဌာန်

နောက်ကျန်တဲ့ အာဟာရက ဝိပ္ပယုတ္တတိုင်အောင် တရားတွေဟာ မူဖြစ်တဲ့ တရားကို အကူနှံ့ရပါတယ်၊ ဒါကြောင့် ဒီ ၅-ပစ္စည်းကိုပေါင်းပြီး မူလီသွတ်၍ ဆိုကြပါစို့။

အာဟာရ-ဣန္ဒြိယ- စျာန-မဂ္ဂ-ဝိပ္ပယုတ္တ ပဋ္ဌာန်- ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြီးသော သာဓိပတိဇော ၅၂-ဝု နာမကွန္ဓာ၊ အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ စျာနေ တိဏိ သတ္တ တိဏိ၊မဂ္ဂေ တိဏိ သတ္တ တိဏိ၊ ဝိပ္ပယုတ္တေ တိဏိ သတ္တ တိဏိ။

ပုရေဇာတမူ ဆက္က စသည်

အနန္တရနဲ့တဲ့လဲ ဒါဘဲ၊ သမနန္တရနဲ့တဲ့လဲ ဒါဘဲ၊ သဟဇာတ အညမညနိဿယ ဥပနိဿယနဲ့တဲ့လဲ ဒီမူတရားဘဲရပါတယ်၊ ဘာ့ကြောင့်? ဒီတရားတွေဟာ နာမ်ကုန်ရတဲ့ တရားတွေ ဖြစ်ပါတယ်၊ ဒီတော့ ကြွင်းကျန်တာတွေကတော့ ဟေတုကဟောတဲ့အတိုင်း အားလုံးကုန် တူသွားပါပြီ၊ ပုရေဇာတကိစ္စပြီးကြပါစို့။

အာသေဝနမူ

အာသေဝနမှာလဲ နာမ်တရားသာ ရှိသဲ့ဖြင့် သခ်ျာဟာ တိဏိ သတ္တ ကိဏိ ရပါတယ်၊ သို့သော် အာသေဝနမူ ဝင်လာတဲ့အခါဖြစ်စေ၊ အာသေဝနပစ္စည်းသက်သက် ဟောတဲ့အခါမှာဖြစ်စေ ဝိပါကကို ဘယ်တော့မှ မူလီသွတ်လို့ မရပါဘူး၊ ဘာ့ကြောင့် မရသလဲလို့ အထူးစဉ်းစားစရာ မလိုပါဘူး၊ အာသေဝနထဲမှာ ဝိပါက်ပါသလား မပါဘူးလား ကြည့်စမ်းကြည့်ပါ၊ အာသေဝနထဲမှာ ဝိပါက်တခုမှ မပါပါဘူး၊ ဒါကြောင့် အာသေဝနကိုဟောတဲ့အခါ ဝိပါကကို မူလီမသွတ်ရပါဘူး၊ ဝိပါက ချန်ပစ်ခဲ့ရပါတယ်၊ ဒီအာသေဝနနဲ့ ဝိပါကမှာ သာသေဝန သဝိပါကရယ်လို့ တခြားသောပစ္စည်းကဲ့သို့ မရှိပါဘူး၊ သာသေဝန သက်သက် တခုထဲသာ ရှိပါတယ်၊ အာသေဝန ဟေတုဟာ ဟေတု အာသေဝနနဲ့အတူတူပါဘဲ၊ဒီတော့ အာသေဝနမူမှာ အာသေဝနထဲက သဟိတ်ရှေးပြီးဆိုရပါလိမ့်မယ်၊ အကုသိုလ်ဒုါဒသထဲက ဟေတုက မောဟကြောင့်သဖြင့် မောဟ

ကြဉ်ပေးပါ။ ဟသိတုပ္ပါဒ်ဟာ သဟိတ်မဟုတ်သဖြင့် မဆိုပါနဲ့တော့၊ ကျန်တဲ့ တရားတွေဟာ ဟေတုထဲမှာ ရှိပါတယ်၊ ဒါတွေအကုန် ဆိုရပါလိမ့်မယ်။

အာသေဝနမူ ဟေတုဒုက

အာသေဝနမူ ဟေတုဒုကဌ် မောဟမူဒ္ဒေဌ် မောဟကြဉ်သော အကုသိုလ် ဒ္ဒါဒသ မဟာကုသိုလ် မဟာကြိယာဒုတိယာဒီဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဤ တရားတို့သည် အာသေဝန ဟေတုပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဌ် အာသေဝနပစ္စယာ ဟေတုယာ တိဏိ သတ္တ တိဏိ ဟု သခ်ျာတပ်၍ ဟောအပ်ကုန်၏။

အာသေဝနမူ အာ-နံ-သနံ-ဥ-သံ-နတ်-ဝိဂတဒုက

အာရမ္မဏစသည်တွေက နာမ်ကုန်ရသဖြင့် အာသေဝန သုဒ္ဓသခ်ျာအတိုင်း ဆိုရရုံပါဘဲ။

အာရမ္မဏ-အနန္တရ-သမနန္တရ-ဥပနိဿယ- သမ္ပယုတ္တ-နတ္ထိ- ဝိဂတ ဒုကဌ် အကုသိုလ် ဒ္ဒါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခုနာမကွန္ဓာ၊ အာရမ္မဏော တိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိ ယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ အဓိပတိ ဒုက

အဓိပတိကျတော့ သာဓိပတိဇောမထိုက်တဲ့ မောဟနဲ့ဟသိတုပ္ပါဒ်ကို ဖြုတ်ပစ်ခဲ့ရရုံပါဘဲ။

အဓိပတိ ဒုကဌ် အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇော၊ ကေန်ရသော မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ အဓိပတိယာ တိဏိ သတ္တ တိဏိ။

အာသေဝနမူ သ-ဉ-နိ-အ'တ်-အဝိဂတ ဒုက

သဟဇာတ စသည်တွေက နာမ်ကုန်ရသဖြင့် မူဖြစ်တဲ့ အာသေဝနအတိုင်း ဆိုရပါတယ်၊ အညမညကလဲ နာမ်ကုန်ရသဖြင့် အညမညကိုပါထည့်ပြီး ဆိုလိုက်ကြပါစို့။

ဿုမ္ဘဝတိ (က) ၁၅၅-၁၀

သဟဇာတ-အညမည-နိဿယ-အတ္ထိ-အဝိဂတ ဒုကဒ္ဒ အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ သဟဇာတေ တီဏိ သတ္တ တီဏိ၊ အညမညေ တီဏိ သတ္တ တီဏိ၊ နိဿယေ တီဏိ သတ္တ တီဏိ၊ အတ္ထိယာ တီဏိ သတ္တ တီဏိ၊ အဝိဂတေ တီဏိ သတ္တ တီဏိ။

အာသေဝနမူ ပုရေဇာတ ဒုက

ပုရေဇာတကျပြန်တော့ ပုရေဇာတက အရူပဝိပါက်လေးခုကြဉ်တယ်၊ပဝတ္တိ အခါကာလမှာဖြစ်တယ်၊ အာသေဝနမှာ ဒီအရူပဝိပါက် လေးခုလဲ မပါပါဘူး၊ ပဋိသန္ဓေအခါကာလမှာရတဲ့စိတ်တွေလဲ မပါပါဘူး၊ဒီတော့အာသေဝနအတိုင်း ဘုံသတ်၍ ဆိုလိုက်ရလုံပါဘဲ။

ပုရေဇာတ ဒုကဒ္ဒ- ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ ပုရေဇာတေ တီဏိ သတ္တ တီဏိ။

အာသေဝနမူ ကမ္မဒုက

ကမ္မမှာ စေတနာကြဉ်သဖြင့် အာသေဝနထဲတွင် ဒီစေတနာကိုကြဉ်ပြီး ဆိုရုံပါဘဲ၊ **ကမ္မဒုကဒ္ဒ** ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ ကမ္မေ တီဏိ သတ္တ တီဏိ။

အာသေဝနမူ ဟာ-ဣ-ဈာန ဒုက

ဝိပါကမူလိမသွတ်ရပါဘူး၊ အာဟာရက နာမ်ကုန်ရပါတယ်၊ ဣန္ဒြိယ နာမ်ကုန် ရပါတယ်၊ ဈာနကြည့်လိုက်တော့ ဒွေပဋ္ဌဝိညာဉ် တဆယ်ကြဉ်တာဟာ အာသေဝနထဲမှာ မပါပါဘူး၊ ဒါကြောင့် အာဟာရ ဣန္ဒြိယ ဈာန ဒီ ၃-ခုကို တပြိုင်နက် မူလိသွတ်ကြပါစို့။

အာဟာရ-ဣန္ဒြိယ-ဈာန ဒုကဒ္ဒ- အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ အာသေဝနေ တီဏိ သတ္တ တီဏိ။

အာသေဝနမူ မဂ္ဂဒုက

မဂ္ဂကျတော့ သဟိတ်ဖြစ်ခြင်းကြောင့် အာသေဝနထဲက ဟသိတုပ္ပါဒ်ကို မဆိုရပါဘူး၊ ဒါပါဘဲ။

မဂ္ဂဒုကဒ္ဓ- အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ မဂ္ဂေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ဝိပွယုတ္တ ဒုက

ဝိပွယုတ္တမှာ ပဋ္ဌေဝါကာရဘုံမှာဖြစ်တဲ့တရား ဖြစ်ခြင်းကြောင့် အာသေဝန အတိုင်းတွင် ဘုံသတ်ဆိုရရုံပါဘဲ၊ အရူပဝိပါက်လေးခုနဲ့လဲ မဆိုင်ပါဘူး။

ဝိပွယုတ္တဒုကဒ္ဓ- ပဋ္ဌေဝါကာရဘုံဒ္ဓဖြစ်သောအခါ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဝိပွယုတ္တေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ တိက

ဒုက ပြီးသွားပါပြီ၊ တိကကျတော့ မူတရားက ဟေတုနဲ့ ၂-ဘက်ရ ရှာထားတာဖြင့်ပါတယ်၊ ဘာတွေလဲ? မောဟမူဒ္ဒေဒ္ဓ မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ (ဟေတုကမောဟကြဉ်သဖြင့် ဒီမှာမောဟကိုကြဉ်ပေးရရုံပါဘဲ၊သဟိတ်စိတ်ဖြစ်ခြင်းကြောင့် ဟသိတုပ္ပါဒ် မပါပါဘူး၊) မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ အဲဒီမူတရားရပါတယ်၊ ဒီတော့ မူလီတွေသွတ်တဲ့အခါမှာ မူတရားကို ဆုပ်ကိုင်ပြီး ဒီမူတရားနဲ့ ၂-ဘက်ရ ရှာရပါတယ်၊ ဒီမူတရားထက်တိုးပြီး တရားတွေ မရနိုင်ပါဘူး၊ အာရမ္မဏ စသည်ကို မူလီသွတ်တဲ့အခါ စဉ်းစားစရာမရှိ၊ နာမ်တွေအကုန်ရခြင်းကြောင့် သူ့မူအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာသေဝန-ဟေတုမူ-အာရမ္မဏ-အနန္တရ-သမနန္တရ- ဥပနိဿယ-သမ္ပယုတ္တ-နတ္ထိ- ဝိဂတတိကဒ္ဓ မောဟမူ ဒ္ဒေဒ္ဓ မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဤတရားတို့သည် အာသေဝန ဟေတု အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကိုအနုလုံဒ္ဓ အာသေဝနပစ္စယာ ဟေတုပစ္စယာ အာရမ္မဏော တိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ ဟိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာသေဝနမှ အဓိပတိ တိုက

အဓိပတိကျတော့ သာဓိပတိဇောထိုက်တာကို ရှာရတယ်၊ အဓိပတိက အဓိပတိတရားကိုယ်ကြဉ်ပါတယ်၊ ဒါ့ကြောင့် အဓိပတိတရားကိုယ်ကြဉ်တဲ့ လောဘ ဒေါသ စသည်တွေကို ဆိုရပါလိမ့်မယ်။

အဓိပတိ တိုက၌- အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော လောဘမှု ဒေါသမှု မဟာကုသိုလ် မဟာကြိုယာ ဒုတိယာဒိဇော၊ ဇောန်ရသော မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိုယာ မဂ်လေးခုနာမကွန္ဓာ၊ အဓိပတိယာ တိဏိ သတ္တ တိဏိ။

အာသေဝနမှ သ-ညု-နိ-အတ်-အဝိဂတ တိုက

သဟဇာတ အညမညစသည်တွေက နာမ်ကုန်ရသဖြင့် ၎င်းပစ္စည်း ၅-ပစ္စည်းကို မူလီသွတ်ပြီး မူအတိုင်းဘဲ ဆိုရပါလိမ့်မယ်။

သဟဇာတ- အညမည-နိ**သယ- အတ္ထိ- အဝိဂတ တိုက၌-** မောဟမှု ဒ္ဒေ၌ မောဟကြဉ်သော အကုသိုလ် ဒ္ဒါဒသ မဟာကုသိုလ် မဟာကြိုယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိုယာ မဂ်လေးခု နာမကွန္ဓာ၊ သဟဇာတေ တိဏိ သတ္တ တိဏိ၊ အညမညေ တိဏိ သတ္တ တိဏိ၊ နိ သယေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ တိဏိ သတ္တ တိဏိ၊ အဝိဂတေ တိဏိ သတ္တ တိဏိ။

အာသေဝနမှ ပုရေဇာတ တိုက

ပုရေဇာတကို မူလီသွတ်တဲ့အခါ ဘုံကလေးသတ်ပြီး မူအတိုင်းဆိုရရုံပါဘဲ၊ အရှုပဝိပါက်လေးခုလဲ ကြဉ်စရာမလိုပါဘူး။

ပုရေဇာတ တိုက၌- ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မောဟမှု ဒ္ဒေ၌ မောဟကြဉ်သော အကုသိုလ် ဒ္ဒါဒသ မဟာကုသိုလ် မဟာကြိုယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိုယာ မဂ်လေးခု နာမကွန္ဓာ၊ ပုရေဇာတေ တိဏိ သတ္တ တိဏိ။

အာသေဝနမှ ကမ္မတိုက

ကမ္မကျတော့ စေတနာကို မူထဲမှာထပ်ပြီးကြဉ်ရရုံပါဘဲ။

ကမ္မ တိုက၌ မောဟမှုဒ္ဒေ၌ မောဟ ကုသိုလ် အကုသိုလ် ကြိုယာစေတနာ ကြဉ်သော အကုသိုလ်ဒ္ဒါဒသ၊ မဟာကုသိုလ် မဟာကြိုယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိုယာ မဂ်လေးခု နာမကွန္ဓာ၊ ကမ္မေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ဟာ-ဣုံ-ဗျာ-မဂ္ဂ တိက

ဟေတုမူဝင်လာသဖြင့် အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ မူလိတွေကိုပေါင်းပြီး တခါထဲ မူအကိုင်း ဆိုလိုက်ပါတော့။

အာဟာရ-ဣန္ဒြိယ-စျာန-မဂ္ဂတိကဌ် မောဟမူဒွေဌ် မောဟကြဉ်သော အဂ္ဂသိုလ် ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ၊ စျာနေ တိဏိ သတ္တ တိဏိ၊ မဂ္ဂေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ဝိပဿယုတ္တတိက

ဝိပဿယုတ္တကျတော့ မူအတိုင်းမှာ ဘုံသတ်ဆိုရရုံပါဘဲ။

ဝိပဿယုတ္တတိကဌ် ပဉ္စဝေါကာရဘုံဌ်ဖြစ်သောအခါ မောဟမူဒွေဌ် မောဟကြဉ်သော အဂ္ဂသိုလ် ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဝိပဿယုတ္တေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ စတုက္ကာ-ပဌာန

တိကပြီးသွားပါပြီ၊ အာရမ္မဏနဲ့တွဲလိုက်တော့ စတုက္ကမှာ ဒီတရားဘဲ ရပါတယ်၊ အဓိပတိနဲ့တွဲတဲ့အခါမှာ ခုနက အဓိပတိနဲ့ နှစ်ဘက်ရရှာထားတဲ့အတိုင်း အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ကေန်ရသောမဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခုနာမကွန္ဓာ၊ ဒီတရား ရပါလိမ့်မယ်၊ အဲဒါမူတရားပါဘဲ သင်္ဃာကလဲ အားလုံးကုန် တိဏိ သတ္တ တိဏိ ချည်း ရပါတယ်၊ ဘာ့ကြောင့်? ကုသိုလ် အကုသိုလ် အဗျာကတတရားတွေ အမြဲရှိကြပါတယ်၊ ဒီတော့ အနန္တရစသည်ကို မူလိသွင်းကြပါစို့။

အာသေဝန ဟေတု အာရမ္မဏ-အဓိပတိမူ (အနန္တရ စသည်တွေကို မူလိသွတ်လျှင် နာမ်ကုန်ရသဖြင့် မူတရားအတိုင်းဘဲ ဖြစ်ပါတယ်၊) **အနန္တရ-သမနန္တရ-ဥပနိဿယ-သမဂ္ဂယုတ္တ- နတ္ထိ- ဝိဂတ ပဌာနဌ်** အဓိပတိပစ္စည်းကို ရသော အခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခုနာမကွန္ဓာ၊ဤတရားတို့သည် အာသေဝန ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္ဓ

ဖြစ်သောတရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာသေဝနပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရေ တိဏိ သတ္တ တိဏိ၊သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ ဏိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာသေဝနမူ သ-ညု-နိ-အတ်-အဝိဂတ ပဋ္ဌာန

သဟာဇာတ အညမညတွေ့လဲ နာမ်ကုန်ရသဖြင့် မူအတိုင်း ဆိုရရုံပါဘဲ။

သဟာဇာတ-အညမည-နိဿယ-အတ္ထိ-အဝိဂတပဋ္ဌာန် အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြည်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ဇာန်ရသော မဟာဂုတ်ကုသိုလ် မဟာဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ သဟာဇာတေ တိဏိ သတ္တ တိဏိ၊ အညမညေ တိဏိ သတ္တ တိဏိ၊ နိဿယေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ တိဏိ သတ္တ တိဏိ၊ အဝိဂတေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ပုရေဇာတ ပဋ္ဌာန

ပုရေဇာတကျပြန်တော့လဲ မထူးပါဘူး၊ ဘုံသတ်ရုံဘဲ ထူးပါတယ်။

ပုရေဇာတပဋ္ဌာန် ပဋ္ဌဝေါဟာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြည်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ဇာန်ရသော မဟာဂုတ်ကုသိုလ် မဟာဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ပုရေဇာတေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ကမ္မပဋ္ဌာန

ကမ္မကျပြန်တော့လဲ မူတရားထဲက စေတနာကို ကြည်ပေးရရုံပါဘဲ။

ကမ္မပဋ္ဌာန် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာကြည်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ဇာန်ရသော မဟာဂုတ်ကုသိုလ် မဟာဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ကမ္မေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ဟာ-ဠံ-ဗျာ-မဂ္ဂပဋ္ဌာန

အာဟာရ-ဣန္ဒြိယ-စျာန-မဂ္ဂပဋ္ဌာန် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြည်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ဇာန်ရသော မဟာဂုတ်ကုသိုလ် မဟာဂုတ်ကြိယာ မဂ်လေးခု

နာမကွန္ဓာ၊ အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ၊ စျာနေ တိဏိ သတ္တ တိဏိ၊ မဂ္ဂေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ ဝိပ္ပယုတ္တပဋ္ဌာန

ဝိပ္ပယုတ္တကျပြန်တော့ ဘုံသတ်ပေးပြီး မူအတိုင်းဆိုရုံပါဘဲ။

ဝိပ္ပယုတ္တပဋ္ဌာန် ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာ ဒီဇော၊ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဝိပ္ပယုတ္တေ တိဏိ သတ္တ တိဏိ။

အာသေဝနမူ တေရသက

ပဋ္ဌာန အဓိပတိနဲ့တွဲတာ ပြီးသွားပါပြီ၊ အနန္တရနဲ့တွဲတော့ အနန္တရက နာမ်ကုန်ရ၍ ဒီတရားပါဘဲ၊ သမနန္တရနဲ့တွဲလဲ ဒီတရားပါဘဲ၊ သဟဇာတနဲ့တွဲ အညမညနဲ့တွဲ နိဿယနဲ့တွဲ ဥပနိဿယတိုင်အောင် ဒီတရားဘဲ ရပါတယ်၊ ပုရေဇာတကျတော့ ဒီတရားထဲမှာ ဘာလုပ်ပေးရမလဲ၊ ဘုံသတ်ပေးရရုံပါဘဲ၊ပုရေဇာတမှာ ဘုံသတ်ပေးတော့ ဘာလာရမလဲ?။

ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာဒုတိယာဒီဇော၊ ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဒီတရားရပါတယ်၊ ပုရေဇာတနဲ့တွဲတော့ သင်္ချာတွေကို တိဏိ သတ္တ တိဏိ ချည်းဆိုရရုံပါဘဲ။

ကမ္မနဲ့တွဲတဲ့အခါဘာရမလဲ?၊ စေတနာကို ထပ်ကြဉ်ပေးရပါတယ်၊စေတနာ ထပ်ကြဉ်တော့ မူတရားဟာ ဘာဖြစ်မလဲ?ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ်အကုသိုလ်ကြိယာစေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒီဇော၊ ဧကန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ ဖြစ်ပါလိမ့်မယ်၊ ဒီတော့ ကမ္မတိုင်အောင်မူသွင်းပြီး ဆိုလိုက်ကြပါအုံးစို့။

မူလီဖြစ်တဲ့ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ စသည်ကို အကုန်လုံးသွတ်နိုင်ပါတယ်၊ဘာကြောင့်?ဒီမှာ ကမ္မထိအောင်မူယူပြီး ထားခြင်းကြောင့် တေရသက ဖြစ်ပါတယ်၊ မူလီတွေက မူရတဲ့နာမ်ကို အကုန်ရ၍ မူတရားအတိုင်းဆိုရမယ်၊ ဝိပ္ပယုတ္တမှာလဲ ပုရေဇာတဝင်လာသဖြင့် ပဋ္ဌဝေါကာရရယ်လို့ ဘုံသတ်ခဲ့ပြီ၊ ဒါကြောင့် အားလုံးကို တချက်ထဲမူလီသွတ်ပြီး ဆိုလိုက်ကြပါစို့။

အာသေဝန-ဟေတု-အာရမ္မဏ-အဓိပတိ- အနန္တရ- သမနန္တရ- သဟဇာတ-အညမညနိဿယ-ဥပနိဿယ ပုရေဇာတ-ကမ္မ အာဟာရ-ဣန္ဒြိယ-ဈာန-မဂ္ဂ-သမ္ပယုတ္တ-ဝိပ္ပယုတ္တ-အတ္ထိ-နတ္ထိ-ဝိဂတ-အဝိဂတ တေရသကဋ္ဌ ပဋ္ဌာဝေါကာရဘူတ် ဋ္ဌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြီယာစေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြီယာ ဒုတိယာဒိဇော၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြီယာ မဂ်လေးခု နာမက္ခန္ဓာ၊ ဤတရားတို့သည် အာသေဝန ဟေတု အာရမ္မဏ-အဓိပတိ-အနန္တရ သမနန္တရ-သဟဇာတ-အညမည- နိဿယ- ဥပနိဿယ-ပုရေဇာတ-ကမ္မ- အာဟာရ-ဣန္ဒြိယ- ဈာန- မဂ္ဂ- သမ္ပယုတ္တ- ဝိပ္ပယုတ္တ- အတ္ထိ-နတ္ထိ-ဝိဂတ-အဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နမမြဖစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဋ္ဌ အာသေဝနပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ အညမညပစ္စယာ နိဿယပစ္စယာ ဥပနိဿယပစ္စယာ ပုရေဇာတပစ္စယာ ကမ္မပစ္စယာ အာဟာရေ တိဏိ သတ္တ တိဏိ၊ ဣန္ဒြိယေ တိဏိ သတ္တ တိဏိ၊ ဈာနေ တိဏိ သတ္တ တိဏိ၊ မဂ္ဂေ တိဏိ သတ္တ ကိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ ဝိပ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ၊ အဝိဂတေ တိဏိ သတ္တ တိဏိ ဟု သခ်ၢတပ်၍ ဟောအပ်ကုန်၏။

အာသေဝနမူ ဗာဒိသက

၂၄-ပစ္စည်းအစဉ်ကလေးတော့ တော်တော်ကြြအောင်ရထားရတယ်၊သခ်ၢခဏ်းတွေက ပစ္စည်းစဉ်အတိုင်းလာတယ်၊ ဒီမှာတော့ အတူတွေ့ပေါင်းပြီးထားပါတယ်၊ ဒီလိုမူတွေ့တဲ့တဲ့အခါကျတော့ ပစ္စည်းစဉ်ကိုဆိုရတယ်၊ အာဟာရမူ သင်းမယ်၊ ဘာဘိုးထူးမလဲ၊ မထူးဘူး၊ ဣန္ဒြိယ မထူးဘူး၊ ဈာန မထူးဘူး၊ မဂ္ဂ မထူးဘူး၊ သမ္ပယုတ္တလဲနာမ်ကုန်ရလို့ မထူးဘူး၊ ဝိပ္ပယုတ္တလဲ ဒီထဲဝင်တယ်၊ အတ္ထိကလဲမထူးဘူး၊ နတ္ထိကလဲ မထူးဘူး၊ ဝိဂတကလဲ မထူးပါဘူး၊ အဲဒီတော့ ဝိဂတတိုင်အောင် မူသင်း အဝိဂတပစ္စည်းတခုကို မူလီသတ်၊ မူလီသတ်တဲ့အခါမှာ ခုနကဆိုခဲ့တဲ့မူတရားဘဲ ရပါတယ်၊ ဗာဒိသကလာဖြစ်ပါတယ်၊ ၂၄-ပစ္စည်းထဲက ပစ္ဆာဇာတနဲ့ ဝိပါကကျန်ရစ်ခဲ့ပါတယ်။

အာသေဝန-ဟေတု-အာရမ္မဏ-အဓိပတိ-အနန္တရ-သမနန္တရ-သဟဇာတ-အညမည-နိဿယ-ဥပနိဿယ-ပုရေဇာတ-ကမ္မ-အာဟာရ-ဣန္ဒြိယ-ဈာန-မဂ္ဂ-

သမ္မယုတ္တ-ဝိပ္ပယုတ္တ-အတ္ထိ-နတ္ထိ-ဝိဂတ-အဝိဂတမူ ဗာဝီသကဋ္ဌ ပဋ္ဌဝေါကာရဘုံ၌ အာမိပတိပစ္စည်းကိုရသောအခါ အမိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြင့်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာဒုတိယာ ဒိဋ္ဌေ၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ၊ ဤတရားတို့သည် အာသေဝန ဟေတု အာရမ္မဏ အမိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာသေ-ဝနပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အမိပတိပစ္စယာ အနန္တရပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ အညမညပစ္စယာ နိဿယပစ္စယာ ဥပ-နိဿယပစ္စယာ ပုရေဇာတပစ္စယာ ကမ္မပစ္စယာ အာဟာရပစ္စယာ ဣန္ဒြိယပစ္စယာ စျာနပစ္စယာ မဂ္ဂပစ္စယာ သမ္မယုတ္တပစ္စယာ ဝိပ္ပယုတ္တပစ္စယာ အတ္ထိပစ္စယာ နတ္ထိ-ပစ္စယာ ဝိဂတပစ္စယာ အဝိဂတေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာသေဝနကိစ္စပြီးသွားပါပြီ၊ ဒီတော့ အရင်အပတ်က အရင်အပတ်ဆိုတာ ပထမအကြိမ်က ပြောခဲ့တဲ့အတိုင်း သုဒ္ဓသင်္ချာကိုရပြီး စိတ်ပိုင်းသရုပ်ကဲ့မယ် ဆိုရင် ဒီပဋ္ဌာန်းအနုလုံသင်္ချာဝါရတွေဟာ ဘာမှခက်ခဲစရာ မရှိပါဘူး၊ စိတ်ပိုင်းသရုပ်ကဲ့ဘို့ အရေးကြီးပါတယ်၊ ကဲ-အာသေဝနကိစ္စ ပြီးကြပါစို့၊ နောက်အပတ်ကျမှ ကမ္မဆက်ပြီး ဆိုကြပါစို့။

သာဓု- သာဓု- သာဓု။

* ပဋ္ဌာန်းကုသလတို့၏ ဆဝါရ အနုလုံ သင်္ချာဝါရ

အရင်အပတ်က အာသေဝနပစ္စည်းပြီးသွားပါပြီ၊ ယခုအပတ် ကမ္မပစ္စည်း၊ ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်တရားကိုကြည့်ရင် စေတနာကြဉ်တဲ့ နာမ်ကုန်ရပါတယ်၊ ရုပ်ကလဲ လေးမျိုးရပါတယ်၊ ဒီတော့ ဟေတုနဲ့တွဲတဲ့အခါမှာ ဟေတု ကမ္မ, ကမ္မ ဟေတု အတူတူပါဘဲ၊ အာရမ္မဏစသည်နဲ့ တွဲတဲ့အခါမှာလဲ အာရမ္မဏ ကမ္မ,ကမ္မ အာရမ္မဏလို့ ဒီလို သွားဒါပါဘဲ၊ ဒီတော့ ဟေတုနဲ့တွဲတော့ ကမ္မက စေတနာ သာကြဉ်သဖြင့် ဟေတုပစ္စယုပ္ပန်တရားထဲမှာ စေတနာကြဉ်ပေးရရုံပါဘဲ၊ ရုပ်ကလဲဘဲ ဟေတုက ၂ မျိုးသာရှိပါတယ်၊ ကမ္မက ၄-မျိုးရှိသဖြင့် ဟေတုရုပ် အတိုင်းဘဲဆိုရပါတယ်၊ သင်္ချာတွေ့ကလဲ ကမ္မက နဝ သတ္တရသ တိဏိ ရသဖြင့် မူလီဖြစ်တဲ့ သင်္ချာတွေ့အတိုင်း အကုန်လုံးဆိုလိုက်ရရုံပါဘဲ။

ကမ္မမူ ဟေတုဒုက

ကမ္မမူဟေတုဒုကဌ် သဟိတ်စိတ် ကေသတ္တတိ မောဟမူဒ္ဒေဌ် မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာစေတနာကြဉ်သောသဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ကမ္မဟေတုပစ္စည်းတို့၏ ပစ္စယုပ္ပန္နဝမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံဌ် ကမ္မပစ္စယာ ဟေတုယာ နဝ သတ္တရသ တိဏိ ဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏။

ကမ္မမူ အာ-နံ-သနံ-ဥ-သံ-နတ်-ဝိဂတ ဒုက

အာရမ္မဏစသည်မှာ နာမ်ကုန်ရသဖြင့် ကမ္မ၏နာမ်တရားတွေ့ကို ဆိုလိုက်ရရုံ ပါဘဲ၊ **အာ**ရမ္မဏ-အနန္တရ-**သ**မနန္တရ-ဥပနိ**သ**ယ-**သ**မ္ပယုတ္တ-နတ္ထိ-**ဝိ**ဂတ **ဒုက**ဌ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ အာရမ္မဏေ တိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ ဘိဏိ သတ္တ တိဏိ၊နတ္ထိယာ တိဏိ သတ္တ တိဏိ၊ဝိဂတေ တိဏိ သတ္တ တိဏိ။

ကမ္မမူ အဓိပတိ ဒုက

အဓိပတိကျပြန်တော့ အဓိပတိ၏ သုဒ္ဓသင်္ချာအတိုင်းမှာ ကုသိုလ် အကုသိုလ် ကြိယာစေတနာကိုထပ်ပြီး ကြဉ်ပေးရရုံပါဘဲ၊ ရုပ်ကလဲ အဓိပတိရုပ်ကို ဆိုရ ပါတယ်။

---

* ၁၃၂၈-ခု၊ဒုတိယဝါဆိုလဆန်း (၁၃) ရက် (၃၀-၇-၆၆) စနေနေ့ ဆဋ္ဌအကြိမ်။

အဓိပတိဒုကဋ္ဌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော သာဓိပတိဇော (၅၂) ခု နာမကွန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊ အဓိပတိယာ နဝ သတ္တရသ တိဏိ။

ကမ္မမူ သ-နိ-အတ်-အဝိဂတ ဒုက

သဟဇာတစသည်မှာ နာမ်ကုန်ရုပ်ကုန်ရသဖြင့် ကမ္မရဲ့ပစ္စယုပ္ပန်တရားအတိုင်း ဆိုလိုက်ရရုံပါဘဲ။

သဟဇာတ-နိဿယ- အတ္ထိ- အဝိဂတ ဒုကဋ္ဌ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သဟဇာတေ နဝ သတ္တရသ တိဏိ၊ နိဿယေ နဝ သတ္တရသ တိဏိ၊ အတ္ထိယာ နဝ သတ္တရသ တိဏိ၊ အဝိဂတေ နဝ သတ္တရသ တိဏိ။

ကမ္မမူ အညမည ဒုက

အညမညမှာ နာမ်ကုန်ရသဖြင့် ကမ္မနာမ်အတိုင်း ဆိုရပါတယ်၊ ဟဒယဝတ္ထု ကိုလဲ ကမ္မကရပါတယ်၊ ဒါကြောင့် ပဋိသန္ဓေ နာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုလို့ ဆိုရပါတယ်၊ သို့သော် ကမ္မကရုပ်(၄)မျိုးလာရသဖြင့် အချင်းချင်းမှ ထောက်အပ်သောလို့ဆိုတဲ့ နေရာဌာနမှာ ဘုတ်(၄)မျိုးကိုသာ ဆိုရပါလိမ့်မယ်။

အညမညဒုကဋ္ဌ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာလေးပါး၊ ပဋိသန္ဓေနာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊အချင်းချင်းမှထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် အသညသတ်ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်၊ အညမညေ တိဏိ သတ္တ တိဏိ။

ကမ္မမူ ပုရေဇာတ ဒုက

ပုရေဇာတမှာ နာမ်သာရှိပါတယ်၊ပုရေဇာတအတိုင်းတွင် ကမ္မက စေတနာကို ထပ်ပြီးကြဉ်ပေးရရုံပါဘဲ။

ပုရေဇာတ ဒုကဋ္ဌ အရူပဝိပါက် လေးခု ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော ပဋ္ဌဝေါကာရ ပဝတ္တိနာမကွန္ဓာ လေးပါး၊ ပုရေဇာဟေ တိဏ် သတ္တ တိဏိ။

ကမ္မဋ္ဌ အာသေဝနဒုက

အာသေဝနမှာလဲ ထိုနည်းတူစွာ အာသေဝနအတိုင်းတွင် စေတနာကို ကြည်ပေးရရုံပါဘဲ။

အာသေဝနဒုကဒ္ဒ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြည်သော အကုသိုလ် ဒ္ဒါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟာဂျုတ်ကုသိုလ် မဟာဂျုက်ကြိယာ မဂ်လေးခု နာမဂ္ဂန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

ကမ္မဋ္ဌ ဝိပါက ဒုက

ဝိပါကကျတော့ ဝိပါကရဲ့သုဒ္ဓသခ်ၤာမှာရှိတဲ့ ဝိပါက်တရားတွေနှင့်တကွ ရုပ်တွေဟာ ကမ္မထဲမှာဝင်ပါတယ်၊ ဝိပါက်တရားဖြစ်ခြင်းကြောင့် ကုသိုလ် အကုသိုလ် ကြိယာ စေတနာလဲကြည်စရာ မလိုတော့ပါဘူး၊ ဝိပါကအတိုင်း ဆိုလိုက်ရရုံပါဘဲ။

ဝိပါက ဒုကဒ္ဒ အလုံးစုံသောဝိပါက်ပဝတ္တိပဋ္ဌိသန္ဓေ နာမဂ္ဂန္ဓာ လေးပါး၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ ဝိပါကေ ဇကံ ဇကံ ဇကံ။

ကမ္မဋ္ဌ အာဟာရ ဒုက

အာဟာရကျတော့ အာဟာရက နာမ်ကုန်ရသဖြင့် နာမ်ကို ကမ္မအတိုင်းဆို၊ ရုပ်ကျတော့ အာဟာရကရတဲ့ အာဟာရဇရုပ်ကို ကမ္မက မရပါဘူး၊ စိတ္တဇရုပ်နဲ့ ပဋ္ဌိသန္ဓေကမ္မဇရုပ်(၂)မျိုးသာလျှင် သဘာဝဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီ(၂)မျိုးကိုသာ ဆိုရပါလိမ့်မယ်။

အာဟာရ ဒုကဒ္ဒ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြည်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမဂ္ဂန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ အာဟာရေ နဝ သတ္တရသ တဏှာ။

ဣန္ဒြိယ ဒုက

ဣန္ဒြိယကျတော့ နာမ်ကုန်ရသဖြင့် နာမ်ကို ကမ္မအတိုင်းဆိုရပါတယ်၊ ရုပ်ကျတော့ ဣန္ဒြိယက အသည္ညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်တွေမှာ ရုပ်ဇီဝိတိန္ဒြေ ကြည်ထားသဖြင့် သူက နဲပါတယ်၊ ဒါကြောင့် ရုပ်ကို ဣန္ဒြိယအတိုင်းဆို၊ နာမ်ကို ကမ္မအတိုင်း ဆိုရပါလိမ့်မယ်။

ဣန္ဒြိယ ဒုကဒ္ဒ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြည်သော အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမဂ္ဂန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် ရုပ်ဇီဝိ

တိန္ဒြေကြဥ်သော အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ဣန္ဒြိယ နဝ သတ္တရသ တိဏိ။

ဣမ္မူ ဗျာန ဒုက

ဗျာနကျတော့ ဗျာနနာမ်အတိုင်းမှာ ကမ္မကစေတနာကိုကြဥ်ပေးပါ၊ ရုပ်ကတော့ ဗျာနကနည်းခြင်းကြောင့် ဗျာနအတိုင်းဆိုရပါတယ်။

ဗျာနဒုကဒ္ဓ ဒွေပဉ္စဝိညာဉ်တဆယ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဥ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ ဗျာနေ နဝ သတ္တရသ တိဏိ။

ကမ္မမူ မဂ္ဂ ဒုက

မဂ္ဂကျပြန်တော့လဲ မဂ္ဂအတိုင်းမှာ စေတနာကို ကြဥ်ပေးရရုံပါဘဲ။

မဂ္ဂဒုကဒ္ဓ သဟိတ်စိတ် ဧကသတ္တတိ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဥ်သော စေတသိက်ဒွေပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး၊သဟိတ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဂ္ဂေ နဝ သတ္တရသ တိဏိ။

ကမ္မမူ ဝိပ္ပယုတ္တဒုက

ဝိပ္ပယုတ္တကျပြန်တော့ ဝိပ္ပယုတ္တအတိုင်းတွင် စေတနာကြဥ်ပေးရရုံပါဘဲ။

ဝိပ္ပယုတ္တဒုကဒ္ဓ အရူပဝိပါက် လေးခု ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဥ်သော ပဉ္စဝေါကာရ ပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ဝိပ္ပယုတ္တေ နဝ သတ္တရသ တိဏိ။

ကမ္မမူ တိက

ဒုကပြီးသွားပါပြီ၊ တိက ဟေတုနဲ့တွဲလိုက်တဲ့အခါမှာ မူတရားက ဟေတုအတိုင်းတွင် စေတနာကြဥ်ပေးရပါတယ်၊ အဲဒီမူတရားဟာ ဘာလဲ? ခုနက သဘာဂရှာထားတဲ့တရားပါဘဲ၊ သဟိတ်စိတ်ကေသတ္တတိ မောဟမူဒ္ဒေ၌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဥ်သော စေတသိက်ဒွေပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ သခ်ၭကလဲ နဝ သတ္တရသ တိဏိ ဘဲ ရပါတယ်၊ ဒီတော့ မူလီတွေမှာလဲဘဲ သခ်ၭအတွက် စဉ်းစားစရာမလိုပါဘူး၊မူလီမှာရှိတဲ့သခ်ၭအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာရမ္မဏစသည်မှာ နာမ်ကုန်ရသဖြင့် မူဖြစ်တဲ့တရားထဲက နာမ်ကိုသာ ဆိုလိုက်ရရုံပါဘဲ။

ကမ္မဟေတုမူ အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတ တိကဋ္ဌ–သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေဋ္ဌမောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဉ်သော သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ ဤတရားတို့သည် ကမ္မ ဟေတု အာရမ္မဏ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ကမ္မပစ္စယာ ဟေတုပစ္စယာ အာရမ္မဏော ဂိဏိ သတ္တ တိဏိ၊ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ကမ္မမူ အဓိပတိ တိက

အဓိပတိ မူလိသ္ဓတ်တဲ့အခါမှာ မောဟကိုတော့ ကြဉ်စရာမရှိပါဘူး၊ ဒေါသတဲ့ ကုသိုလ် အကုသိုလ် ကြိယာ စေတနာကို ကြဉ်ပြီး အဓိပတိအတိုင်း ဆိုရပါလိမ်မယ်။

အဓိပတိ တိကဋ္ဌ– အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ၊ သာဓိပတိစိတ္တဇရုပ်၊ အဓိပတိယာ နဝ သတ္တရသ တိဏိ။

ကမ္မမူ သ-နိ-အတ်-အဝိဂတ တိက

သဟဇာတကျတော့ စဉ်းစားစရာမလိုပါဘူး၊ မူအတိုင်း ဆိုရရုံပါဘဲ။

သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတ တိကဋ္ဌ သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒ္ဒေဋ္ဌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဉ်သော စေတသိက်ဒွေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ သဟဇာတေ နဝ သတ္တရသ တိဏိ၊ နိဿယေ နဝ သတ္တရသ တိဏိ၊ အတ္ထိယာ နဝ သတ္တရသ တိဏိ၊ အဝိဂတေ နဝ သတ္တရသ တိဏိ။

ကမ္မမူ အညမညတိက

အညမညမှာ နာမ်ကုန်ရသဖြင့် နာမ်ကို မူနာမ်အတိုင်းဆိုပါ၊ ရူပ်ကျတော့ ဟဒယဝတ္ထုအတွက် မူတရားက သဟိတ်ဖြစ်နေသဖြင့် သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ-နာမကွန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု၊ ဘုတ်တွေကျတော့ မူက ရူပ် ၂-ခုသာရှိသဖြင့် ဘုတ်လဲ ၂-ခုဘဲ ဆိုရပါလိမ့်မယ်။

အညမည တိကဋ္ဌ သဟိတ်စိတ် ကေသတ္တတိ မောဟမူဒ္ဓေ၌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြင့်သော စေတသိက်ဒွေပညာသ သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်ပဋ္ဌိသန္ဓေနာမကွန္ဓာမှ ထောက်အပ် သောဟဒယဝတ္ထု၊ အချင်းချင်းမှ ထောက်အပ်သော သဟိတ်စိတ္တဇ မဟာဘုတ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇမဟာဘုတ်၊ အညမညေ တိဏိ သတ္တ တိဏိ။

ကမ္မမူ ပုရေဇာတ တိက

ပုရေဇာတမှာလဲ မောဟရယ် စေတနာရယ်ကြင့်ပြီး ပုရေဇာတအတိုင်းဆိုရ ရုံပါဘဲ၊ သဟိတ်လို့ ဆိုရုပါလိမ့်မယ်။

ပုရေဇာတတိကဋ္ဌ အရှုပဝိပါက်လေးခု မောဟမူဒ္ဓေ၌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြင့်သော သဟိတ်ပဋ္ဌဝေါကာရပဝတ္တိ နာမကွန္ဓာလေးပါး၊ ပုရေဇာတေ တိဏိ သတ္တ တိဏိ။

ကမ္မမူ အာသေဝန တိက

အာသေဝနကျတော့ မောဟရယ် စေတနာရယ်ကြင့်ပေးပါ၊ ဟသိတုပ္ပါဒ်က သဟိတ်မဟုတ်သဖြင့် ၎င်းကို ချန်ထားခဲ့ပါ။ ကျန်တာတွေဟာ အကုန်လုံး မူထဲမှာ ဝင်ပါတယ်။

အာသေဝနတိကဋ္ဌ မောဟမူဒ္ဓေ၌ မောဟ ကုသိုလ် အကုသိုလ် သဟိတ် ကြိယာ စေတနာ ကြင့်သော အကုသိုလ် ဒွါဒသ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

ကမ္မမူ ဝိပါကတိက

ဝိပါကကျတော့ မောဟလဲကြင့်စရာ မလိုပါဘူး၊ သဟိတ်ဝိပါက်လို့ ဆိုရုံ ပါဘဲ၊ ရုပ်ကလဲ သဟိတ်ဝိပါက်ပြုအပ်တဲ့ ရုပ် ၂ မျိုးကို ဆိုရုံပါဘဲ။

ဝိပါက တိကဋ္ဌ အလုံးစုံသော သဟိတ်ဝိပါက် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ သဟိတ်ဝိပါက်ပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇ ရုပ်၊ ဝိပါကေ ကေံ ကေံ ကေံ။

ကမ္မမူ ဟာ-ဏှံ-ဗျာ-မဂ္ဂ တိက

အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ တွေထဲမှာ မူတရားအကုန် ဝင်ပါတယ်၊ ဒါကြောင့် မူတရားအတိုင်း ဆိုလိုက်ရရုံပါဘဲ။

အာဟာရ-ဣန္ဒြိယ- စျာန-မဂ္ဂ တိကဋ္ဌ- သဟိတ်စိတ် ကေသတ္တာတိ မောဟ မူဒ္ဒေဋ္ဌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဉ်သော စေတသိက် ဒ္ဒေပညာသ သဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ အာဟာရေ နဝ သတ္တရသ ကိဏိ၊ ဣန္ဒြိယေ နဝ သတ္တရသ တိဏိ၊ စျာနေ နဝ သတ္တရသ ဏိဏိ၊ မဂ္ဂေ နဝ သတ္တရသ တိဏိ။

ကမ္မဋ္ဌ ဝိပ္ပယုတ္တတိက

ဝိပ္ပယုတ္တကျတော့ ဝိပ္ပယုတ္တအတိုင်းမှာ မောဟနဲ့ စေတနာကိုကြဉ်ပြီး သဟိတ်လို့ ဆိုရပါလိမ့်မယ်။

ဝိပ္ပယုတ္တတိကဋ္ဌ အရူပဝိပါက် လေးခု မောဟမူဒ္ဒေဋ္ဌ မောဟ ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ စေတနာကြဉ်သော သဟိတ် ပဋ္ဌဝေါဟာရ ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ ဝိပ္ပယုတ္တေ နဝ သတ္တရသ တိဏိ။

ကမ္မဋ္ဌ စတုက္က - ပဉ္စက

တိကပြီးသွားပါပြီ၊ စတုက္ကာ၊ အာရမ္မဏနဲ့တဲ့တဲ့အခါ ရုပ်တရားလေးပြုတ်သွားပါပြီ၊ ခုနက မူဖြစ်တဲ့နာမ်တရားသာ ကျန်ပါတော့တယ်၊ သခ်ၫာက တိဏိ သတ္တ တိဏိ ဘဲ ရပါတော့မယ်၊ ဒီတော့ ခုနကဆိုခဲ့တဲ့အတိုင်းမှာ ရုပ်တွေမပါမှု၍ နာမ်တရားသက်သက်ကို ဆိုရရုံပါဘဲ၊ အဓိပတိနဲ့တဲ့လိုက်တော့ အဓိပတိအတိုင်းမှာ မောဟကလဲဘဲ မဆိုင်သဖြင့် ကြဉ်စရာ မလိုတော့ပါဘူး၊ ကုသိုလ် အကုသိုလ် ကြိယာစေတနာကလေး ကြဉ်ပြီးပေးရပါလိမ့်မယ်၊ ဒီတော့ အဓိပတိအတိုင်းတွင် စေတနာကြဉ်လိုက်ခဲ့လို့ရှိရင် မူတရားဟာ ဘာလာရမလဲ?၊ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာ ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမကွန္ဓာ-လို့ အာရမ္မဏနဲ့ တွဲထားသဖြင့် ရုပ်မရတော့ပါဘူး၊ ဒီမှာ သဟိတ်ကြိယာစေတနာကြဉ်သောလို့ ဆိုစရာမလိုပါဘူး၊ဘာ့ကြောင့်?အဟိတ်တွေဟာ အဓိပတိနဲ့ လုံးဝ မဆိုင်ပါဘူး၊ဒါ့ကြောင့် ဒီဝိသေသနကို ဆိုစရာမလိုပါဘူး၊ ဒီတော့ မူတရားဟာ ဘာတုန်း? အဓိပတိပစ္စည်းကိုရသောအခါအဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ်ကြိယာစေတနာ ကြဉ်သော သာဓိပတိဇော ၅၂-ခုနာမကွန္ဓာ၊ ဒီမူရပါလိမ့်မယ်၊ အဲဒီမူကြည့်ပြီး မူလီဖြစ်တဲ့တရားတွေကို ဆိုရရုံပါဘဲ။

ကမ္မမူ-နံ-သနံ-ဥ-သံ-နတ်-ဝိဂတ ပဋ္ဌာန်

ကမ္မ- ဟေတု- အာဝရဏ- အဓိပတိမူ - အနန္တရ - သမနန္တရ- ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတပဋ္ဌာန် (မူအတိုင်း ဆိုရရုံပါဘဲ) အဓိပတိပစ္စည်းကိုရသော အခါ အဓိပတ်တရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ ဤတရားတို့သည် ကမ္မ ဟေတု အာဝရဏ အဓိပတိ အနန္တရ သမနန္တရ ဥပနိဿယ သမ္ပယုတ္တ နတ္ထိ ဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ကမ္မပစ္စယာ ဟေတုပစ္စယာ အာဝရဏပစ္စယာ အဓိပတိပစ္စယာ အနန္တရေ တိဏိ သတ္တ တိဏိ၊ သမနန္တရေ တိဏိ သတ္တ တိဏိ၊ ဥပနိဿယေ တိဏိ သတ္တ တိဏိ၊ သမ္ပယုတ္တေ တိဏိ သတ္တ တိဏိ၊ နတ္ထိယာ တိဏိ သတ္တ တိဏိ၊ ဝိဂတေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ကမ္မမူ သ-ဉ-နိ-အတ်-အဝိဂတ ပဋ္ဌာန်

သဟဇာတ အညမညတွေ့ ကြည့်လိုက်လျှင် နာမ်ကုန်ရပါတယ်၊ ဒါ့ကြောင့် မူတရားအတိုင်း ဆိုရရုံပါဘဲ။ **သဟဇာတ-အညမည-နိဿယ-အတ္ထိ-အဝိဂတ ပဋ္ဌာန်** အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာ စေတနာကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ သဟဇာတေ တိဏိ သတ္တ တိဏိ၊ အညမညေ တိဏိ သတ္တ တိဏိ၊ နိဿယေ တိဏိ သတ္တ တိဏိ၊ အတ္ထိယာ တိဏိ သတ္တ တိဏိ၊ အဝိဂတေ တိဏိ သတ္တ တိဏိ။

ကမ္မမူ ပုရေဇာတ် ပဋ္ဌာန်

ပုရေဇာတကျတော့ အရူပဝိပါက် လေးခု ကြဉ်စရာ မလိုပါဘူး၊ မူတရားအတိုင်းမှာ ပုရေဇာတသည် ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခြင်းကြောင့် ပဋ္ဌဝေါကာရဘုံဆိုတဲ့ ဝိသေသနကိုထည့်ပြီး မူအတိုင်း ဆိုရရုံပါဘဲ။

ပုရေဇာတ ပဋ္ဌာန် ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ ပုရေဇာတေ တိဏိ သတ္တ တိဏိ။

ကမ္မမူ အာသေဝန ပဋ္ဌာန်

အာသေဝနမှာ သာဓိပတိဇောထိုက်တာကို ရှေးရမှာ ဖြစ်ခြင်းကြောင့် အကုသိုလ်ထဲက မေ့မှောဟကြဉ် ဟသိတုပ္ပါဒ်ဖြုတ် မဟဂ္ဂုတ်လောကုတ္တရာတွေကို ဧကန်ရသောလို့ ဆိုရရုံပါဘဲ။

အာသေဝနုပဠုကဌ် အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာ ကုသိုလ် မဟာကြိယာဒုတိယာဒိဇော၊ ဧကန်ရသော မဟာဂျုတ်ကုသိုလ် မဟာဂျုတ် ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ အာသေဝနေ တိဏိ သတ္တ တိဏိ။

ဝိပွယုတ္တ- ဟေတု- အာရမ္မဏ- အဓိပတိ- အနန္တရ-သမနန္တရ-သဟဇာတ-အညမည- နိဿယ- ဥပနိဿယ- ပုရေဇာတ- အာသေဝန- ကမ္မ- အာဟာရ-ဣန္ဒြိယ-စျာန-မဂ္ဂ-သမ္မယုတ္တ-အတ္ထိ-နတ္ထိ-ဝိဂတမူ အဝိဂတဗာဓိသကဋ္ဌ ပဋ္ဌာဝေါ ကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ကေန်ရသော မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွန္ဓာ၊ ဤတရားတို့သည် ဝိပွယုတ္တ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ အာသေဝန ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ သမ္မယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပွယုတ္တပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ

အညမညပစ္စယာ နိဿယပစ္စယာ ဥပနိဿယပစ္စယာ ပုရေဇာတပစ္စယာ အာသေဝနပစ္စယာ ကမ္မပစ္စယာ အာဟာရပစ္စယာ ဣန္ဒြိယပစ္စယာ ဈာနပစ္စယာ မဂ္ဂပစ္စယာ သမ္မယုတ္တပစ္စယာ အတ္ထိပစ္စယာ နတ္ထိပစ္စယာ ဝိဂတပစ္စယာ အဝိဂတော တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

၀ိပဿယုတ္တမူ သ၀ိပါက စုဒ္ဒသက

ဝိပဿယုတ္တ သာသေဝန ဗာဝိသကကိုင်အောင် ပြီးသွားပါပြီ၊ သာသေဝန ပြီးတော့ သ၀ိပါကကိုဆိုရပါလိမ့်မယ်၊ သ၀ိပါကဆိုရင် အာသေဝနကိုချန်ပစ်ခဲ့ရပါလိမ့်မယ်၊ ဒီတော့ ဝိပါကမူတိုင်အောင် မူတရားဟာ ဘာရမလဲလို့ဆိုရင် ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြည်သော ဖိုလ်လေးခုနာမကွန္ဓာရပါလိမ့်မယ်၊ ဒီတော့ ဝိပါကတိုင်အောင် မူသွင်းပြီး အာဟာရစသည်တွေကို မူလီသွတ်ရပါလိမ့်မယ်။

ဝိပဿယုတ္တ- ဟေတု-အာရမ္မဏ-အဓိပတိ-အနန္တရ-သမနန္တရ-သဟဇာတ-အညမည-နိဿယ-ဥပနိဿယ-ပုရေဇာတ-ကမ္မ-ဝိပါကမူ အာဟာရ-ဣန္ဒြိယ-**ဈာန-မဂ္ဂ-သမ္မယုတ္တ-အတ္ထိ-နတ္ထိ-ဝိဂတ-အဝိဂတစုဒ္ဒသကၨ** ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြည်သော ဖိုလ်လေးခုနာမကွန္ဓာ၊ ဤတရားတို့သည် ဝိပဿယုတ္တ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္မယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပဿယုတ္တပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ အညမညပစ္စယာ နိဿယပစ္စယာ ဥပနိဿယပစ္စယာ ပုရေဇာတပစ္စယာ ကမ္မပစ္စယာ ဝိပါကပစ္စယာ အာဟာရေ ကေံ ကေံ ကေံ၊ ဣန္ဒြိယေ ကေံ ကေံ ကေံ၊ ဈာနေ ကေံ ကေံ ကေံ၊ မဂ္ဂေ ကေံ ကေံ ကေံ၊ သမ္မယုတ္တေ ကေံ ကေံ ကေံ၊ အတ္ထိယာ ကေံ ကေံ ကေံ၊ နတ္ထိယာ ကေံ ကေံ ကေံ၊ ဝိဂတေ ကေံ ကေံ ကေံ၊ အဝိဂတေ ကေံ ကေံ ကေံဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

၀ိပဿယုတ္တမူ သ၀ိပါက ဗာဝိသက

အာဟာရ စသည်တွေကို မူသွင်းတဲ့အခါမှာလဲ ဒီတရားဘဲ ရပါတယ်၊ ဒါ့ကြောင့် ဗာဝိသကကိုဘဲ ဆိုလိုက်ကြပါစို့။

ဝိပွယုတ္တ-ဟေတု-အာရမ္မဏ-အဓိပတိ-အနန္တရ- သမနန္တရ- သဟဇာတ-အညမညနိဿယ ဥပနိဿယ-ပုရေဇာတ- ကမ္မ-ဝိပါက- အာဟာရ-ဣန္ဒြိယ-ဈာန-မဂ္ဂ-သမ္ပယုတ္တ အတ္ထိ-နတ္ထိ-ဝိဂတမူ အဝိဂတ ဗာဝီသကၠ ပဋ္ဌေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြည်သော ဖိုလ်လေးခုနှာမဂ္ဂန္ဒာ၊ ဤတရားတို့သည် ဝိပွယုတ္တ ဟေတု အာရမ္မဏ အဓိပတိ အနန္တရ သမနန္တရ သဟဇာတ အညမည နိဿယ ဥပနိဿယ ပုရေဇာတ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ သမ္ပယုတ္တ အတ္ထိ နတ္ထိ ဝိဂတ အဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပွယုတ္တပစ္စယာ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိပစ္စယာ အနန္တရပစ္စယာ သမနန္တရပစ္စယာ သဟဇာတပစ္စယာ အညမညပစ္စယာ နိဿယပစ္စယာ ဥပနိဿယပစ္စယာ ပုရေဇာတပစ္စယာ ကမ္မပစ္စယာ ဝိပါကပစ္စယာ အာဟာရပစ္စယာ ဣန္ဒြိယပစ္စယာ ဈာနပစ္စယာ မဂ္ဂပစ္စယာ သမ္ပယုတ္တပစ္စယာ အတ္ထိပစ္စယာ နတ္ထိပစ္စယာ ဝိဂတပစ္စယာ အဝိဂတေ ဇကံ ဇကံ ဇကံ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဝိပွယုတ္တပစ္စည်းအတွက် သာသေဝန သဝိပါကပြီးသွားပါပြီ၊ အတ္ထိပစ္စည်းသည် သဟဇာတနဲ့တူပါတယ်၊ နတ္ထိ ဝိဂတပစ္စည်းသည် အာရုမ္မဏနဲ့ တူပါတယ်၊ အဝိဂတပစ္စည်းသည် သဟဇာတနဲ့တူပါတယ်၊ ဒီတော့ ဆဝါရအားလုံးအတွက် အနုလုံကိစ္စ ပြီးသွားပါပြီ။

အနုလုံကိစ္စ ပြီးသွားတော့ အရင်အပတ်က တပည့်တော် ပြောတဲ့အတိုင်း ဒီပစ္စယုပ္ပန်တရားတွေဟာ ဘယ်ကလာတာလဲ? ပစ္စယနိဒ္ဒေသပဋ္ဌာဝါရကလာတဲ့ ပစ္စယုပ္ပန်တွေပါ၊ ပစ္စယနိဒ္ဒေသမှာ ဟေတုဟောတဲ့အခါ "ဟေတုပစ္စယောတိ၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"လို့ဟောပါတယ်၊ဟောတော့ ဟေတုလို့ဆိုတဲ့ ဟိတ် ၆-ပါးတရားဟာ ဟေတုရဲ့ပစ္စည်းတရားပါ၊ ယခုဒီမှာရေးထားတဲ့ပစ္စည်းတရားက ဟေတုပစ္စယုပ္ပန်နှင့် သဟဇာတဖြစ်ရမည့် ပစ္စည်းတရားပါ၊ ဆဝါရအနုလုံမှာ ပဋိစ္စအတွက် သဟဇာတကိုဟောတယ်၊ ပစ္စယအတွက် နိဿယကိုဟောတယ်၊ သံသဋ္ဌအတွက် သမ္ပယုတ္တကိုဟောသဖြင့် သူတို့ဆိုင်ရာပစ္စည်းတရားတွေ ဖြစ်ပါတယ်။

ပစ္စယုပ္ပန်တရားကတော့ ပစ္စယနိဒ္ဒေသပဋ္ဌာဝါရမှာ ဟောထားတဲ့ ပစ္စယုပ္ပန်တရားတွေဖြစ်ပါတယ်၊ ဒီတော့ ဟေတုသမ္ပယုတ္တကာနံဓမ္မာနံအရ သဟိတ်စိတ်

ကေသတ္တတိ မောဟမူဒ္ဓေ၌မောဟ၊ကြင်သော စေတသိက်ဒွေပညာသ သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးလို့ လာရပါတယ်၊ ပစ္စည်း ဟိတ် ၆-ပါးမှာ လောဘနဲ့ ဒေါသမှာ ယှဉ်ဘက်ဖြစ်တဲ့ မောဟဟိတ် ရှိပါတယ်၊ အလောဘ အဒေါသ အမောဟတို့မှာ သူတို့ဆိုင်ရာဖြစ်တဲ့ အဒေါသ အမောဟ စသည့် ယှဉ်ဘက်တွေရှိပါတယ်၊ မောဟဟိတ်ကတော့ ယှဉ်ဘက်ဟိတ် မရှိခြင်းကြောင့် မောဟကို ပစ္စယုပ္ပန်မှာ ကြင်ပေးရပါတယ်။

ဟိတ် ၆-ပါးနဲ့ယှဉ်ဖေါ်ယှဉ်ဘက်ဖြစ်တဲ့တရားဟာ သဟိတ်စိတ်ကေသတ္တတိ မောဟကြင်သော စေတသိက်ဒွေပညာသ သဟိတ် ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါးဖြစ်တယ်၊ ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလို့ ဆိုတာဟာ ပဝတ္တိအခါကာလ မှာလဲရတယ်၊ ပဋ္ဌိသန္ဓေအခါကာလမှာလဲ ရတယ် အဲဒီ ပဝတ္တိပဋ္ဌိသန္ဓေကိုကြည့် လိုက်သောအားဖြင့် ပဋ္ဌိစ္စဝါရမှာ အဗျာကတဆိုင်ရာတွေမှာ "အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဝိပါကာဗျာကတံ ကြိယာ ဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ"စသည်ဖြင့်ဟောမယ်၊ ပြီးတော့မှ ပဋ္ဌိသန္ဓေအတွက် "ပဋ္ဌိသန္ဓိကွဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယောခန္ဓာ ကဋတ္တာစ ရူပံ" စသည်ဖြင့် ပဋ္ဌိစ္စပါရမှာ ဟောပါ လိမ့်မယ်။

ပဋ္ဌာဝါရကျတော့ "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော၊ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတုသမ္ပယုတ္တ ကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စရူပါနံ ဟေတုပစ္စယေနပစ္စယော၊ ပဋ္ဌိသန္ဓိကွဏေ ဝိပါကာဗျာကတာ ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတု ပစ္စယေနပစ္စယော"စသည်ဖြင့် ဟောပါလိမ့်မယ်၊ ရုပ်တွေလဲ ဟိတ်နဲ့အတူတက္ခ ဖြစ်ပါတယ်၊ ဟေတုဟာ သဟဇာတမျိုး၊ သဟဇာတမျိုး ဖြစ်သဖြင့် ဟိတ်နှင့် အတူတက္ခဖြစ်နိုင်တဲ့ရုပ်တွေဟာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် လာဖြစ်ပါတယ်၊ အဲဒါကို တံ သမုဋ္ဌာနာနဥ္စရူပါနံလို့ ပစ္စယနိဒ္ဒေသမှာ ဟော ပါတယ်။

အာရမ္မဏ ကျပြန်တော့ အာရမ္မဏိကတရားသည် စိတ်, စေတသိက်သာ ရှိပါတယ်၊ အာရုံကတော့ ၆-ပါး ရှိတယ်၊ အဲဒီ အာရုံ ၆-ပါးကို အာရုံပြုနိုင်တဲ့ တရားသည် စိတ်, စေတသိက်ဖြစ်ပါတယ်၊ သို့သော် ပဋ္ဌာဝါရမှာ ပရမတ်ကို သာ ဟောသဖြင့် ပညတ်ကို ကေန်အာရုံပြုတဲ့စိတ်ပေါင်း ၂၁-ခုကို ကြည်ထားပါ

တယ်၊ ဒီနေရာမှာတော့ ပစ္စယနိဒ္ဒေသမှာဆိုခဲ့တဲ့အတိုင်း ပညတ်တော်ပါ သတ္တိကို ကောက်ရမှာဖြစ်သဖြင့် စိတ် ၇၉, စေတသိက် ၅၂-ခု အားလုံးကုန် ရပါတယ်၊ ဒါ့ကြောင့် ဒီစိတ်, စေတသိက် တရားဟာ အာရမ္မဏရဲ့ ပစ္စယုပ္ပန် တရား ဖြစ်ပါတယ်။

အဝိပတိ ကျတော့ သဟဇာတာဝိပတိ အာရမ္မဏာဝိပတိရယ်လို့ ၂-မျိုး ရှိပါဟယ်၊ အာရမ္မဏာဝိပတိရဲ့ ပစ္စယုပ္ပန်တရားကိုကြည့်လိုက်လျှင် လောဘမူ စိတ် ၈-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ လောကုတ္တရာစိတ် ၈-၃ လို့ စိတ်ပေါင်း (၂၈)ခု ရပါတယ်၊ သဟဇာတာဝိပတိ ကျတော့ကာ သာဝိပတိဇော ၅၂ ခု ရပါတယ်၊ ဒါပေတယ်လို့ ပစ္စည်းတရားက ဆိုင်ရာအဝိပတိတွေကို ယူထားသဖြင့် အဝိပတိတရားကိုယ်တွေကို ကြည်ပေးရတယ်၊ အဝိပတိပစ္စည်းကိုရသောအခါ လို့ ဆိုတာဟာလဲ အဝိပတိကိစ္စတယ်တဲ့ အခါမျိုးမှာသာ ဒီဇောစိတ္တုပ္ပါဒ်တွေပေါ်ပြီးလာပါတယ်၊ သို့သော် မဟဂ္ဂုတ် လောကုတ္တရာတွေကျလျှင် ဇောန်အဝိပတိတယ်ရမှာပါ။ ဒီတော့ အဝိပတိ ပစ္စည်း ကို ရသောအခါ လို့ ဆိုတဲ့စကားဟာ ကာမဇောတွေကို ရည်ရွယ်ပြီးဆိုတာပါ၊ အဝိပတိတရားကိုယ် ကြည်ဒါကတော့ကာ ပစ္စယနိဒ္ဒေသကိုကြည့်စမ်းရင် ဆန္ဒာ ဝိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဝိပတိပစ္စယေန ပစ္စယော- စသည်ကို ဟောသဖြင့် ပစ္စည်းက ဆန္ဒယူထားရင် ပစ္စယုပ္ပန်မှာ ဆန္ဒမရှိနိုင်ပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ဒါတွေဟာ သဟဇာတဖြစ်မယ်၊ ဆန္ဒ ဟာ ဆန္ဒနဲ့မယှဉ်နိုင်ပါဘူး၊ တပါးတခြားသော စိတ်တွေနှင့်သာ ယှဉ်ရမယ်၊ အဝိပတိတရားကိုယ် ၄ ပါးကို ပစ္စည်းအဖြစ်ယူထားသဖြင့် အဝိပတိတရားကိုယ် ကိုသာ ပစ္စယုပ္ပန်မှာ ကြည်ပေးရပါတယ်၊ အဝိပတိနဲ့တကွဖြစ်တဲ့ရုပ်တွေကို သာဝိပတိစိတ္တဇရုပ်လို့ ခေါ်ပါတယ်။

အနန္တရ-သမနန္တရမှာ ပစ္စယနိဒ္ဒေသ စကျုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော စသည်နဲ့ ပုရိမာ ပုရိမာ-စသည်ကို ဟောပါတယ်၊ အဲပဋ္ဌာဝါရရဲ့ သုဒ္ဓ သင်္ချာကိုကြည့်မယ်ဆိုရင် "ရဟန္တာတို့ စုတိနှင့်တက္ခ နောက်နောက်သော စိတ် တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသအားတပ်သော"လို့ဆိုသဖြင့် အနန္တရ ရဲ့ ပစ္စယုပ္ပန်မှာ စိတ် ၇၉၊စေတသိက် ၅၂-ရတယ်၊ ရဟန္တာစုတိပါ ပါလာတယ်၊ ပစ္စည်းဘရားမှာသာလျှင် ရဟန္တာစုတိကိုကြည်တယ်၊သမနန္တရမှာလဲအတူတူဘဲ။

သဟဇာတမှာတော့ သဟဇာတရဲ့ပစ္စယုပ္ပန်တရား**း**တွေဟာ နာမ်ကုန်ရုပ်ကုန် ရပါတယ်၊ အချင်းချင်းအားဇင်း အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားဇင်း တပ်သော အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး၊ အချင်းချင်းအားဇင်း ဥပါဒါရုပ်အားဇင်း တပ်သော အလုံးစုံသော မဟာ ဘုတ်လေးပါး၊ အချင်းချင်းအားတပ်သော ပဋ္ဌေါကာရပဋိသန္ဓေနာမကွန္ဓာ ဟဒယာတ္ထုလို့ဆိုတဲ့ ပဋ္ဌာဝါရက သုဒ္ဓသခ်္ပါအတိုင်း နာမ်တွေ ရုပ်တွေ အကုန်လုံး ရပါတယ်။

အညမညမှာလဲ ထိုနည်းတူစွာ အချင်းချင်းအားဇင်း အချင်းချင်း နာမကွန္ဓာ ဟဒယဝတ္ထုအားဇင်း တပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာလေးပါး၊ အချင်းချင်းအား တပ်သော မဟာဘုတ်လေးပါး အချင်း ချင်းအား တပ်သော ပဋ္ဌေါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုလို့ဆိုသဖြင့် အညမညမှာ စိတ် ၈၉၊ စေတသိက် ၅၂-ရပါတယ်၊ ဟဒယဝတ္ထုလဲ ရပါတယ်၊ ဘုတ်အကုန်လုံး ခုနစ်ပါးလုံး ရပါတယ်။

နိဿယ-သဟဇာတနဲ့ အတူတူပါဘဲ၊ နိဿယမှာ သဟဇာတနိဿယ၊ ဝတ္ထု ပုရေဇာတနိဿယ၊ သဟဇာတ ပုရေဇာတ မိဿကရယ်လို့ ၃-မျိုး ရှိပါတယ်၊ သဟဇာတနိဿယဟာက သဟဇာတနဲ့တူပါတယ်၊ ဝတ္ထုပုရေဇာတ နိဿယ ကျတော့ ပုရေဇာတအတိုင်း ပဋ္ဌေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထု-လို့ ပဋ္ဌာဝါရ သုဒ္ဓသခ်္ပါကဆိုသဖြင့် ဒီမှာ အရူပဝိပါက်လေးခု ကြဉ်ရတယ်၊ သဟဇာတ နိဿယက နာမ်ကုန်ရနေသဖြင့် ၎င်းအထဲမှာ ဝတ္ထုပုရေဇာတနိဿယ ဝင်ပါ တယ်၊ သဟဇာတပုရေဇာတမိဿကလဲ ဝင်ပါတယ်၊ ဒါကြောင့် ပစ္စယုပ္ပန်မှာ နာမ်ကုန်ရုပ်ကုန်ရပါတယ်။

ဥပနိဿယမှာ အနန္တရူပနိဿယ အာရမ္မဏူပနိဿယ ပကတူပနိဿယ ၃-မျိုးရှိတယ်၊ အနန္တရူပနိဿယက နာမ်ကုန်ရတယ်၊ အာရမ္မဏူပနိဿယက အာရမ္မဏာဓိပတိနဲ့အတူ စိတ်ပေါင်း(၂၈)ရတယ်၊ပကတူပနိဿယက နာမ်ကုန် ရတယ်၊ ဒါ့ကြောင့် ဥပနိဿယမှာ စိတ် ၈၉၊ စေတသိက် ၅၂-ရယ်လို့ ပစ္စယုပ္ပန် တရား ဖြစ်ပါတယ်။

ပုရေဇာတ ကျတော့ အရူပဝိပါက်လေးခုကြဉ်ပါတယ်၊ ပြီးဘော့ ပဋ္ဌေါ ကာရ ပဝတ္တိနာမကွန္ဓာလေးပါး ဖြစ်ပါတယ်၊ ဘာ့ကြောင့် ကြဉ်သလဲဆိုရင်

ပုရေဇာတရဲ့ပစ္စည်းတရားသည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏခေါတ်အား တပ်သော ဆဝတ္ထု ဖြစ်ပါတယ်၊ ဆဝတ္ထုဆိုတော့ အရူပဂိပါက်လေးခုဟာ ဘယ်ဝတ္ထုမှီမလဲ? အရူပဝိပါက် လေးခုသည် ဝတ္ထုဝိမုတ်ဖြစ်၍ အရူပဝိပါက်လေးခု ကြဉ်ရတယ်။ ဆဝတ္ထုသည် ပစ္စည်းတရားရနေသဖြင့် နာမ်သာဖြစ်တဲ့အရူပဘုံမှာ မရနိုင်ပါဘူး၊ အရူပဘုံနဲ့ မဆိုင်ပါဘူး၊အဲဒါကြောင့် ပဉ္စဝေါကာရလို့ဆိုတဲ့ ဝိသေသနကလေးထဲ့ပြီးပေးရ ပါတယ်။

အာရမ္မဏပုရေဇာတကျတော့ ဒီနေရာမှာ မဟောဘူး၊ ဘာအထောက် အထားရှိသလဲဆိုရင် ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတ ပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋ္ဌိစ္စ ဒွေခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ–လို့ ဟောပါတယ်၊ ဒီတော့ ဝတ္ထုံပုရေဇာတပစ္စယာဟာ ဘာအတွက်လဲ? ဒီနေရာဌာနမှာ အာရမ္မဏ ပုရေဇာတ မယူပါနှင့်၊ ဝတ္ထုပုရေဇာတယူပါလို့ သိစေဘို့ရာအတွက် ဝတ္ထုံ ပုရေ ဇာတပစ္စယာရယ်လို့ ဟောပါတယ်၊ ထိုနည်းတူစွာ ဝိပွယုတ္တကျတော့လဲ ဝတ္ထုံ ဝိပွယုတ္တပစ္စယာစသည် ဟောပါလိမ့်မယ်။

ပစ္ဆာဇာတ ကိုတော့ ဇနကသတ္တိမရလို့ မဟောဘူး။

အာသေဝန ကျတော့ ဇောတွေ၊ ဇောတွေလို့ဆိုတော့ တပည့်တော်တို့ ပထမဇောရှေမှာ ပဉ္စဒ္ဒါရဝိထိဖြစ်ရင် ဝုဋ္ဌေါရှိပါတယ်၊ မနောဒ္ဒါရဝိထိဖြစ်ရင် မနောဒ္ဒါရာဝဇ္ဇန်း ရှိပါတယ်၊ အဲဒီဝုဋ္ဌေါ မနောဒ္ဒါရာဝဇ္ဇန်းက ပထမဇောကို ကျေးဇူးပြုပါတယ်၊ ကျေးဇူးပြုမှုသည် အာသေဝနသတ္တိနဲ့မဟုတ်ဘူး၊ အနန္တရ သတ္တိနဲ့သာ ကျေးဇူးပြုပါတယ်၊ ဒီတော့ အာသေဝနပစ္စယုပ္ပန်မှာ ပထမဇော တွေ ကြဉ်ပေးရတယ်၊ ဒီပထမဇောဟာ မိမိရှေက မိမိနှင့် ဇာတ်တူမဟုတ်တဲ့ ဝုဋ္ဌေါ မနောဒ္ဒါရာဝဇ္ဇန်း ရှိနေခြင်းကြောင့် ပစ္စယုပ္ပန်အနေနဲ့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ကာမဇောတွေထဲက ဒုတိယာဒိဇောကိုယူရတယ်၊ဒုတိယာဒိဇောဆိုတာ ဒုတိယဇောက တတိယဇောကို ကျေးဇူးပြုမယ်၊တတိယက စတုတ္ထ,စတုတ္ထက ပဉ္စမ,ပဉ္စမက ဆဋ္ဌမ,ဆဋ္ဌမက သတ္တမဇောတိုင်အောင် ၆-ပါးသောဇောတွေ ရတယ်၊ ဒါတွေဟာ ကာမဇော တခုယုတ် ၃၀ ဒုတိယာဒိဇောပါဘဲ။

ပြီးတော့ မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု နာမကွဲနွှာ မဂ်နဲ့ ဖိုလ်ဆိုတာ မဂ်ကနေပြီးဖိုလ်ကိုကျေးဇူးပြုပါတယ်၊ ဒါပေမဲ့ ဖိုလ်ဟာ မဂ်နဲ့

ဇာတ်မတူပါဘူး၊ဇာတ်မတူဆိုတာဘယ်လိုဟာလဲ? မဂ်ကကုသိုလ်ဇာတ်၊ဖိုလ်ကဝိပါက်ဇာတ်၊ အဲ တခ္ခါပုဂ္ဂိုလ်တွေကျတော့ ဖိုလ်စိတ်ဟာ အာသေဝနပစ္စည်းတပ်ရမယ်ဆိုပြီး အလဲ့လဲ့အချော်ချော် ရေးပြီးထားမှုသည် ပဌာန်းဆိုင်ရာအထက်တိုက်တွေကို ကောင်းကောင်းမနှိုင်လို့ပါဘဲ၊ ဥပမာဆိုကြပါစို့၊အကယ်၍ ဖိုလ်ဇောသည် အာသေဝနပစ္စည်းတပ်နိုင်တယ်ဆိုလျှင် ဖိုလ်သက်သက်တခုထဲနေတဲ့ သေက္ခာဓမ္မာ အသေက္ခာဓမ္မာ နေဝသေက္ခ နာသေက္ခာဓမ္မာ ဆိုတဲ့နေရာမှာ အသေက္ခာအတွက် အသေက္ခအရဟတ္တဖိုလ်ကလေးတခုသာရှိပါတယ်၊ အဲဒီ အရဟတ္တဖိုလ်ဇောကလေးတခုသာရှိသဖြင့် ဒီဖိုလ်ဇောဟာ အာသေဝနပစ္စည်းထိုက်မယ်ဆိုလျှင် ဒီနေရာဌာနမှာ ဘယ်လိုဟောရမလဲ? အသေက္ခာ စ ဓမ္မာ အသေက္ခသ ဓမ္မသ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အသေက္ခာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အသေက္ခာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော-လို့ ဟောရပါလိမ့်မယ်၊ ဒီလိုဟောသလား? မဟောပါဘူး၊ အဲဒီလို မဟောသဖြင့် ဒီဖိုလ်ဇောဟာ အာသေဝနပစ္စည်း မထိုက်ပါဘူး။

ကမ္မ မှာ သဟဇာတကမ္မ အနန္တရကမ္မ ဗလဝနာနာက္ခဏိကကမ္မ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မရယ်လို့ ပဥ္စဝဝါရမှာ ဟောထားတဲ့အတိုင်း ကမ္မ(၄)မျိုးရှိပါတယ်၊ **အဲ**ဒီပဥ္စဝဝါရက အနန္တရကမ္မ ဗလဝကမ္မ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ဒီ ၃-မျိုးကို ပေါင်းလိုက်လျှင် သာမညအားဖြင့် နာနာက္ခဏိကကမ္မရယ်လို့ ဆိုနိုင်ပါတယ်၊ ဒီလိုဆိုနိုင်ပုံကိုလဲ ပစ္စယနိဒ္ဒေသကျတော့ "နာနာက္ခဏိကာ ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော"လို့ ဟောထားပါတယ်၊ ဒီတော့ နာနာက္ခဏိကကမ္မပစ္စည်းတရားက ကုသိုလ် အကုသိုလ် စေတနာ၊ ပစ္စယုပ္ပန်တရားက ဝိပါက်စိတ်ဆတ္တိံသနဲ့ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ဒီ ၃-မျိုးရပါတယ်။

သဟဇာတကမ္မရဲ့ ပစ္စယုပ္ပန်ရုပ်တရားက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သာ လျှင်ရတယ်·အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်သည် သဟဇာတကမ္မအတွက် မဟုတ်၊ နာနာက္ခဏိကကမ္မအတွက်ဝင်ပြီးလဲ့တဲ့ ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ စေတနာကြဉ်ထားတာကလဲ့ ကုသိုလ် အကုသိုလ် ကြိယာစေတနာသာ ကြဉ်ထားပါတယ်၊ ဝိပါက်စေတနာကို မကြဉ်ဘူး၊ ဘာ့ကြောင့်? ဝိပါက်စေတနာဟာ နာနာက္ခဏိကကမ္မနဲ့ဆိုင်ပါတယ်၊ ဒါကြောင့် ဝိပါက်စေတနာကိုကြဉ်ပြီး မထားဘဲ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်တဲ့စိတ် စေတသိက်တွေ

အကုန်ရပါတယ်၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ၂-မျိုးမှာ စိတ္တဇရုပ်သက်သက်က သဟဇာတကမ္မနဲ့ ဆိုင်ပါတယ်၊ ပဋိသန္ဓေကမ္မဇရုပ်ကတော့ သဟဇာတကမ္မ နာနာကွဏ္ဍိကကမ္မ ၂-မျိုးနဲ့ဆိုင်တယ်၊အသည္ညတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်က နာနာကွဏ္ဍိကကမ္မနဲ့သာဆိုင်ပါတယ်။

ဝိပါက ကျတော့ ပစ္စယနိဒ္ဒေသမှာ ဝိပါကကို သာဝသေသအားဖြင့်ဟော ပါတယ်၊ သာဝသေသလို့ဆိုတာ အကြွင်းအကျန်ထားပြီး ဟောတယ်၊ အပြည့်အစုံမပါဘူး၊ ဘယ်လိုဟောသတုန်း "ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော"ဒါဘဲ ဟော တယ် ရုပ်တွေမပါဘူး၊ ရုပ်မရလို့လား ရပါတယ်၊ ဒါပေတယ်လို့ မကျဉ်းမကျယ် ဟောတဲ့ ပစ္စယနိဒ္ဒေသမှာ အကြွင်းအကျန်နဲ့ ဟောခြင်းကြောင့် သူ့ကို သာဝ သေသပစ္စည်းရယ်လို့ ခေါ်ပါတယ်၊ ဆဝါရအတွက်ကတော့ ဒီ ဝိပါက်နဲ့အတူ တကွဖြစ်တဲ့ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တွေ ပါပါတယ်၊ ဝိပါကပစ္စည်းဟာလဲ သဟဇာတမျိုးတွေပါဘဲ။

အာဟာရ မှာ နာမ်အာဟာရ ရုပ်အာဟာရရယ်လို့ ၂-မျိုးရှိပါတယ်၊ နာမ် အာဟာရအတွက်"အရူပိနော အာဟာရာ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာ-နာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော" လို့ ဟောသဖြင့် သူ့ရဲ့ ပစ္စယုပ္ပန် တရားဟာ စိတ် စေတသိက် အကုန်ရတယ်၊ စိတ္တဇရုပ်ရတယ်၊ ပဋိသန္ဓေကမ္မဇရုပ် ရပါတယ်၊ ရုပ်အာဟာရအတွက်ကိုတော့ "ကဗဠိကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော" လို့ ဆိုသဖြင့် ရုပ်အာဟာရအတွက် အာဟာရဇရုပ်ပါ ရပါတယ်။

ဣန္ဒြိယ မှာ သဟဇာတိန္ဒြိယ ဝတ္ထုပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယ ရယ်လို့ ၃-မျိုးရှိပါတယ်၊သဟဇာတိန္ဒြိယအတွက် "အရူပိနော ဣန္ဒြိယာ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော" လို့ ဟောသဖြင့် နာမ်ကုန်ရတယ်၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ရတယ်၊ ဝတ္ထု ပုရေဇာတိန္ဒြိယ ကျတော့ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္မယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော" လို့ဆိုသဖြင့် သူ့ရဲ့ပစ္စယုပ္ပန်တရားဟာ ဒွေပဉ္စဝိညာဉ် တဆယ် ဖြစ်ခြင်းကြောင့် ဒီနာမ်ကုန်ထဲမှာ ဒွေပဉ္စဝိညာဉ်တဆယ်ပါသွားပါပြီ၊ ရူပဇီဝိတိန္ဒြေအတွက်"ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော" လို့ဆိုသဖြင့် အဲဒီရူပဇီဝိတိန္ဒြိယအတွက် ဘယ်တရားရသလဲ? "အသည္ညတ်ကမ္မ

ဇရုပ်၊ပဝတ္တိကမ္မဇရုပ်လို့ ရူပဇီဝိတိန္ဒြိယအတွက် ရတယ်''သို့သော် ပစ္စည်းတရားက ရူပ်ဇီဝိတိန္ဒြေဖြစ်ခြင်းကြောင့် ပစ္စယုပ္ပန်မှာ ရူပ်ဇီဝိတိန္ဒြေကို ကြည့်ရပါတယ်။

စျာန မှာ "စျာနဂ်ါနိ စျာနသမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ စျာနပစ္စယေန ပစ္စယော'' လို့ဆိုတဲ့အတိုင်း စျာနင်္ဂကိစ္စမတပ်တဲ့ ဒ္ဝေပဉ္စ ဝိညာဉ် တဆယ်ကြည့်တဲ့ နာမ်နှင့်ရုပ် ၂-မျိုးရပါတယ်။

မဂ္ဂမှာလဲ ထိုနည်းတူစွာ''မဂ္ဂဂ်ါနိ မဂ္ဂသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာ-နဉ္စ ရူပါနံ မဂ္ဂပစ္စယေနပစ္စယော''လို့ ဆိုတဲ့အတိုင်း သဟိတ်ဆိုင်ရာ နာမ်တွေ့ သဟိတ်ရုပ်တွေ့ ရပါတယ်။

သမ္မယုတ္တ ကျတော့ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္မယုတ္တ ပစ္စယေန ပစ္စယော'' ဆိုသဖြင့် စိတ် စေတသိက် ဒုကုန်ရပါတယ်။

ဝိပ္ပယုတ္တ မှာ သဟဇာတဝိပ္ပယုတ္တ ပုရေဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတ ဝိပ္ပယုတ္တ လို့ ၃-မျိုးရှိပါတယ်၊ ဝိပ္ပယုတ္တမှာ ပစ္စည်းနာမ်နေရင် ပစ္စယုပ္ပန်ရုပ်၊ ပစ္စည်း ရုပ်နေရင် ပစ္စယုပ္ပန်တွေ့ဟာ နာမ်ဖြစ်ရပါတယ်၊ အဲဒါကို ပစ္စယနိဒ္ဒေသမှာ အင်မတန် ကျဉ်းကျဉ်းနှင့်သိဘို့ရာ "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော'' လို့ ဟောပါတယ်၊ ဒီနေရာမှာ သဟဇာတဝိပ္ပယုတ် ဝတ္ထုပုရေဇာတဝိပ္ပယုတ် ၂-မျိုး ပေါင်းပြီး အရူပဝိပါက်လေးခုကြည့်တဲ့ ပဉ္စဝေါကာရ ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာလေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ရယ်လို့ သုဒ္ဓသခ်၊ာဖြစ်နေ ပါတယ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တတော့ မဟောပါဘူး။

ဘတ္ထိ မှာ သဟဇာတတ္ထိ ဝတ္ထုပုရေဇာတတ္ထိ (ပစ္ဆာဇာတတ္ထိ မဟောဘူး) ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ လို့ ရှိပါတယ်၊ ဒါတွေကို ပေါင်းလိုက်ရင် သဟဇာတပုရေဇာတမိဿက၊ ပစ္ဆာဇာတာဟာရမိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက လို့ အတ္ထိဟာ ၉-မျိုးတောင် ရှိပါတယ်၊ ဒီတရားတွေကို ပစ္ဆာဇာတမှ လွဲ၍ ကြွင်းကျန်တဲ့ပစ္ဆာဇာတနဲ့မဆိုင်တဲ့တရားတွေကို အကုန်လုံးဟောပါတယ်၊ ဒါတွေကို အကုန်လုံးစုပေါင်းလိုက်ရင် နာမ်ကုန်ရုပ်ကုန်ရပါတယ်၊ ဒါကြောင့် ပစ္စယုပ္ပန်တရားမှာ အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာလေးပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်လို့ ဖြစ်နေပါတယ်။

နတ္ထိ ဝိဂတ ဟာ အနန္တရနဲ့တူပါတယ်၊ **အဝိဂတ** ဟာ အတ္ထိနဲ့ တူပါတယ်၊ အဲဒါက ဤ(၂၃)ပါးသော ပစ္စည်းတို့၏ ပစ္စယုပ္ပန်တရားတွေဟာ ဘာ့ကြောင့် ဒီလိုလာပြီးနေရတယ်ဆိုတာကို ပြောပြခြင်းပါဘဲ၊ဆဝါရအနုလုံကုန်သွားပါပြီ၊ နောက်အပတ်ကျရင် ပစ္စနိုက်ကိုဆက်ပြီး ပို့ချပေးပါ့မယ်၊ ပစ္စနိုက်ကျတော့ ဒီကအနုလုံတရားကို သိထားမယ် စိတ်ပိုင်းသရုပ်ကဲ့မယ်ဆိုရင် ပစ္စနိုက်တရားတွေဟာ အလိုလိုကိုယ့်ဟာကို တွက်ယူလျှင် ရနိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် ဒီဆဝါရမှာ သခ်ၢတတရားဖြစ်တဲ့ စိတ်,စေတသိက် ရုပ်တွေကို ဟောနေပါတယ်၊ ဥပမာတခုပြောမယ်၊ ဟောဒီ ပစ္စယုပ္ပန်ကြည့်စမ်း၊ သဟိတ်စိတ် ဇကသတ္တတိ မောဟမူဒ္ဓေ၌မောဟကြဉ်သော စေတသိက်ဒ္ဒေပညာသ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါးလို့ နာမ်ဘက်က ဒီလိုရပါတယ်၊ဒီတော့ပစ္စနိုက်လို့ဆိုတာဟာ ပစ္စယုပ္ပန်တရားကကျန်တဲ့တရားကို ပစ္စနိုက်တရားရယ်လို့ ခေါ်တယ်၊ ပစ္စယုပ္ပန်တရားရဲ့ (Opposite) တရားပါ၊ သဟိတ်စိတ် ဇကသတ္တတိလို့ ဆိုသဖြင့် စိတ်ထဲက ဘာတွေကျန်နေသလဲ အဟိတ်စိတ်တွေမကျန်ပေဘူးလား? အဟိတ်စိတ်(၁၈)ခုအကုန်ကျန်မယ်၊ မောဟမူဒ္ဓေကမောဟကြဉ်တော့ကာ ပစ္စနိုက်မှာ ဘာလာရမလဲ၊ မောဟမူဒ္ဓေက မောဟလာရမယ်၊ သဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါးလို့ဆိုသဖြင့် အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေနာ'မကွန္ဓာ လေးပါးလို့ လာပြီးဖြစ်လိမ့်မယ်၊ ရုပ်ဆိုင်ရာမှာ သဟိတ်စိတ္တဇရုပ်လို့ဆိုသဖြင့် အဟိတ်စိတ္တဇ ရုပ်ကျန်တယ်၊သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ဆိုသဖြင့် အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ကျန်တယ်၊ ပြီးတော့ ကြွင်းကျန်တဲ့ ဗာဟိရရုပ် စသည်တွေကို အနုလုံက မရသဖြင့် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇ ရုပ်တွေကျန်တယ်၊ ဒီတော့ ပစ္စနိုက် နဲ့ ဟေတုပစ္စည်းအတွက် ကျန်တဲ့တရားတွေကို ကြည့်လိုက်ရင် ဘာတွေရမလဲ? မောဟမူဒ္ဓေ၌ မောဟ အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်လို့ ဟောဒီတရားတွေဟာ ပစ္စနိုက်လာပြီးဖြစ်လိမ့်မယ်၊ အဲဒါဟာက အနုလုံရခဲ့လို့ရှိရင် သရုပ်ကလေးကြည့်ပြီး ပစ္စနိုက်ဟာ ဘယ်လိုလာပြီးတော့ ဖြစ်တယ်လို့ဆိုတာကို မှန်းခြေရအောင်လို့ ပြောပြတာပါဘဲ၊ ဆဝါရအနုလုံကိစ္စ ပြီးကြပါစို့။

သာဓု-သာဓု-သာဓု။

ဆဝါရ ပန္နိုက် သုဒ္ဓသန္တာ ဇယား

ပန္နည်းအမည်	နာဝ	ရုဝ	သန္တာ		
			ဝဏ္ဏ	ဝေဒနာ	ခံ့ညား
နဟေတု	မောဟမူဒ္ဓေ၌မောဟ အဟိတ်ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး	အဟိတ်စိတ္တဇရုပ်(ပ)ပဝတ္တိကမ္မဇရုပ်	၂	၄	၂
နအာ၊နနံ၊နသနံ၊ ၊ဥ၊နသံ၊နောနတ် နောဝိဂ		စိတ္တဇရုပ်–ပဋ္ဌိသန္ဓေကမ္မဇ–ဗာဟိရ–အာဟာရဇ–ဥတုဇ–အသညသတ်ကမ္မဇ-ပဝတ္တိကမ္မဇရုပ်	၅	၅	
နာဓိပတိ	အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုပ၊ မရဏသာအခါ အကုသိုလ် ဒ္ဓါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး	နိဗ္ဗာန်ဓိပတိစိတ္တဇရုပ်၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်(ပ)ပဝတ္တိကမ္မဇရုပ်	၉	၁၂	၃
နအညမညဝ		နာမကွန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါးသောပဋ္ဌိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သောစိတ္တဇဥပါဒါ ပဋ္ဌိသန္ဓေကမ္မဇ ဥပါဒါရုပ် (ပ) ပဝတ္တိကမ္မဇ ဥပါဒါရုပ်	၅	၅	
နပုရေဇာတ	အရူပဝိပါက် လေးခု ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒ္ဓါဏဝဇ္ဇန်း၊မဟာကုသိုလ်၊မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး	စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၃	၃	၃
နပန္ဓာဇာတ	အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး	စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၉	၁၂	၃
နာသေဝန	အကုသိုလ်ဒ္ဓါဒသ၊ ဟသိတုပ္ပါဒ်. မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊အာဝဇ္ဇန်းဒွေ၊ ဝိပါက်စိတ်ဆတ္တိံသ ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး	စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၉	၁၂	၃
နကမ္မ	ကုသိုလ် အကုသိုလ် ကြိယာစေတနာ	ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်	၃	၂	၃
နဝိပါက	ကုသိုလ် အကုသိုလ် ကြိယာနာမကွန္ဓာ	ကုသိုလ် အကုသိုလ်ကြိယာပြုအပ်သောစိတ္တဇရုပ် ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၉	၁၂	၃
နအာဟာရ		ဗာဟိရရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်	၁	၁	
နဣန္ဒြိယ		ဗာဟိရရုပ်၊ အာဟာရဇရုပ် ဥတုဇရုပ်၊ အသညသတ်ရုပ်ဇီဝိတိန္ဒြေ၊ပဝတ္တိရုပ်ဇီဝိတိန္ဒြေ	၁	၁	
နဈာန	ဒွေပဋ္ဌဝိညာဉ်တဆယ် နာမကွန္ဓာလေးပါး	ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၁	၁	၁
နမဂ္ဂ	အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး	အဟိတ်စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၁	၁	၁
နဝိပဿနာ	အရူပဝိပါက်လေးခု ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊ မောဟမူ၊ မနောဒ္ဓါဏဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ်လေးခု နာမကွန္ဓာ	ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်	၃	၃	၃

အသံဖမ်းပဋ္ဌာန်းမှိုချစည်

ဆဝါရသမ္ပာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ။

* ပဋ္ဌာန်းကုသလတိုက် ဆဝါရ ပစ္စနိုက် သမ္ပယုတ္တဝါရ

ဆဝါရအနုလုံသမ္ပယုတ်ပြီးတော့ ပစ္စနိုက်သမ္ပယုတ်ကို ဆိုရလိမ့်မယ်၊ ပဋ္ဌာန်းကျမ်းကြီးမှာ ဆဝါရပစ္စနိုက်, ပဋ္ဌာဝါရပစ္စနိုက်ရယ်လို့ နှစ်မျိုး ရှိပါတယ်၊ နှစ်မျိုးရှိတယ်လို့ဆိုတာက ဘဝါရပစ္စနိုက်မှာဆိုရင် အနုလုံက ကျန်တဲ့တရားတွေဟာ ပစ္စနိုက်ဖြစ်ပါတယ်၊ ပဋ္ဌာဝါရပစ္စနိုက်ကျတော့ ဒီလိုမဟုတ်ပါဘူး၊ မိမိမျိုးတူဖြစ်တဲ့ သဘာဝတရားက ကျန်တဲ့ သဟဇာတအစရှိတဲ့မျိုးတွေဟာလဲ ပစ္စနိုက်အနေနဲ့ နေပါတယ်၊ မျိုးမတူတဲ့ အာဝရမ္မဏ အနန္တရူပနိဿယ စတဲ့တရားတွေလဲ ပစ္စနိုက်အနေနဲ့ နေပါတယ်၊ ယခု ဆဝါရပစ္စနိုက်ကတော့ အနုလုံရဲ့ဆန့်ကျင်ဘက်တရားအနုလုံမှကျန်တဲ့တရားတွေဟာ ပစ္စနိုက်ဖြစ်ပါတယ်၊ ပစ္စနိုက်ဖြစ်တော့ အနုလုံဟေတုပစ္စည်းမှာ မောဟကြောင့်ခဲ့ပါတယ်၊ မောဟကြောင့်ခဲ့တော့ ပစ္စနိုက်မှာ မောဟရှိပါတယ်၊ "အနုလုံမှာ သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမကွန္ဒွာလေးပါးလို့ ဆိုခဲ့ပါတယ်၊ ဒါ့ကြောင့် ပစ္စနိုက်မှာ အဟိတ် ပဝတ္တိပဋိသန္ဓေနာမကွန္ဒွာလေးပါးလာဖြစ်ပါတယ်၊ ရုပ်ပိုင်းကလဲ အနုလုံမှာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်လို့ နှစ်မျိုးသာရှိပါတယ်၊ ဒါ့ကြောင့် ကြွင်းကျန်တဲ့ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗဟိဒ္ဓရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ္တကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်များဟာ ပစ္စနိုက်ဖြစ်တယ်၊ ပေယျာလ ထိုးထားတာတွေက အနုလုံကဆိုပြီးသား ဖြစ်ခြင်းကြောင့် ဒီပေယျာလကို ဖေါ်နိုင်ပါလိမ့်မယ်၊ ဒီတော့ ပထမရှေးဦးစွာ ပစ္စနိုက်ရဲ့ဆိုရိုးကလေးကို ဆိုရပါလိမ့်မယ်။

နဟေတု

နဟေတုပစ္စည်း၏ သုဒ္ဓသမ္ပယုတ္တ မောဟမူဒ္ဓေ၌ မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေနာမကွန္ဒွာလေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ်

* ၁၃၂၈-ခု၊ ဒုတိယဝါဆိုလဆုတ် (၈) ရက် (၉-၈-၆၆) အင်္ဂါနေ့ ပထမ အကြိမ်။

ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ် နာ ဟေတုယာ ဒေ၊ စတ္တာရိ၊ဒေ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

ဒေအရမှာ မောဟပါလာပါတယ်၊ မောဟဟာ အကုသိုလ် ဖြစ်ပါတယ်၊ အကုသိုလ်ဖြစ်တော့ ပစ္စည်းဘက်က မောဟမူဒေကိုယူပြီး ပစ္စယုပ္ပန်က မောဟကိုယူကာ "ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋ္ဌိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"လို့ ဟောတော့ အကုသလေန အကုသလံ ရပါတယ်၊ အဟိတ် နာမ်ရုပ်တွေကျတော့ အဗျာကတတရားတွေ ဖြစ်ပါတယ်၊ နာမ်ဖြစ်ဖြစ် ရုပ်ဖြစ်ဖြစ် ဒီအဟိတ် နာမ်ရုပ် အဗျာကတဟာ အဗျာကတမှတပါး အခြားထူးထွေတဲ့သင်္ချာ မရှိပါဘူး၊ ဒါ့ကြောင့် သူတို့ဟာ အဗျာကတေန အဗျာကတံ လို့ လာဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒေအရသည် အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ လို့ ဖြစ်ပါတယ်၊ စတ္တာရိ ကျတော့ ပစ္စယဝါရအတွက် အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟာ ပဋ္ဌိစ္စအကိုင်းဖြစ်ပါတယ်၊ သို့သော်လဲ ပစ္စယဝါရမှာ နိဿယပစ္စည်းကိုပါဟောသဖြင့် ဟဒယဝတ္ထုကို အခြေကြောင်းပြုပြီး မောဟပစ္စယုပ္ပန် လာဖြစ်ပါတယ်၊ ဒီအခါမှာ "ဝတ္ထုံ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော" လို့ ဟောသဖြင့် အဗျာကတေန အကုသလံ လို့ တချက်တိုးပါတယ်၊ ထိုနည်းတူစွာ မောဟမူဒေရယ် ဟဒယဝတ္ထုရယ် ပစ္စည်းနေတဲ့ အခါ မောဟကပင်လျှင် ပစ္စယုပ္ပန်ဖြစ်ပြန်ပါတယ်၊ ဒီအခါမှာ "ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော" လို့ ဟောသဖြင့် အကုသလာဗျာကတေန အကုသလံ လို့ စတ္တာရိ လာဖြစ်ပါတယ်၊ နောက်ဆုံး သံသဋ္ဌဝါရ ဒေ ကတော့ ပဋ္ဌိစ္စဝါရ ဒေနဲ့ တူပါတယ်၊ သို့သော်လဲ သံသဋ္ဌဝါရမှာ သမ္ပယုတ္တ ပစ္စည်းကို ဟောသဖြင့် ရုပ်တွေနဲ့ မဆိုင်ပါဘူး၊ ဒီတော့ ဒေ စတ္တာရိ ဒေ အရကဘာတွေလဲဆိုရင်—

သင်္ချာ ဒေ ဟူသော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ စတ္တာဝေါဟူသော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အကုသလံ၊ ဒေဟူ

သော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း လို့ ဒီသခ်ၢတွေ့ ဆိုရပါလိမ့်မယ်။

နဟေတု ပြီးသွားပါပြီ၊ နာရမ္မဏစသည်တွေ့မှာလဲ ဆိုရိုးက ဒီအတိုင်းဆိုရပါလိမ်မယ်။

နာရမ္မဏ စသည်

နာရမ္မဏ- နာနန္တရ-နဲ့ သမနန္တရ-နဲ့ ဥပနိဿယ- နဲ့ သမ္မယုတ္တ- နေဝနတ္ထိ-နဲ့ဝိဂတပစ္စည်း၏ သုဒ္ဓသခ်ၢဝါရဒ္ဒ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာရမ္မဏ နာနန္တရ နဲ့ သမနန္တရ နဲ့ ဥပနိဿယ နဲ့ သမ္မယုတ္တ နေဝနတ္ထိ နေဝိဂတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဒ္ဒ နာရမ္မဏော ပဋ္ဌ ပဋ္ဌ၊ နာနန္တရော ပဋ္ဌ ပဋ္ဌ၊ နဲ့ သမနန္တရော ပဋ္ဌ ပဋ္ဌ၊ နဲ့ ဥပနိဿယော ပဋ္ဌ ပဋ္ဌ၊ နဲ့ သမ္မယုတ္တော ပဋ္ဌ ပဋ္ဌ၊ နေဝနတ္ထိယာ ပဋ္ဌ ပဋ္ဌ၊ နေဝိဂတေ ပဋ္ဌ ပဋ္ဌ ဟု သခ်ၢတပ်၍ ဟောအပ်ကုန်၏။

ဒီတရား လာဖြစ်နေပုံကတော့ အနုလုံအာရမ္မဏ အနန္တရ စသည်တွေ့မှာ နာမ်ကုန် ရခဲ့ပါတယ်၊ နာမ်ကုန်ရခဲ့တော့ ဒီမှာ ရူပ်ကုန်လာကျန်ပါတယ်၊ ရူပ်(၂၈)ပါးဘဲ ကျန်ပါတယ်၊ အဲဒီ ရူပ်(၂၈)ပါးကို ပဋ္ဌာန်းနည်းနဲ့ ဝေဘန်လိုက်တဲ့အခါ ရူပ်(၇)မျိုး လာပြီးဖြစ်ပါတယ်၊ အဲဒီရူပ်(၇)မျိုးကို စုပေါင်းလိုက်ရင်လဲ ရူပ်(၂၈)ပါးဘဲဖြစ်ပါတယ်၊ ပဋ္ဌလို့ဆိုဒါက ပစ္စည်းဘက်က ကုသိုလ်တွေ့ရှိပါတယ်၊ စိတ္တဇရုပ်နဲ့တဲ့တဲ့အခါ ကုသလေန အဗျာကတံ၊ ထိုနည်းတူစွာ အကုသိုလ်စိတ္တဇရုပ်အတွက် အကုသလေန အဗျာကတံ၊ ပဝတ္တိအခါ အဗျာကတနဲ့စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေကမ္မဇရုပ်တွေနဲ့ တဲ့တဲ့အခါ အဗျာကတေန အဗျာကတံ၊ ပြီးတော့ ပစ္စည်းဘက်က ပစ္စည်းကိုကြည့်ရင် ကုသိုလ်နဲ့ မဟာဘုတ်တွေ့ရှိပါတယ်၊ ပစ္စယုပ္ပန်က စိတ္တဇရုပ်ကိုယူတဲ့အခါမှာ ကုသလာဗျာကတေန အဗျာကတံ၊ ထိုနည်းတူစွာ အကုသိုလ်မဟာဘုတ်နဲ့ စိတ္တဇရုပ်ကိုယူတဲ့အခါမှာ အကုသလာဗျာကတေန အဗျာကတံ လို့ ပဋ္ဌလာရပါတယ်၊ လွယ်လွယ်မှတ်မယ်လို့ဆိုရင် ပစ္စယုပ္ပန်အဗျာကတနေတာဟာ သခ်ၢသတ္တရသထဲမှာ ငါးချက်သာရှိပါတယ်၊ ကုသလေန အဗျာကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ၊ အဲဒီတော့ ဒီသခ်ၢပဋ္ဌဟာ ပဋ္ဌိစ္စနဲ့ပစ္စယဝါရ

အတူတူပါဘဲ၊ ဘာ့ကြောင့်?ပစ္စယုပ္ပန်တရားမှာ ရုပ်တရားတွေသာလျှင်ဖြစ်ခြင်းကြောင့် ဝတ္ထုရုပ်တွေကိုမှီဘွယ်ရာ အကြောင်းမရှိပါဘူး၊ ဒါကြောင့် ပဋ္ဌိစ္စပစ္စယဝါရတူပါတယ်၊ သံသဋ္ဌဝါရအတွက် ကွက်လပ်ကလေးနေဒါကတော့ သံသဋ္ဌဝါရမှာ သမ္ပယုတ္တပစ္စည်းကိုသာ ဟောသဖြင့် နာမ်ရှိရမယ်၊ ဒီမှာနာမ်မရှိဘူး၊ နာမ်မရှိတဲ့အတွက် သံသဋ္ဌဝါရနဲ့မဆိုင်ပါဘူး၊ ဒါ့ကြောင့် သခ်္ခါပဠုဟူသော်ကား ကုသလေန အဗျာကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံဟူသည်တည်း။

အဲဒီတော့ မှတ်ထားရမှာက စိတ္တဇရုပ်ဘဲရရ သာဓိပတိစိတ္တဇရုပ်ဘဲရရ ဒီတရားဟာ ပစ္စယုပ္ပန်အနေနဲ့ နေမယ်ဆိုရင် အမြဲသခ်္ခါပဠုရတယ်လို့ မှတ်ထားရပါလိမ့်မယ်။

နာဓိပတိ

နာဓိပတိမှာ အနုလုံတုန်းက အဓိပတိတရားကိုယ်ကြည်ခဲ့ပါတယ်၊ အဓိပတိတရားကိုယ်ကြည်ခဲ့တော့ ဒီအဓိပတိတရားကိုယ်ဟာ ပစ္စနိက်မှာလာပြီးရပါတယ်၊ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်လို့ဆိုတာဟာ သာဓိပတိဇော(၅၂)ခုမှာရှိတဲ့ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသဆိုတဲ့ အဓိပတိတရားကိုယ်လေးပါးရပါတယ်၊ ၎င်းကို ဆိုင်ရာမှာ အကျယ်ဆိုရပါလိမ့်မယ်၊ သာဓိပတိဇော(၅၂)ခုမှာ အနုလုံကဆိုခဲ့တဲ့အတိုင်း လောဘမူ ဒေါသမူ မဟာကုသိုလ် မဟာကြိယာ ဇကန်ရသော မဟာဂျုတ်ကုသိုလ် မဟာဂျုတ်ကြိယာ မဂ်လေးခု ဖိုလ်လေးခုဌာ်ရှိသော အဓိပတိတရားကိုယ်လို့ ဒီလိုဆိုရတယ်၊ ပြီးတော့ မရသော အခါလို့ ဆိုတာကတော့ ဟိုအနုလုံအဓိပတိတုန်းက သာဓိပတိဇောထိုက်တဲ့ တရားတွေထဲမှာ ကာမဇောတွေဟာ ကေန်မဟုတ်ဘူး၊အနေကန်တွေ၊အနေကန်ဆိုတာဟာ အဓိပတိကိစ္စတပ်တဲ့အခါမှာ သာဓိပတိဇောထိုက်တယ်၊ အဓိပတိကိစ္စမတပ်တဲ့အခါမှာ အဓိပတိဇောမထိုက်ဘူး၊ အဲဒီလိုမဆိုက်သဖြင့် သူတို့ဟာ အနေကန်ဖြစ်နေခြင်းကြောင့် မရသောအခါ အကုသိုလ်ဒွါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာလို့ ဒီလိုလာပြီးဖြစ်တယ်၊ အဟိတ်ကြိယာထဲမှာ အာဝဇ္ဇန်းဒွေဟာ ဇောနှင့်မဆိုင် ဟသိတုပ္ပါဒ်ကလဲ သာဓိပတိဇောမဟုတ်သဖြင့် နဲ အဓိပတိထဲကမရတဲ့အခါမှာသာ ဆိုင်တယ်၊ ပြီးတော့ ဖိုလ်ဇော

သည် သာဓိပတိကေန်ဇောဖြစ်တဲ့အတွက် ၎င်းဖိုလ်ဇောကိုချန်လျှင် လောကိ ဝိပါက်တွေကျန်ပါတယ်။

အဲဒီ လောကိဝိပါက်ဟာလဲ ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာလေးပါး ရကယ်၊ ဒါဟာ ကျန်တဲ့နာမ်ပစ္စနိုက်တရားတွေ ဖြစ်တယ်၊ ရူပ်ပိုင်းကို ကြည့်ခဲ့လို့ရှိရင် အနုလုံတုန်းက သာဓိပတိစိတ္တဇရုပ်သာ ရတယ်၊ ဒီတော့ ဒီမှာ နိရာဓိပတိ စိတ္တဇရုပ်ရတယ်၊ နိရာဓိပတိစိတ္တဇရုပ်လို့ဆိုတာ အဓိပတိပစ္စည်းကိုမရသောအခါ အကုသိုလ်ဒုါဒသ အဟိတ်ကြိယာစသည်တွေနှင့်အတူတက္ခ ဥပါဒ်တဲ့စိတ္တဇရုပ်ကို နိရာဓိပတိစိတ္တဇရုပ်လို့ခေါ်တယ်၊ ကြွင်းကျန်တဲ့ရုပ်တွေကတော့ အဓိပတိနဲ့မဆိုင်ပါဘူး၊ အနုလုံတုန်းက မရခဲ့ပါဘူး၊ ဒါ့ကြောင့် ကျန်တဲ့တရားတွေ အကုန်ရလိမ့်မယ်၊ ပဋိသန္ဓေကမ္မဇရုပ် ဗဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသည သတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်တွေ ဖြစ်တယ်၊ ဒီတော့ ဒီ နအဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားကိုကြည့်မယ်လို့ဆိုရင် ကုသိုလ် အကုသိုလ် အဗျာကတ တွေလဲဘဲ အပြည့်အစုံပါတယ်၊ စိတ္တဇရုပ်လဲပါတယ်၊ ပါတော့ အနုလုံတုန်းကပြောခဲ့တဲ့ အတိုင်း သခ်္ခါသည် နဝ သတ္တရသ တီဏိ ရတယ်၊ ရတော့ အနုလုံတုန်းက ဆိုခဲ့ပြီဖြစ်၍ သူ့ကို အထူးဆိုစရာ မလိုပါဘူး။

နာဓိပတိပစ္စည်း၏ သုဒ္ဓသခ်္ခါဝါရ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒုါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာ လောကိဝိပါက် ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ လေးပါး၊ နိရာဓိပတိစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်၌ နာဓိပတိယာ နဝ သတ္တရသ တီဏိ ဟု သခ်္ခါတပ်၍ ဟောအပ်ကုန်၏။

နာနန္တရ စသည်တွေက ရှေကပါသွားပါပြီ၊ ဒီပစ္စနိုက်မှာ သဟဇာတ နိဿယ အတ္ထိ အဝိဂတလို့ဆိုတဲ့ သဟဇာတအကြီးလေးပါးဟာ အနုလုံတုန်းက နာမ်ကုန် ရုပ်ကုန်ရခဲ့တော့ ဒီမှာ ဘာမှမကြွင်း၍ မဟောပါဘူး။

နဝ အညမည

နဝ အညမညမှာ အနုလုံတုန်းက စိတ္တဇရုပ်မရခဲ့ပါဘူး၊ စိတ္တဇရုပ်မရတော့ ဒီမှာ စိတ္တဇရုပ်လာပြီးရပါတယ်၊ ဒီစိတ္တဇရုပ်ရမှုဟာကလဲ နာမကွန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်လို့ဆိုတော့ ကုသိုလ် အကုသိုလ် အဗျာကတ နာမကွန္ဓာတွေ

ပါဘဲ၊ သူတို့နဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်တွေပါဘဲ၊ အနုလုံတုန်းက ပဋ္ဌိသန္ဓေ နှာမကွန္ဒွာမှထောက်အပ်သော ဟဒယဝတ္ထုလို့ ဟဒယဝတ္ထုရခဲ့ပါတယ်၊ ဟဒယ ဝတ္ထုရခဲ့တော့ ဒီဟဒယဝတ္ထုကလေးဟာ ပဋ္ဌိသန္ဓေကမ္မဇရုပ်ထဲကပါ၊ဒါ့ကြောင့် အနုလုံတုန်းကရခဲ့တဲ့ ဟဒယဝတ္ထုကလေးချန်၊ ကြွင်းကျန်တဲ့ ပဋ္ဌိသန္ဓေကမ္မဇရုပ် တွေ အကုန်ရပါတယ်၊ ဒါ့ကြောင့် ဟဒယဝတ္ထုမှတပါးသော ပဋ္ဌိသန္ဓေကမ္မဇ ရုပ်လို့ ဆိုရပါတယ်၊ အနုလုံက မဟာဘုတ်တွေ အကုန်ရခဲ့ပါတယ်၊ ဥပါဒါရုပ် တွေ မရခဲ့ပါဘူး၊ ဒီတော့ ဒီမှာ ဥပါဒါရုပ်တွေ အားလုံးကုန်ရပါတယ်၊ အဲဒါ ဟာ အနုလုံကကြွင်းကျန်တဲ့တရားတွေ ဖြစ်ပါတယ်၊ သခ်္ဂြာကလဲ ဒီမှာ နာရမ္မဏ တုန်းကလိုဘဲ စိတ္တဇရုပ်ရရင် သခ်္ဂြာပဋ္ဌာ ကိန်းသေရတယ်လို့မှတ်ခဲ့ပါ ဆိုခဲ့တဲ့ အတိုင်း ဒီမှာလဲ သခ်္ဂြာဟာ စိတ္တဇရုပ်ရှိခြင်းကြောင့် ပဋ္ဌာ ရပါတယ်။

နဲ **အညမညပစ္စည်း၏ သုဒ္ဓသခ်္ဂြာဝါရဋ္ဌ** နာမကွန္ဒွာမှထောက်အပ်သောစိတ္တဇ ရုပ် ဟဒယဝတ္ထုမှတပါးသော ပဋ္ဌိသန္ဓေကမ္မဇရုပ် မဟာဘုတ်မှ ထောက်အပ် သော စိတ္တဇဥပါဒါရုပ် ပဋ္ဌိသန္ဓေကမ္မဇဥပါဒါရုပ် ဗာဟိရဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ဤတရားတို့သည် နဲ့ အညမညပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ် သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဋ္ဌ နဲ့ အညမညေ ပဋ္ဌ ပဋ္ဌ ဟု သခ်္ဂြာတပ်၍ဟောအပ်ကုန်၏၊ ပဋ္ဌဟူသော်ကား ကုသလေန အဗျာ ကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာ ဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံဟူသည်တည်း။

နဲ ပုရေဇာတ

ပုရေဇာတမှာ အရူပဝိပါက်လေးခုကြဉ်သော ပဋ္ဌဝေါကာရပဝတ္တိ နာမကွန္ဒွာလေးပါးလို့ အနုလုံကဆိုခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီမှာ အရူပဝိပါက် လေးခုလာရပါတယ်၊ အဲဒီ အရူပဝိပါက်လေးခုဟာလဲ ပဝတ္တိရော ပဋ္ဌိသန္ဓေ အခါ၊ ကာလရောရပါတယ်၊ ပြီးတော့ အနုလုံက ပဋ္ဌဝေါကာရဘုံမှာသာဖြစ်တဲ့ တရားတွေ ဖြစ်ခြင်းကြောင့် အရူပဘုံမှာဖြစ်တဲ့တရားတွေ ကျန်နေပါတယ်၊ ကျန်နေသဖြင့် ၎င်းအရူပဘုံမှာဖြစ်တဲ့ တရားတွေဟာ ဘယ်သူလဲ? အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒ္ဓါရာဝဇ္ဇန်း မဟာကုသိုလ် မဟာ ကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃-ခု ဖိုလ်လေးခုရပါတယ်၊ ဒါဟာ အရူပဘုံမှာဖြစ်တဲ့ တရားတွေပါဘဲ။

ပဥ္စဝေါကာရပဋ္ဌိသန္ဓေနာမကွန္ဒာလေးပါးလို့ ဆိုတာကတော့ ပဝတ္တိအတွက် အနုလုံကယူသွားလေတော့ ဒီမှာ ပဋ္ဌိသန္ဓေသာ ကျန်နေတယ်၊ အဲဒီ ပဋ္ဌိသန္ဓေက ကျေနပ်သ အကုန်လုံးရတာပါဘဲ၊ ဒါပေတဲ့ အထက်က အရူပပါပါက်လေးခု ပဋ္ဌိသန္ဓေကိုယူသွားခြင်းကြောင့် ဒီမှာ ပဥ္စဝေါကာရပဋ္ဌိသန္ဓေနာမကွန္ဒာလေး ပါးလို့ လာဖြစ်ပါတယ်၊ အနုလုံ ပုရေဇာတတုန်းက ရုပ်လုံးဝ မရပါဘူး၊ ဒါ့ကြောင့် ဒီမှာ ရုပ်တွေအကုန်ကျန်ပါတယ်၊ သခ်ၤာကျတော့ကာ သတ္တ လာရတယ်၊ သတ္တလို့ဆိုတာဟာ ပစ္စည်းပစ္စယုပ္ပန်ကို ကြည့်လိုက်မယ်ဆိုရင် ကုသလေန ကုသလံ၊ ပစ္စည်းကုသိုလ် ပစ္စယုပ္ပန်ကုသိုလ် ရှိပါတယ်၊ တဖန် ပစ္စည်းကုသိုလ် ပစ္စယုပ္ပန်စိတ္တဇရုပ်ရှိသဖြင့် ကုသလေန အဗျာကတံ ဒီလိုလာဖြစ်ပါတယ်၊ ကုသလေန ကုသလာဗျာကတံကျတော့ကာ မရဘူး၊ ဘာ့ကြောင့်မရသလဲ? ပစ္စည်း ပစ္စယုပ္ပန် ကုသလေန ကုသလံလို့ဆိုတဲ့ ကုသိုလ်ဖြစ်ဘို့ရာအတွက်က အရူပဘုံမှာဖြစ်တဲ့ မဟာကုသိုလ် စသည်တွေရှိပါတယ်၊ အဲဒီ အရူပဘုံမှာဖြစ်တဲ့ ကုသိုလ်တွေဟာ စိတ္တဇရုပ်နဲ့လာပြီးမတွဲနိုင်သဖြင့် ကုသလေန ကုသလာဗျာကတံ မရဘူး၊ဒီတော့ ကုသိုလ် ၂-ချက်၊ထိုနည်းတူစ္ဓာဘဲ အကုသိုလ်ကလဲ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံရတယ်၊ အဗျာကတေန အဗျာကတံ ရမှု အတွက်ကတော့ မထူးပါဘူး၊ အဗျာကတ တရားတွေ ပစ္စည်း ပစ္စယုပ္ပန်ဘက်မှာ အများကြီးရှိပါတယ်၊ ပြီးတော့ ကုသလာဗျာကတေန အဗျာကတံဆိုတော့ နဲ ပုရေဇာတကိုကြည့်လိုက်လျှင် ဘာတွေကျန်ရစ်ခဲ့သလဲ?။

အရူပဝိပါက်လေးခု ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဒာ လေးပါး၊အရူပဘုံ၌ဖြစ်သော အခါ လောဘမူ မောဟမူ မနောဒ္ဓါရုဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃-ခု ဖိုလ်လေးခု၊ ပဥ္စဝေါကာရပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဒာလေးပါးလို့ ဆိုတော့ အနုလုံက ပဥ္စဝေါကာရပဝတ္တိကလေး ကျန်ခဲ့ပါတယ်၊ ဒီတော့ ကုသလာဗျာကတေန အဗျာကတံ ဖြစ်မှုသည် အနုလုံကရခဲ့တဲ့ ပဥ္စဝေါကာရဘုံမှာဖြစ်တဲ့ကုသိုလ်နဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ ဟောဒီပစ္စနိုက်က စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ယူတဲ့အခါကာလ၌ ကုသလာဗျာကတေန အဗျာကတံ လာဖြစ်ပါတယ်၊ ထိုနည်းတူစ္ဓာ အကုသလာဗျာကတေန အဗျာကတံ လာပြီးဖြစ်ပါတယ်၊ ဒါကြောင့် သခ်ၤာဟာ သတ္တ လာဖြစ်တယ်၊ သတ္တအရက ဘယ်သူလဲ? ကုသလေန ကုသလံ၊ကုသလေန အဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ.

ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံလို့ သခ်ၨာဟာ ပဋ္ဌိစ္စရော ပစ္စယဝါရရော အတူတူဖြစ်ပါတယ်၊ သံသဋ္ဌကတော့ နာမ်တရားသက်သက်ဖြစ်ခြင်းကြောင့် သူ့ထုံးစံအတိုင်း တီဏိသာ ဖြစ်ပါတယ်။

နဟေတုပစ္စည်း၏ သုဒ္ဓသခ်ၨာဝါရဋ္ဌ အရူပဝိပါက်လေးခု ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ အရူပဘုံဋ္ဌဖြစ်သောအခါ လောဘမူ မော်ဟမူ မနောဒ္ဓါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃-ခု ဖိုလ်လေးခု၊ ပဥ္စဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါး၊စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ် ဗာဟိရရူပ် (၁) ပဝတ္တိကမ္မဇရူပ်၊ ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ နဟေတုတေ သတ္တ သတ္တ တီဏိ ဟု သခ်ၨာတပ်၍ ဟောအပ်ကုန်၏၊ သတ္တ ဟူသော်ကား ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။

နဝိပစ္ဆာဇာတ

နဝိပစ္ဆာဇာတကျတော့ အထူးပြောစရာမရှိပါဘူး၊ အနုလုံတုန်းက ပစ္ဆာဇာတမဟောခဲ့ဘူး၊ မဟောခဲ့တော့ ပစ္ဆာဇာတက ဘာမှမရခဲ့ဘူး၊ ဘာမှမရခဲ့သဖြင့် ဒီပစ္စနိက်ကျတော့ နာမ်ကုန်ရုပ်ကုန် ရပါတယ်၊ အနုလုံက သပါဇာတနဲ့ တူပါတယ်၊ သခ်ၨာကလဲ နဝ သတ္တရသ တီဏိ ဖြစ်ပါတယ်။

နပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသခ်ၨာဝါရဋ္ဌ အလုံးစုံသော ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ် ဗာဟိရရူပ် (၁) ပဝတ္တိကမ္မဇရူပ်၊ဤတရားတို့သည် နပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ နပစ္ဆာဇာတေ နဝ သတ္တ ရသ တီဏိ ဟု သခ်ၨာတပ်၍ ဟောအပ်ကုန်၏။

နာဝေသဝန

အနုလုံမှာကြည့်ရင် အာသေဝနဟာ အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ ဒုတိယဇောကစ၍ သတ္တမဇော တိုင်အောင်ရခဲ့ပါတယ်၊ ပထမဇော ကျန်နေပါတယ်၊ အဲဒီ ကျန်နေတဲ့ပထမဇောဟာ ပစ္စနိက် လာဖြစ်ပါတယ်၊ ပြီးတော့ အဟိတ်ကြိယာထဲကဆိုလျှင်

အာဝဇ္ဇနီးဒွေ ကျန်တယ်၊ ဟသိတ္ထပ္ပါဒ်က ယူသ့ားပါပြီ၊ အပါတ် ဝိပါက်စိတ် ၁၅-ခုလုံးနှင့်တကွ ကြွင်းကျန်တဲ့ဝိပါက်တွေ အကုန်ကျန်ပါတယ်၊ အနုလုံမှာ မဟဂ္ဂုတ်ကုသိုလ်မဟဂ္ဂုတ်ကြိယာသာပါပါတယ်၊ဝိပါက်တွေတော့မှုမပါပါဘူး၊ မက်လေးခုပါတယ်၊ ဖိုလ်လေးခု မပါပါဘူး၊ ဒီတော့ ဖိုလ်ဖြစ်တဲ့ ဝိပါက်ဟာလဲ ဝိပါက်ဆတ္တိုံသ ထဲမှာ ဝင်ပါတယ်၊ ဒါ့ကြောင့် ဝိပါက်ဆတ္တိုံသ အကုန်ရှိပါတယ်၊ အနုလုံ အာဇသေဝနမှာ ရုပ်လုံးဝ မရပါဘူး၊ ဒါ့ကြောင့် ရုပ်ကုန် ဒီမှာ လာပြီးကျန်ပါတယ်၊ ဒါတွေဟာ ကုသိုလ် အကုသိုလ် အဗျာကတနှင့်တကွစိတ္တဇ ရုပ်တွေ ပါခြင်းကြောင့် သခ်ျာဟာ နဝ သတ္တရသ တီဏိလို့ လာဖြစ်ပါတယ်။

နာသေဝနပစ္စည်း၏ သုဒ္ဓသခ်ျာဝါရဋ္ဌ အကုသိုလ်ဒွါဒသ ဟသိတ္ထပ္ပါဒ် မဟာကုသိုလ် မဟာကြိယာပထမဇော အာဝဇ္ဇနီးဒွေ ဝိပါက်ဆတ္တိုံသ ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာသေဝနပစ္စည်း၏ ပစ္စယုပ္ပန္နမှုဖြစ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဋ္ဌ နာသေဝနေ နဝ သတ္တရသ တီဏိဟု သခ်ျာတပ်၍ ဟောအပ်ကုန်၏။

နကမ္မ

ကမ္မတုန်းက အနုလုံမှာ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်ခဲ့ပါတယ်၊ အဲဒီကြဉ်တဲ့စေတနာဟာ ဒီမှာလာရပါတယ်၊ ရုပ်ပိုင်းဆိုင်ရာကလဲ ရုပ်လေးမျိုး ရခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီမှာ ရုပ် ၃-မျိုးကျန်ပါတယ်၊ စိတ္တဇရုပ် မပါပါဘူး၊ စိတ္တဇရုပ်မပါသဖြင့် ဟိုအနုလုံအာရမ္မဏတုန်းကသခ်ျာတွေနဲ့လာပြီးတူပါတယ်၊ ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ သခ်ျာတီဏိအတွက်၊ သတ္တကျတော့ကာ ပစ္စည်းဘက်က ဟဒယဝတ္ထုလေးနဲ့ ကုသိုလ်နဲ့တွဲ၍ အဗျာကတေန ကုသလံ၊ ထို့အတူ အဗျာကတေန အကုသလံ၊ ပြီးတော့ ကုသိုလ်နဲ့ ဟဒယဝတ္ထုကို ပစ္စည်းယူ၍ ကုသိုလ်ကို ပစ္စယုပ္ပန်ထားရင် ကုသလာဗျာကတေန ကုသလံ၊ အကုသိုလ်နဲ့ဟဒယဝတ္ထုကို ပစ္စည်းယူ၍ အကုသိုလ်ကိုပစ္စယုပ္ပန်ထားရင် အကုသလာဗျာကတေန အကုသလံ လို့ နာမ်ဆိုင်ရာ ပစ္စယုပ္ပန်နေတဲ့ တရားတွေသာ ရပါတယ်၊ နောက် သံသဋ္ဌ တီဏိ ကလဲ အတူတူ ပါဘဲ။

နကမ္မပစ္စည်း၏ သုဒ္ဓသခ်ျာဝါရဋ္ဌ ကုသိုလ် အကုသိုလ် ကြိယာစေတနာ၊ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်၊ ဤတရားတို့သည် နကမ္မပစ္စည်း၏

ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ်န ကမ္မေ တိဏိ သတ္တ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ တိဏိ ဟူသော်ကား ကုသလေန ကုသလံ၊အကုသလေန အကုသလံ၊အဗျာကတေန အဗျာကတံ ဟူသည်တည်း၊ သတ္တ ဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာဗျာကတေန ကုသလံ၊ အကုသလာဗျာကတေန အကုသလံ ဟူသည်တည်း၊ တိဏိဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း။

နဝ ဝိပါက

အနုလုံဝိပါကပစ္စည်းတုန်းက ဝိပါက်တရားတွေအကုန်ရပါတယ်၊ ဒီဝိပါက်တွေနဲ့အတူတကွဖြစ်တဲ့ စိတ္တဇရုပ်တွေ ပဋ္ဌိသန္ဓေကမ္မဇရုပ်တွေပါရတယ်၊ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ဆိုတာဟာ ဝိပါက်ပါမှသာလျှင် ပဋ္ဌိသန္ဓေကမ္မဇရုပ် ရပါတယ်၊ ဝိပါက် မရှိခဲ့လို့ရှိရင် ပဋ္ဌိသန္ဓေကမ္မဇရုပ် ဘယ်တော့မှ မရပါဘူး၊ အဲဒီတော့ အနုလုံက ဝိပါက်တွေအကုန်ယူသွားတော့ ဘယ်သူကျန်သလဲ? ကုသိုလ် အကုသိုလ် ကြိယာ ကျန်ရစ်ခဲ့တယ်၊ ဟိုကစိတ္တဇရုပ်ကလဲ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်လို့ ဆိုသဖြင့် ဒီမှာ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်တဲ့ စိတ္တဇရုပ် ကျန်ပါတယ်၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်ကတော့ မဆိုင်တော့ဘူး၊ ကြွင်းကျန်တဲ့ ဗဟိရစတဲ့ရုပ်တွေရပါတယ်၊ အဲဒီမှာ ကုသိုလ် အကုသိုလ် အဗျာကတတရားလဲ ရှိတယ်၊ စိတ္တဇရုပ်လဲရှိခြင်းကြောင့် သင်္ချာသည် နဝ သတ္တရသ တိဏိ ဖြစ်ပါတယ်။

နဝ ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဌ် ကုသိုလ် အကုသိုလ် ကြိယာနာမကွန္ဓာ၊ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ် ဗဟိရရုပ်(ပ)ပဝတ္တိကမ္မဇရုပ်၊ ဤ တရားတို့သည် နဝ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ် နဝ ဝိပါကေ နဝ သတ္တရသ တိဏိ ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

နဝ အာဟာရ

အာဟာရ အနုလုံတုန်းက နာမ်ကုန် ရခဲ့ပါတယ်၊ ရုပ်ကလဲဘဲ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် အာဟာရဇရုပ်လို့ ရုပ် ၃-မျိုး ရပါတယ်၊ နာမ်ကုန်ရသဖြင့် နာမ်လဲမရှိတော့ဘူး၊ ရုပ်ကလဲ ၃-မျိုးရထားသဖြင့် ရုပ်လေးမျိုး လာကျန်မယ်၊ ဒီတော့ ဗဟိရရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် လို့ ဒါဘဲ

ရပါတယ်၊ သင်္ချာကလဲ ရုပ်သာဖြစ်လေတော့ အဗျာကတေန အဗျာကတံဘဲ ရှိတယ်၊ဒီတော့ အောက်ပိုင်းဆိုင်ရာ သင်္ချာ ကော်တေ့ဟူသမျှသည် အဗျာကတေန အဗျာကတံချည်းဘဲ ဖြစ်ပါတယ်။

နအာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ဗာဟိရရုပ် ဥတုဇရုပ် အသည်သတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နအာဟာရပစ္စည်း၏ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဋ္ဌ နအာဟာရေ ကော် ကော် ဟု သင်္ချာတပ်၍ဟောအပ်ကုန်၏၊ ကော် ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

နဣန္ဒြေယ

ဣန္ဒြေယအနုလုံမှာ နာမ်ကုန်ရခဲ့ပါတယ်၊ ဒါ့ကြောင့် နာမ်မကျန်တော့ဘူး၊ ရုပ်ကလဲ အနုလုံတုန်းက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသည်သတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် လို့ ဆိုတော့ ဒီမှာ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်ကျန်ပါတယ်၊ ကြဉ်ထားတဲ့ ရုပ်ဇီဝိတိန္ဒြေဟာ ဒီမှာ အသည်သတ်ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေလို့ လာဖြစ်ပါတယ်၊ သင်္ချာကလဲ ကော် ကော်၊ ရုပ်သက်သက်နဲ့ပတ်သက်တာဖြစ်ရင် သံသဋ္ဌနဲ့ မဆိုင်ပါဘူး။

နဣန္ဒြေယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသည်သတ်ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် နဣန္ဒြေယ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဋ္ဌ နဣန္ဒြေယေ ကော် ကော် ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

နစျာန

အနုလုံ စျာနက ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်ခဲ့ပါတယ်၊ ဒါ့ကြောင့် ဒွေပဉ္စဝိညာဉ်တဆယ် ဒီမှာရပါတယ်၊ ရုပ်ကလဲ အနုလုံက ၂ မျိုးရတယ်၊ ကျန်တဲ့ရုပ် ၅-မျိုးဒီမှာကျန်ပါတယ်၊သူတို့အားလုံးကုန် အဗျာကတေန အဗျာကတံ သင်္ချာ ကော်ဘဲ ဖြစ်ပါတယ်၊ ဒီမှာတော့ ဒွေပဉ္စဝိညာဉ်တဆယ်နာမကွန္ဓာလို့ နာမ်တရားရှိခြင်းကြောင့် သံသဋ္ဌဝါရပါ ကော် လို့ ၃-ခါဆိုရပါတယ်။

နစျာနပစ္စည်း၏ဒုဒ္ဓသင်္ချာဝါရဋ္ဌ ဒွေပဉ္စဝိညာဉ်တဆယ်နာမကွန္ဓာ ဗာဟိရရုပ်(ပ)ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နစျာနပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဋ္ဌ နစျာနေ ကော် ကော် ကော် ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

နာ မဂ္ဂ

မဂ္ဂအနုလုံမှာ သဟိတ်နာမ် သဟိတ်ရုပ်တွေရခဲ့ပါတယ်၊ ဒီမှာ အဟိတ်နာမ် အဟိတ်ရုပ်တွေ အကုန်လုံးကျန်ပါတယ်၊ သင်္ချာကလဲ အဗျာကတေန အဗျာကတံဘဲ ရပါတယ်၊ ဧကံပါဘဲ။

နာ မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရဋ္ဌ အဟိတ်ပဝတ္တိပဋ္ဌာနေနာမကွန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋ္ဌာနေကမ္မဇရုပ် ဗာဟိရရုပ် (၀) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နာ မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်ဌ် နာ မဂ္ဂေ ဧကံ ဧကံ ဧကံ ဟု သင်္ချာတပ်၍ဟောအပ်ကုန်၏။

နာ ဝိပွယုတ္တ

အနုလုံ၀ိပွယုတ္တတုန်းက အရူပ၀ိပါက်လေးခုကြည်ခဲ့တယ်၊ ဒီကြည်ခဲ့တဲ့အရူပ ၀ိပါက်လေးခုဟာ နာ ပုရေဇာတတုန်းကလိုဘဲ ပဝတ္တိပဋ္ဌာနေ ၂-မျိုးလုံးနဲ့ ဆက်စပ်တယ်၊ ဒါပေမဲ့ ဝိဘင်္ဂ၀ါရ နာ ဝိပွယုတ္တပစ္စည်းကိုဟောတဲ့အခါမှာ ဒီပဋ္ဌာနေ မပါဘူး၊ သံသဋ္ဌ၀ါရပါဋ္ဌတော်မှာ အမှာကလေးပါတယ် "နာ ဝိပွယုတ္တေ ပဋ္ဌာနန္တိ" တဲ့၊ အဲဒါ ဘာဖြစ်လို့ မပါရသလဲ? ဒီမှာလဲ ပဋ္ဌာနေရထားတယ်၊ "အရူပေ ပဋ္ဌာနဿိကွဏ္ဏော ဝိပါကာဝုဗျာကတံ ဧကံ ခန္ဓံပဋ္ဌိစ္စ တယောခန္ဓာ၊တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော၊ဒ္ဝေ ခန္ဓေ ပဋ္ဌိစ္စ ဒ္ဝေခန္ဓာ" လို့ ဒီလိုမဟောနိုင်ဘူးလား? အရူပ ပဋ္ဌာနေအခါမှာ နာမကွန္ဓာလေးပါး ရနေခြင်းကြောင့် သဟဇာတ ပစ္စယ သဟေဝအတိုင်း ခန္ဓာတပါးစဲ့ပြီး သုံးပါးဖြစ်နိုင်တယ်၊ သုံးပါးစဲ့ပြီး တပါးဖြစ်နိုင်တယ်၊ နှစ်ပါးစဲ့ပြီး နှစ်ပါးဖြစ်နိုင်တယ်၊ ဒီလိုဟောနိုင်ရက်သားနဲ့ ဘာလို့မဟောသလဲ? အဌကထာက ဘာမှအကြောင်းမပြဘူး၊ ဒီနေရာမှာ မူလဋ္ဌီကာကနဲ့အကြောင်းပြတယ်၊ အကြောင်းပြတာက ဆ၀ါရအနုလုံမှာဖြစ်ဖြစ် ပစ္စနိက်မှာဖြစ်ဖြစ်ကြည့်လိုက်တဲ့အခါကာလမှာ ပဋ္ဌာနဿိကွဏ္ဏောလို့ ဟောပြီးသည့်နောက် ဘာတွေ့လာရသလဲ? ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာလို့ လာရတယ်၊ဒီလိုလာရမှုမျိုးသည် ၂-မျိုးလုံးရှိတဲ့အခါမှာ ၂ မျိုးလုံးရတယ်၊ ၂-မျိုးလုံးမရဘဲနဲ့ ဥပမာ အာရမ္မဏလို့ဆိုတဲ့ အနုလုံတွေကျတော့ နာမ်သက်သက် ပစ္စယုပ္ပန်ရှိတယ်၊ နာမ်သက်သက်သာရှိသဖြင့် ဘာဟောသလဲ? ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာလို့ဟောတယ်၊ နာရမ္မဏကျတော့ ရုပ်သက်သက်သာရှိမယ်၊ ရုပ်သက်သက်သာ

ရှိတော့ ဘယ်လိုဟောမလဲ? ခဏေ့ ပဋိစ္စ ဝတ္ထုလို့ဟောမယ်၊ ဒီလိုနာမ်ရောဂျပ်ရော၂-မျိုး ရှိတဲ့နေရာဌာနမျိုးတွေမှာ ခဏေ့ ပဋိစ္စ ဝတ္ထု၊ ဝတ္ထု ပဋိစ္စ ခန္ဓာလို့ ၂-မျိုးလုံး ဟောမယ်၊ ဒီတော့ ဒီအရူပ ပဋိသန္ဓေနာမကွန္ဓာလေးပါး အတွက် "အရူပ ပဋိသန္ဓိကွဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခဏေ့ ပဋိစ္စ ဧကော ခဏော၊ ဒွေ ဝေ့ ပဋိစ္စ ဒွေဝ ခန္ဓာ"လို့ ဟောပြီးတဲ့နောက် ခဏေ့ ပဋိစ္စ ဝတ္ထု-လို့ဆိုမလား? နာမကွန္ဓာလေးပါးရှိခြင်းကြောင့် ဝတ္ထုံ ပဋိစ္စ ခန္ဓာလို့ ဒီလိုဆိုမလား? ပဋိသန္ဓေကို ဟောတဲ့နေရာဌာနမျိုး၌ ဝေ့ ပဋိစ္စ ဝတ္ထုဟူ၍ရင်း၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာဟူ၍ရင်း ၂-မျိုးလုံးကိုရင်း အမြဲအနုလုံမှာဖြစ်ဖြစ် ပစ္စနိုက်မှာဖြစ်ဖြစ် ရသင့်တဲ့သဘောအတိုင်း ဟောထားတာရှိပါတယ်၊ ဒီမှာ အရူပဝိပါက်လေးခု ပဋိသန္ဓေဖြစ်ပြီးနေခြင်းကြောင့် အရူပဝိပါက်လေးခုသည် ဝတ္ထုဝိမုတ် ဝတ္ထုကိုမမှီဘူး။

ဝတ္ထုကိုမှီတဲ့ တရားမဟုတ်ခြင်းကြောင့် ဝတ္ထုံပဋိစ္စခန္ဓာလို့လဲ ဒီမှာ မဟောနိုင်ပါဘူး၊ မဟောနိုင်သဖြင့် ပဋိသန္ဓိကွဏေလို့ ဆိုတဲ့အသံကလေးကို ဟောဒီန ဝိပွယုတ္တပစ္စည်းမှာ ပဋိစ္စမှာဖြစ်ဖြစ် ပစ္စယမှာဖြစ်ဖြစ် သံသဋ္ဌမှာဖြစ်ဖြစ် ဘယ်နေရာဌာနမှာမှ မဟောဘူး၊ ဒီပဋိသန္ဓေရတာကလဲ သူ့ရဲ့သုဒ္ဓသင်္ချာကို ကြည့်မယ်ဆိုရင် အရူပဝိပါက်လေးခု ပဋိသန္ဓေ ဒါဘဲရှိတယ်၊ အောက်ကတရားတွေမှာ ပဋိသန္ဓေပါတဲ့စိတ်ကလေးတွေ တခုမှမရှိဘူး၊ နဂိုရေဇာတတုန်းကတော့ ပဉ္စဝေါကာရပဋိသန္ဓေနာမကွန္ဓာလေးပါးလို့ ရှိနေခြင်းကြောင့် ပဋိသန္ဓိကွဏေလေးနဲ့ ဟောနိုင်တယ်၊ ဒီမှာဟောလို့မရဘူး၊ အထက်က ပြောခဲ့တဲ့အတိုင်း တခုခုပါရမယ်၊ မပါခဲ့လို့ရှိရင် ဒီပဋိသန္ဓေကလေးကို ပဋိသန္ဓေအတွက် မဟောရဘူးလို့ မူလဋီကာက အကြောင်းအရိပ်အမြွက်ကလေးပြတယ်၊ ဒါလောက်စုံစုံလင်လင်ကြီးမဟုတ်ဘူး။

ဒါဖြင့်ရင်ကောင်းပြီ ဒီတော့ ဒီအရူပပဋိသန္ဓေနာမကွန္ဓာလေးပါးကို ဘယ်သွားပြီးအသုံးချမလဲ၊ ပဋိသန္ဓေကိုမဟောလို့ ပဋိသန္ဓေအခါကာလကိုလဲ အရကောက်က ကောက်မပြဘူး၊ အဲဒီတော့ ပဋိသန္ဓေနာမကွန္ဓာလေးပါး အတွက် ဘယ်နေရာအသုံးချရမလဲ သူ့ကို လှင့်ပစ်မလားဆိုရင် ဒီလိုလဲလုပ်လို့မရဘူး၊ ပဋိသန္ဓေကတော့ ရနေတယ်၊ ဝိပွယုတ္တအနုလုံတုန်းက အရူပဝိပါက်လေးခုကြဉ်ခဲ့တယ်၊ ကြဉ်ခဲ့တဲ့ အရူပဝိပါက်လေးခုဟာ ပဋိသန္ဓေပါကြဉ်ခဲ့တယ်၊ ဒီတော့ ဒီမှာ ပဋိသန္ဓေရခဲ့တယ်၊ ဒီပဋိသန္ဓေလေးခုအတွက် အရကောက်ဆရာတော်ကြီး

က အဗျာကတေန အဗျာကတံအတွက် ပဝတ္တိအခါကာလထဲမှာထည့်ပြီး အရူပ ဝိပါက်လေးခု ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးဆင်ပြီး ကောက်လိုက်တယ်၊ ပါဠိတော်ကတော့ မဟောဘူး၊ မဟောတဲ့အကြောင်းကတော့ မူလဋ္ဌီကာပြခဲ့တဲ့အတိုင်း ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု ဝတ္ထု ပဋ္ဌိစ္စ ခန္ဓာ တချက်ချက်ရှိရမယ်၊ သို့မဟုတ် ၂-ချက်လုံးရှိရမယ်။

အရူပဝိပါက် လေးခုသည် ဝတ္ထုဝိမုတ်ဖြစ်ခြင်းကြောင့် ဤသဘောတရားမရ၊ ဒါ့ကြောင့် ပဋ္ဌိသန္ဓေအခါကာလကို မဟောဘူး၊ မဟောကြောင်းကိုလဲ ပါဠိတော်မှာ အမှာကလေးပါ ပါတယ်၊ အနုလုံဝိပွယုတ္တမှာ အရူပဝိပါက် လေးခုကြည့်ခဲ့လို့ ဒီမှာအရူပဝိပါက် လေးခုလာရတယ်၊ အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေကတော့ နပုရေဇာတက အတိုင်းဘဲ ရပါတယ်၊ ဒါပေမယ့် ဟိုမှာတော့ ပဉ္စဝေါကာရပဋ္ဌိသန္ဓေတွေ ပါတယ်၊ ဒီမှာတော့ ဝိပွယုတ္တအနုလုံတုန်းက ပဝတ္တိပဋ္ဌိသန္ဓေနာမကွန္ဓာလေးပါးကို ပဉ္စဝေါကာရပဋ္ဌိသန္ဓေတွေပါ အကုန်ယူပြီးသွားခြင်းကြောင့် ပဋ္ဌိသန္ဓေမကျန်တော့ဘူး၊ ရုပ်ကလဲ ၂-မျိုးရတော့ကာ ကြွင်းကျန်တဲ့ရုပ် ၅-မျိုးသာ ကျန်ပါတော့တယ်၊ သူ့ကိုသခ်ျာထုတ်လိုက်ရင် အရူပဘုံမှာဖြစ်တဲ့ နာမ်တရားတွေဖြစ်ခြင်းကြောင့် ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံလို့ ဒါဘဲရမယ်၊ ပဋ္ဌိစ္စ ပစ္စယ အတူတူဘဲ၊ သံသဋ္ဌကျတော့ ရုပ်တွေ မပါဒါဘဲထူးတယ်။

နဝိပွယုတ္တပစ္စည်း၏သုဒ္ဓသခ်ျာဝါရ၌ အရူပဝိပါက်လေးခု ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒ္ဓါရုဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခုနာမကွန္ဓာ ဗဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နဝိပွယုတ္တပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဝိပွယုတ္တေ တိဏိ-တိဏိ-တိဏိဟု သခ်ျာတပ်၍ ဟောအပ်ကုန်၏၊ တိဏိဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊အဗျာကတေန အဗျာကတံ ဟူသည်တည်း။

တပည့်တော်တို့ ဒီပစ္စနိက်တရားတွေဟာ ဘယ်လိုဖြစ်ပြီး နေတယ်လို့ဆိုတာကို အနုလုံကိုကျေနပ်ခဲ့လို့ရှိရင် အနုလုံကကြွင်းကျန်တဲ့ တရားတွေပါဘဲလို့ သိနိုင်ပါတယ်၊ ဒီပစ္စနိက်မှာ အနုလုံတုန်းကလို ဆဝါရအားလုံးကို တခါထဲ

ဟောလို့မရဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အနုလုံမှာတုန်းကတော့ နာမ်တရား တွေအပြည့်အစုံ အားလုံးပါတယ်၊ ပစ္စနိုက်ကျတော့ နာရမ္မဏအစရှိတဲ့ တရား တွေဟာ နာမ်တရားတွေမဟုတ်ဘူး၊ ရုပ်တရားတွေဖြစ်နေတော့ သ၁ာဌဝါရ သမ္မယုတ္တဝါရကို သီးခြားဟောရလိမ့်မယ်၊ ပဋ္ဌိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ နိဿယ၀ါရလို့ ဆိုတဲ့ ဒီလေးဝါရကိုတော့ ဒီအတိုင်းအကုန်လုံး ဟောလို့ရပါတယ်၊ သံသဋ္ဌဝါရကျရင် နာမ်ရနိုင်တဲ့ပစ္စည်းတွေကို ဟောရလိမ့် မယ်၊ ဘာ့ကြောင့်? သမ္မယုတ္တပစ္စည်းကိုသာ ဟောပြီးထားလို့ ဖြစ်ပါတယ်၊ အဲဒီတော့ နာမ်ရတဲ့ပစ္စည်းတွေကို ကြည့်လိုက်မယ်ဆိုရင် နဟေတုရှိတယ်၊ နာဓိပတိ၊ နပုရေဇာတ၊ နပစ္ဆာဇာတ၊ နာသေ၀နာ၊ နကမ္မ၊ နဝိပါက၊ နစျာန၊ နမဂ္ဂ၊ နဝိပ္ပယုတ္တ လို့ အဲဒီဆယ်ပစ္စည်းသည်သာလျှင် သံသဋ္ဌဝါရနဲ့ ဆိုင်တယ်။

တိကစတုက္ကစသည်တွေကိုတဲ့ပြီး သံသဋ္ဌဝါရကိုပါ တပြိုင်နက်ဟောမယ်လို့ ဆိုရင် မရနိုင်ဘူး၊ ဘာ့ကြောင့်? နဟေတုနဲ့ နာရမ္မဏတဲ့ကတဲ့ကိုက အဟိတ် ရုပ်တွေဘဲရတော့မယ်၊ အဲဒီအဟိတ်ရုပ်တွေကိုရတော့ သံသဋ္ဌဝါရနဲ့ လုံးဝ မဆိုင်ဘူး၊ တဖန် နာဓိပတိနဲ့လာတဲ့ပြန်တော့လဲ ဒီအဟိတ်ရုပ်တွေဘဲရလိမ့်မယ်၊ အဲဒီတော့ နဟေတု နာဓိပတိတဲ့ရမယ်၊ နပုရေဇာတ နပစ္ဆာဇာတ နာသေ၀နာ နကမ္မ နဝိပါက နစျာန နမဂ္ဂ နဝိပ္ပယုတ္တလို့ ဒီပစ္စည်းတွေကို သံသဋ္ဌနဲ့ သမ္မယုတ္တဝါရမှာဟောရမယ်၊ အဲဒါကြောင့် ယနေ့ဆိုတဲ့ပစ္စနိုက်ကို ကြေကြေ ညက်ညက်ကျက်ကြပါ၊ နောက်အပတ်ကျရင် စတုဝါရ ပဋ္ဌိစ္စ သဟဇာတ ပစ္စယ နိဿယ ဒီလေးဝါရအတွက် သီးသန့်ချပေးမယ်၊ ပစ္စနိယာနုလောမမှာလဲ ဒီသဘောအတိုင်းသွားရမယ်၊ အနုလောမပစ္စနိုက်ကျတော့ မူကနာမ်ရုပ်တွေ ရခြင်းကြောင့် မူလီတွေမှာ ပစ္စည်းအကုန်လုံးသွတ်လို့ရမယ်။

သာဓု-သာဓု-သာဓု။

* ပဋ္ဌာန်းကုသလတိုက် ဆဝါရပစ္စနိုက် သန္ဓာဝါရ
နဟေတုမူ နာဝရမ္မဏစသည်ဒုက

ပစ္စနိုက်ဆိုပေတယ်လို့ မထူးပါဘူး၊ အနုလုံလိုပါဘဲ၊ ဒီပစ္စနိုက်မှာလဲ အနုလုံလို ၂-ဘက်ရရှာရပါတယ်၊ နဟေတုနဲ့နာဝရမ္မဏစသည်တွေကို ၂-ဘက်ရရှာလိုက်ရင် နာဝရမ္မဏစသည်မှာ ရုပ်ကုန်ရပါတယ်၊ ရုပ်ကုန်ရတော့ နဟေတု ရုပ်ကို ဆိုလိုက်ရရုံပါဘဲ၊ တပည့်တော်တို့အနုလုံတုန်းက အဋ္ဌကထာဆရာကြီးက သန္ဓာချင်းတိုက်တယ်၊ သန္ဓာချင်း တိုက်တယ်ဆိုတာဟာ နဝ သတ္တရသ တီဏိနဲ့ တီဏိ သတ္တ တီဏိရှိခဲ့လို့ရှိရင် တီဏိ သတ္တ တီဏိက နည်းသဖြင့် တီဏိ သတ္တ တီဏိဘဲရတယ်လို့ ဆိုပါတယ်၊ ပစ္စနိုက်ကျတဲ့အခါတော့ သန္ဓာချင်းတိုက်တော့တိုက်တယ်၊ ဒါပေတဲ့ နဟေတုနဲ့နာဝရမ္မဏကြည့်လိုက်မယ်လို့ ဆိုရင် နဟေတုက ဒွေ စတ္တာရီ ရတယ်၊ နာဝရမ္မဏက ပဋ္ဌ ပဋ္ဌ ရနေတော့ကာ နဟေတုက ဒွေ စတ္တာရီ ရရမလိုလိုဖြစ်နေတယ်၊ သန္ဓာချင်းတိုက်ခဲ့လို့ရှိရင် ဒီလိုရမလားလို့ဆိုတော့ ဒီလိုမရပါဘူး၊ ဘာ့ကြောင့်? တရားကိုယ်က အဟိတ်စိတ္တဇရုပ်စသည်သာရတယ်၊ အဲဒီအဟိတ်စိတ္တဇရုပ်တွေဟာ အဗျာကတေန အဗျာကတံလို့ သန္ဓာ ကေံ ကေံလို့ဖြစ်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်တို့သန္ဓာခဏ်းတွေမှာဆိုရင် ဆဝါရသန္ဓာခဏ်းမှာဖြစ်ဖြစ် ပဋ္ဌာဝါရသန္ဓာခဏ်းမှာဖြစ်ဖြစ် သဘာဝရှာတဲ့နေရာတွေမှာလဲ ကိုနည်းတူစွာ ထွက်လာတဲ့ တရားကိုကြည့်၍ ဤတရားအားလျော်စွာ သန္ဓာထုတ်မှုက ကိန်းသေပါတယ်၊ ဒါ့ကြောင့် ဒီမှာ အဟိတ်စိတ္တဇရုပ် စသည်ဇော့ရတော့ အဟိတ်စိတ္တဇရုပ်တွေက ကေံ ကေံလို့ အဗျာကတေန အဗျာကတံသာ ရပါတယ်၊ ဒါ့ကြောင့် ကေံ ကေံလို့ ဆိုရလိမ့်မယ်။

နဟေတုမူ နာဝရမ္မဏ နာနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတဒုကဋ္ဌ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် နဟေတု၊ နာဝရမ္မဏ၊ နာနန္တရ၊ နသမနန္တရ၊ နဥပနိဿယ၊ နသမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတ ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိုက်ဋ္ဌ နဟေတုပစ္စယာ နာဝရမ္မဏော ကေံ ကေံ၊ နာနန္တရေ ကေံ

* ၁၃၂၈-ခု၊ ဒုတိယ ဝါဆိုလဆုတ် ၁၀-ရက် (၁၁-၈-၆၆) ကြာသပတေးနေ့၊ ဒုတိယ အကြိမ်။

ကေံ၊ နဲ့ သမနန္ဓရေ ကေံ ကေံ၊ နဲ့ ဥပနိဿယေ ကေံ ကေံ၊ နဲ့ သမ္ပယုတ္တေ ကေံ ကေံ၊ နောနတ္ထိယာ ကေံ ကေံ၊ နောဝိဂတေ ကေံ ကေံ ဟု သင်္ခၤာတပ်၍ ဟောအပ်ကုန်၏၊ ကေံဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

နာဓိပတိဒုက

နာဓိပတိနဲ့ကျတော့ နဲ့ ဟေတုမှာရှိတဲ့ ပစ္စယုပ္ပန်တရားဟာ နာဓိပဘိထဲမှာ ဝင်ပါတယ်၊ အနုလုံတုန်းက အဓိပတိမှာရှိတဲ့ တရားသည် ဟေတုထဲမှာ ဝင်သလို ဒီပစ္စနိုက်မှာ ပြောင်းပြန် နဲ့ ဟေတုမှာရှိတဲ့တရားသည် နာဓိပတိထဲမှာဝင်ပါတယ်၊ ဘယ်လိုဝင်သလဲ? မောဟမူဒ္ဓေမှာရှိတဲ့မောဟဟာ အကုသိလ်ဒ္ဒါဒသထဲမှာပါပါတယ်၊အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာလေးပါးလို့ဆိုတော့ ဒုဟိတ်ဝိပါက် ၁၅-ခုက လောကိဝိပါက် ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာလေးပါးထဲမှာ ပါပါတယ်၊ အဟိတ်ကြိယာဟာ နာဓိပတိမှာရှိပါတယ်၊ ရုပ်တွေကလဲ အဟိတ်စိတ္တဇရုပ်နဲ့ နိရာဓိပတိစိတ္တဇရုပ်လို့ဆိုတာ နိရာဓိပတိ စိတ္တဇရုပ်ကမျ၊းပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် ဟိုက အဟိတ်စိတ္တဇရုပ်လို့ ဆိုတာဟာ ဒ္ဒေပဉ္စဝိညာဉ်တဆယ်ကြဉ်တဲ့ အဟိတ်စိတ် (၇)ခု နှင့် အတူတကွဖြစ်တဲ့ရုပ်တွေကို အဟိတ်စိတ္တဇရုပ်လို့ခေါ်ပါတယ်၊ ဒီမှာတော့ အကုသိုလ်တွေရော မဟာကုသိုလ် မဟာကြိယာတွေရော လောကိဝိပါက်တွေရော ပါပြီးနေခြင်းကြောင့် သူကမျ၊းပါတယ်၊ အဲဒါကြောင့် နဲ့ ဟေတု နာဓိပတိလို့ဆိုလျှင် နဲ့ ဟေတု အတိုင်း ဆိုလိုက်ရရုံပါဘဲ။

နဲ့ ဟေတုမူ နာဓိပတိဒုကဌ် မောဟမူဒ္ဒေဌ် မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမကွန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗဟိရရုပ် (၄) ပဝတ္တိကမ္မဇရုပ်၊ နာဓိပတိယာ ဒ္ဒေ စတ္တာရိ။

နဲ့ အညမညဒုက

နဲ့ အညမညမှာ ရုပ်တွေပါရှိပါတယ်၊ အဲဒီတော့ နဲ့ ဟေတုဒ္ဒေရမ္ဟသည် မောဟပါလို့ဖြစ်ပါတယ်၊ မောဟသည် အကုသလေန အကုသလံ၊ ကျန်တဲ့ တရားတွေဟာ အဗျာကတေန အဗျာကတံ၊ အဲဒါကို တထစ်ချမှတ်ခဲ့ပါ၊ မောဟမရဘဲနဲ့ကြင်းကျန်တဲ့ အဟိတ်နာမ် အဟိတ်ရုပ်တွေရခဲ့လို့ ရှိရင် ကိန်းသေကေံချည်းရပါလိမ့်မယ်၊ ဒီတော့ နဲ့ အညမညမှာရှိတာက နာမကွန္ဓာမှထောက်အပ်သော စိတ္တဇရုပ်၊ နဲ့ ဟေတုက အဟိတ်ဖြစ်ခြင်းကြောင့် အဟိတ်နာမကွန္ဓာ

မှထောက်အပ်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါးသော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဒီလိုဆိုရမယ်၊ မဟာဘုတ်မှထောက်အပ်သော အဟိတ်စိတ္တဇ ဥပါဒါ-စသည်တွေကို ဆိုရပါလိမ့်မယ်၊ သခ်ျာလဲ ကေံဘဲ ရပါတယ်။

နအညမညဒုကဒ္ဒ အဟိတ်နာမကွန္ဓာမှ ထောက်အပ်သော အဟိတ်စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှတပါးသော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှ ထောက်အပ်သော အဟိတ်စိတ္တဇဥပါဒါ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ ဗဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်၊ နအညမညေ ကေံ ကေံ။

နပုရေဇာတဒုက

